www.burmeseclassic.com

# မောင်ထွန်းသူ

အနန္တမေတ္တာ

# THREE LOVES

A. J. CRONIN

ဇာတ်သိမ်းပိုင်း



BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com

# မောင်ထွန်းသူ

အနန္တမေတ္တာ

( ဓာတ်သိမ်းပိုင်း )

www.burmeseclassic.com

www.burmeseclassic.com

ခွန်ရာမှိုင်း စီစဉ်သည်

## ဒို့တာဝန်အရေးသုံးပါး

| | |
|---|---|
| ပြည်ထောင်စုမပြိုကွဲရေး | ဒို့အရေး |
| တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး | ဒို့အရေး |
| အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး | ဒို့အရေး |

စည်းကမ်းလိုက်နာ ဘေးကင်းကွာ။

စည်းကမ်းရှိမှ တိုးတက်မည်။

စည်းမျဉ်းကိုက်ညီ ဘေးကင်းသည်။

နိုင်ငံတော် ဖွဲ့စည်းပုံ အခြေခံ ဥပဒေ ပေါ်ပေါက်ရေးသည်

ပြည်ထောင်စုသား အားလုံး၏

ပဓာနကျသော တာဝန်ဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com

( ၂၂ )

'ကျွန်တော်တို့ အခုလို လာလာပြီး ငွေထုတ်နေရတာ ...တော် စိတ်ပျက်စရာကောင်းတာပဲ အမေရာ'

ပီကာက မှုလာတန်အောင်ကုမ္ပဏီ ရုံးခန်းထဲမှ ငွေထုတ်ပြီး ...ထွက်အလာတွင် စိတ်ပျက်လက်ပျက်ဖြင့် ပြောသည်။

'သူတို့ပေးနေပုံက အလှူခံ တစ်ယောက်ကို သနားလို့ ...ကြဲနေသလိုပဲ'

ပီတာသည် ထောက်ပံ့ကြေးငွေကို သုံးလတစ်ကြိမ် လာ ...ထုတ်ရသည်။ သူ့သား ငွေလာထုတ်တိုင်းလည်း လူစိသည်

www.burmeseclassic.com

www.burmeseclassic.com



လိုက်လာရသည်။ ငွေထုတ်တိုင်း အခက်အခဲများနှင့် မကြာခဏ ကြုံရတတ်၍ ဖြစ်၏။

'သားက မသိသေးလို့ပါ'ဟု လူစီက ဖျောင့်ဖျသည်။ 'တချို့က မရှိးသားကြဘူး မဟုတ်သား၊ လူတိုင်းကိုယုံကြည်စိတ်ချလို့ မရဘူးကွယ့်၊ ဒါ့ကြောင့် အခုလို လုပ်ထားတာ နေမှာပေါ့'

သူတို့သည် ကြည်လင် တောက်ပနေသော နေရောင်အောက်တွင် ဖြည်းဖြည်းမှန်မှန် လျှောက်လာကြသည်။ သူတို့သားအမိအဖို့ အခုလို နှစ်ယောက်တွဲ၍ အပြင်ထွက်ရသည့် အခွင့်အရေးသည် ရခဲလှ၏။

ထို့ကြောင့်လည်း လူစီသည် သူ့သားနှင့် အပြင်ထွက်ရသည့်အခါတိုင်း စိတ်လက်ကြည်လင် နေပါသည်။ စိတ်အပန်းပြေသည်။

သူတို့သည် လူစည်ကားရာ လမ်းတစ်လမ်းအတွင်းသို့ ဝင်လာခဲ့ကြသည်။

ပတ်ဝန်းကျင်ကို ကြည့်ကာ စိတ်ကြည်နူးလျက် ရှိသော လူစီ့မျက်နှာသည် ကြည်လင်ရွှင်လန်းလျက်ရှိ၏။ ဆိုင်များရှေ့ရောက်လျှင် အတွင်းဘက်သို့ စိတ်ဝင်တစား ကြည့်သည်။ တကယ်တော့ သူတစ်ယောက်တည်း မြို့ထဲရောက်လာပါက



ဤကဲ့သို့ အရောင်းအဝယ်စည်ကားရာလမ်းများဆီသို့ ခြေဦးလှည့်လေ့ မရှိ။ တတ်နိုင်သလို ဝေးဝေးက ကွင်းသွားသည်။

အကယ်၍ မဖြစ်သာလွန်း၍ ထိုလမ်းမျိုးကို ဖြတ်လာရပါကလည်း ဆိုင်များဘက်သို့ တစ်ချက်တလေးမျှပင် ငဲ့မကြည့်။ ဆိုင်ထဲ၌ ခင်းကျင်းပြသထားသမျှ ပစ္စည်းများကို သူမကြည့်ချင်။ ဈေးအလွန်ကြီးသော ပစ္စည်းတွေဖြစ်သဖြင့် သူလည်း ဝယ်နိုင်သည်မဟုတ်ဟု သူ တွက်ထားသည် မဟုတ်ပါလော။

မည်သို့ပင်ဖြစ်စေ၊ အခုလို သူ့သားပီတာ သူ့ဘေး၌ ပါလာသည့်အခါတွင်မူ သူ့ရင်၌ စွဲကပ်နေသော အောက်ကျ အားငယ်စိတ်သည် ပျောက်လျက်ရှိ၏။

သူ့ရင်ထဲတွင် အားမာန်သည် အပြည့်ဝင်လျက်ရှိ၏။ ထို့ကြောင့်လည်း သူသည် ပတ်ဝန်းကျင်ရှိ ဆိုင်များနှင့် လူများအား ရဲရဲဝံ့ဝံ့ပင် ရင်ဆိုင်၍ လျှောက်လာခဲ့သည်။ ဘယ်ကိုပဲ ကြည့်ကြည့် သာယာကြည်နူးစိတ်ကလည်း ဝင်လျက် ရှိနေလေသည်။

'ဒီနေ့ သိပ်သာယာတာပဲ'ဟု သူ့သားမျက်နှာကို ရွှန်းရွှန်းစားစားကြည့်ကာ လိုက်လိုက်လှဲလှဲ ပြောမိသည်။

www.burmeseclassic.com



'လေထဲမှာ နွေနံ့သင်းနေပြီ၊ မင်း အနံ့မရဘူးလား'

'ဟာ....အမေကလဲ၊ ဒီဟာဝိုက်မှာ အနံ့မျိုးစုံနေတာ ဟာ'ဟု ပီတာက ပြန်ပြောသည်။

'လဗင်ဒါရေမွှေးဟာ မေမေအကြိုက်ဆုံး ရေမွှေးပေါ' ဟု လူစီက တမ်းတသည့်လေသံဖြင့် ပြောသည်။

'နောက်တစ်နေ့ကျရင် ငါသွားက မေမေ့ကို လဗင်ဒါ ရေမွှေးပုလင်းကြီး တစ်ပုလင်း ဝယ်ပေးမယ် မဟုတ်လား လား ဟင်'

သူ့စကားအဆုံးတွင် လူစီ့မျက်နှာထားသည် ပြောင်း သွားသည်။ ကြည့်လင်နေရာမှ မှိုင်းမှိုင်းသွားသည်။

ရေးစတိုးဆိုင်ကြီးထဲမှထွက်လာသည့်မိန်းမတစ်ယောက် တခြားလူမဟုတ်၊ သူ့ယောင်းမ အီဗာ။ သူ့မောင်မျစ်ချတ် မိန်းမ။

သူ အီဗာအား မြင်သည်မှာ ယခုတစ်ကြိမ်သာ မဟုတ် မကြာခဏမြင်ခဲ့သည်။ အီဗာသည် အလှန်ဈေးဝယ်သူ ဖြ သဖြင့် မြို့တော်တွင်းရှိ လူစည်ကားရာ နေရာတိုင်းသို့ ရောက် သူဖြစ်၏။

သို့သော်လည်း အီဗာသည် ဘယ်တော့မှ လူစီကို မမြင် ဘာ့ကြောင့်နည်း။ နောက်ဆုံးအကြိမ် သူတို့အိမ်၌ ဖြစ်ခဲ့



သည့် အဆင်မပြေမှုကြောင့်လား။ သို့မဟုတ် စုတ်စုတ် ချာ ချာ နိုင်လွန်းလှသည့် သူ့အဝတ်အစားကြောင့်လား။ တစ်ခု ခုကြောင့် သူ့အား မမြင်ဟန်ဆောင်၍ ရှောင်ရှားခြင်း ဖြစ်ပေလိမ့်မည်။

ထိုအတွေးဝင်လာသဖြင့် လူစီသည် အီဗာနှင့် ထိပ်တိုက် မဆုံမိစေရန် ခြေလှမ်းများကို ခပ်သွက်သွက်လှမ်းသည်။ သို့ သော်လည်း နောက်ကျသွားခဲ့လေပြီ။ အီဗာ့ထံမှ 'ဟင်.... လူစီပါလား'ဟူသော နှုတ်ဆက်သံကို ကြားလိုက်ရသည်။

အခုလို ဒီနေရာမှာလာပြီး ဆုံမိလိမ့်မယ်လို့ မထင်မိဘူး ဟယ်၊ တကယ်ပြောတာပါ'

'ဟုတ်တယ်....လူစီပဲ'ဟု လူစီက မလိုတမာသံဖြင့် ပြန် ပြောသည်။

'ဒီနေရာမှာ လာတွေ့လို့ ထူးဆန်းနေသလား'

လူစီ့တစ်မျက်နှာလုံး သွေးရောင်လျှမ်းလာ နီမြန်းလာ သည်။ ဒေါသစိတ်သည် တရှိန်ရှိန်တက်လျက် ရှိ၏။ အခု အချိန်တွင် သူ ဘယ်သူ့ကိုမှမကြောက်။ ဘယ်သူ့ကိုမှလည်း ဂရုစိုက်လိမ့်မည် မဟုတ်။ အီဗာအား အလှန်ရွံရှာစက်ဆုပ် ကြောင်း ပြောရန်လည်း ဝန်မလေး။

www.burmeseclassic.com

www.burmeseclassic.com



အိဗာထတော့ အပြုံးမပျက်၊ အေးဆေးတည်ငြိမ်စွာပြ
ကြည့်နေသည်။

သူ့နှုတ်ခမ်းများကို တင်းကျပ်စွာ စေ့ထားသော်လည်း
မျက်နှာကတော့ ချိုမြနေဆဲ၊ လူစီကလည်း အိဗာအား စူးစူး
ရဲရဲကြည့်သည်။ မီးခိုးရောင် ခေတ်မီပုံကျ ဂါဝန်၊ ပန်းရော
ဦးထုပ် စသည်များဖြင့် ထည်ဝါသားနားနေသော အိဗာ...

'အိဗာ ဇီအပိုင်းကို ခဏခဏရောက်တယ်၊ မျက်စိတွေ
အရင်ကလို မဟုတ်တော့ဘူး၊ တစ်ခါတလေ ရုတ်တရက်
မသဲကွဲတော့ မမှတ်မိသလို ဖြစ်ရတယ်'

လူစီကတော့ အိဗာ့စကားကို မယုံ။ သဘာဝမကျသော
အကြောင်းပြချက်တစ်ခုဟု မြင်သည်။ အိဗာ၏ အပြုံးသည်
ပီတာဘက် လှည့်သွားသည်။

'ဒါ လူစီ့သားပီတာ မဟုတ်လား၊ အမယ်လေးဟယ်၊
တကယ့်လူကြီးတစ်ယောက် ဖြစ်နေပါပေါ့လား' ဟု အိဗာ
က တအံ့တဩပြောသည်။

လူစီကတော့ 'နင်ငါတို့ကို နှုတ်ဆက်တာ ငါ့သား အ
ကြောင်း သိချင်လို့ မဟုတ်လား' ဟု စိတ်ထဲက ကျိတ်၍ မေး
သည်။



'ကဲ.... သွားမယ်၊ ဂေတ်ရှထားအမီသွားရမှာ' ဟု သံပြတ်
နှင့် ပြောသည်။ အိဗာကတော့ ထွက်မသွားသေး။ ပီတာ
အားကြည့်၍....

'ဝါ့တူ လမ်းမှာတွေ့ရင် မှတ်မိမှာမဟုတ်ဘူး၊ ထွားလာ
လိုက်တာ၊ ဘာပြုလို့အိမ်ဘက်မလာတာလဲ၊ ပျောက်နေလိုက်
ကြတာ ကြာလှပါပကော' ဟု ပြောသည်။

ကြောင်တီးကြောင်အမ်း ဖြစ်နေသော ပီတာက 'ကျွန်
တော်လဲ မပြောတတ်ပါဘူး အန်တီအိဗာရယ်' ဟု လွတ်ခနဲ
ပြောလိုက်မိသည်။ ပြီးမှ ဖော်ရွေသောအပြုံးဖြင့် 'ကျွန်တော်
တို့သားအမိ အပြင်သိပ်မထွက်တာ ကြာပြီ အန်တီအိဗာရဲ့' ဟု
ထပ်ပြောသည်။

'အင်း....မင့်အမေက မင့်ကို သူ့ခါးစည်းအဝတ်ကြိုးနဲ့
တုပ်ထားတာကိုး၊ အပြင်ထွက်လို့ ဘယ်ရမှာလဲ' ဟု အိဗာက
ပြောင်နောက်နောက်လေသံဖြင့် ပြောသည်။

ထို့နောက် လူစီ့ဘက်လှည့်၍ 'လူစီတို့သားအမိ အိမ်ကို
လာလည်ကြဦးလေ' ဟု ပြောသည်။

'ပီတာ့မှာ သူ့အလုပ်နဲ့သူ၊ မအားဘူး' ဟု လူစီက ခပ်မာ
မာ လေသံဖြင့်ပြောသည်။

www.burmeseclassic.com

www.burmeseclassic.com



'ကိုယ့်မှာလဲ ကိုယ့်အလုပ်နဲ့ကိုယ်ပဲ၊ မအားဘူး'

'အို…ခမမေ့ကလဲ ဗျာ'ဟု ပီတာက ဟန့်သည်။

အီဗာကတော့ ရယ်သည်။

'ကိုယ်တို့မှာ အချိန်ဖြုန်းဖို့ အချိန်များများ မရှိဘူး' ဟု လူစီက ထပ်ပြောပြန်သည်။

လူစီ၏အပြောသည် အရှိန်မြင့်လာပြီ ဖြစ်၏။

'အချိန်ရှိသမျှ အလုပ်ကို တပင်တပန်းလုပ်မှ အဆင်ပြေကြတာ'

ပီတာသည် သူ့အန်တီအီဗာအား အားနာသော မျက်နှာထားဖြင့် ကြည့်နေသည်။ အီဗာကတော့ အပြုံးမပျက်။

'သားအမိနှစ်ယောက် စနေနေ့ တစ်ရက်လောက် လာလည်ကြပါလား'

'ကျွန်တော်တို့ လာခဲ့ပါဦးမယ်'ဟု ပီတာက အလိုက်သင့် ပြန်ပြောသည်။

'အန်တီတို့အိမ်မှာ တင်းနစ်မကြာခဏ ကစားကြတယ်'

'တင်းနစ် ဟုတ်လား၊ သိပ် ကောင်းတာပေါ့'



'မင်း ကစားတတ်တယ် ဟုတ်လား'

'အို…ကျွန်တော် ကစားရင် နိုင်မှာပါ၊ ကျွန်တော် သိပ်ကစားချင်နေတဲ့ အားကစားတစ်ခု အန်တီရဲ့'

'ဟာ…ဇီလိုဆိုရင်လာခဲ့၊ ဆက်ဆက်လာခနော်၊ မင့်အမေကိုလဲ ခေါ်ခဲ့၊ အန်တီ ကြိုပြီး စာရေးလိုက်မယ်'

'ပီတာ့မှာ ရက်ကက်မရှိဘူး'ဟု လူစီက ဝင်ပြောသည်။ 'ပြီးတော့ အားကာလဲ မဟုတ်ဘူး…. ဘယ်ကိုမှ သွားနိုင်မှာ မဟုတ်ဘူး'

အီဗာကတော့ ပြုံးရွှင်သာနေသည်။ 'ကဲ…. သွားတော့မယ်၊ အိမ်ကိုတော့ လာခဲ့ကြပါဦး'ဟု ထပ်ပြောကာ နှစ်ဦးစလုံးကို သက်ဆွဲနှုတ်ဆက်ပြီး ထွက်သွားသည်။

လူစီတို့သားအမိသည် ခါတ်ရထားပေါ်သို့ ငြိမ်ဆိတ်စွာ တက်ခဲ့ကြသည်။ လူစီ မျက်နှာထားသည် တင်း မာ လျက်ရှိ၏။

နှုတ်ခမ်းများကို တအားကိုက်ထားသည်။ ဦးခေါင်းကို ခေါ့ထားသည်။ ပီတာကတော့ စိတ်မကောင်း ဖြစ်နေသည့် မျက်နှာထားဖြင့် လူစီအား ကြည့်ကူက်ကြည့်ကူက် လုပ်နေသည်။

www.burmeseclassic.com



'သွား တစ်ခုမေးပါရစေ၊ မမေ အန်တီ အိမ်ကို ဘာပြု လို့ ဓိမောက်ကြီး ရှိုင်းရှိုင်းပျပျ ဆက်ဆံရတာလဲ'

'မေမေ မသိဘူးပိတာ' ဟု လူစိက ယက်ပြင်း တစ်ချက် ချကာ စိတ်ထိခိုက်သံဖြင့် ပြောသည်။ 'မေမေ့ရဲ့ မိုက်မဲမှု တစ်ခု ဖြစ်ချင်လဲဖြစ်မယ်၊ မေမေ သူ့ကို အစတာတည်းက ခင်လို့မရခဲ့ဘူး၊ မေမေ့စိတ်ထဲမှာ သူ့ကို ရိုးသားဖြူစင်တယ် လို့ လုံးဝမထင်ဘူး'

'မဟုတ်သေးပါဘူး မေမေရယ်....၊ သူ့ကြည့်ရတာ ခင် စရာကောင်းပါတယ်၊ ကျွန်တော့်ကို ခေါ်နေတာ အမေ ကြွားသားပဲ၊ သဘောကောင်းပုံပါ'

'မင်း သူခေါ်တိုင်း သွားနိုင်မှာလား၊ နောက်ဆုံး စာ မေးပွဲကြီးက နီးနေပြီ၊ မင့်မှာ အချိန်လဲမရဘူး၊ ဘင်းနှစ်လို ဟာမျိုး လစားဖို့ အဝတ်အစားလဲမရှိဘူး၊ ဘာလဲ....မင်းက အဝတ်ငှားသွားဦးမလို့လား'

လူစိ၏ အဆုံးသတ်စကားသည် သူ့သားအား မြှစ်ရှတင် ရှုတ်ချသည့် လေသံပါလျက် ရှိ၏။

ပြောပြီးကာမှပင် သူ့သားအပေါ် ပြောမိလေခြင်းဟု နောင်တရသည်၊ ပီတာက သူ့ဆီမှာ တစ်ခဏမျှစိုက် ကြည့်နေသည်။



'မေမေ သူ့ကို မနာလိုဝန်တိုများဖြစ်နေသလား၊ မဖြစ် ပစေနဲ့လို့ မျှော်လင့်ပါတယ်၊ သူ ဝတ်စားထားတာကြောင့် မမေ့ထက် သာနေတော့'

'မင်း ငါ့ကို ဒီလိုမပြောနဲ့' ဟု လူစိက ကြွားဖြက်သည်။ 'ငါဟာ မင့် အမေ၊ ရစ်ချတ်နဲ့ သူ့ အသိုင်းအဝိုင်းဟာ ငါတို့အတွက် ဘာမှ ကူဖော်လောင်ဘက် ရတဲ့လူ ဘွဲ့ ဟုတ် ဘူး၊ ဘာဆို ဘာမှ လုပ်ပေးခဲ့တဲ့ လူစုမဟုတ်ဘူး....၊ ငါ့ကို မင်း သိထားရမယ်'

'ဒီလိုပြောလို့ ဘယ်ဖြစ်မလဲ မေမေရယ်....' ဟု ပီတာ တုံ့ပြန်သည်။

'လူတွေအားလုံးက ကျွန်တော်တို့ကို ဝိုင်းပြီး ခေါ် ခွဲ့ ကျေးသင့်တယ်လို့ထင်နေရင် မှားတာပေါ့....၊ အခုလော မေမေဟာ အစဉ်းစား အဆင်ခြင် မရှိတော့သလို ဖြစ် နေ တယ်၊ လူတိုင်းမှာ သူတို့ပြဿနာ သူတို့သောကနဲ့ ကြုံရ တာ၊ ပြီးတော့လဲ မေမေ့အနေနဲ့ မိတ်ဆွေအပေါင်းအသင်း ရချင်ရင် အပြင်ထွက်မှ သွားမှ လာမှ ရတော့မပေါ့၊ အခုလို လမ်းကြို့လမ်းကြားမှာလာပြီး ရှောင်ပုန်းနေလို့ ဘယ်ဖြစ်မလဲ'

လူစိသည် နှုတ်ခမ်းများကိုကိုက်ကာ ရှေ့တည့်တည့် သို့သာ စိုက်ကြည့်နေသည်။ သားအမိစကားများရှိတော့မည့်အရေး

www.burmeseclassic.com

www.burmeseclassic.com



ကို သူမြင်နေသဖြင့် ဘာမှမပြောဘဲ ငြိမ်နှုတ်ပိတ်လုပ်ထားသည်။

လှနှစ်ယောက် အတူတူတွဲနေလျှင် ရန်ပွဲ သည် ပေါ်ပေါက်စမြဲ၊ အရေးကြီးသည်မှာ ထိုရန်ပွဲမျိုး ဖြစ်မလာအောင် ရှောင်တိမ်းဖို့သာ အဓိကကျသည် မဟုတ်ပါလော။

လှစီသည် အိမ်ရောက်သည်အထိ နှုတ်ဆိတ် လာ သည်။ ပီတာကလည်း ဘာမှမပြော။ သူ့သားအတွက် လက်ဖက်ရည်ပွဲ ပြင်ပေးချိန်အထိ လှစီသည် သူ့အတွေးနှင့်သူ နေလျက်ရှိသည်။

ပီတာကလည်း သူ လုပ်စရာရှိသည်များကိုသာ တိတ်တိတ်ဆိတ်ဆိတ်လုပ်ကိုင်နေသည်။

ဤသို့ဖြင့် သူတို့သားအမိကြား၌ ဖြစ်ပွားလာနိုင်ဖွယ်ရာရှိသည့် ပဋိပက္ခသည် အဆုံးသတ်သွားခဲ့လေသည်။

မည်သို့ပင်ဖြစ်စေ၊ ထိုညက လှစီသည် ကိုယ်စိတ်နှစ်ပါး အပန်းဖြေရေးအတွက် ဘာတစ်ခုမှ ဟုတ္တိပတ္တိ မည်မည်ရရ မရှိရှာသည့် ပီတာ၏အဖြစ်ကို ဆင်ခြင်စဉ်းစားမိသည်။

ထိုအခါတွင်မှ သူသည် သူ့သားအတွက် စိတ်မကောင်း ဖြစ်ရ၏။ သူ့သားအား သနားသောစိတ်လည်း ဖြစ်ပေါ်ခဲ့ရသည်။



သူ့သားအား သူဆန္ဒရှိသလို လွတ်လပ်စွာ သွားလာနေထိုင်ခွင့်ကို မပေး၍မဖြစ်ဟူသော အသိတစ်ခု သည်လည်း သူ့ခေါင်းထဲသို့ ဝင်လာခဲ့လေသည်။

ယင်းအခြေအနေကြောင့် ထိုသီတင်းပတ်အတွင်း၌ သူ လုံးဝ မမျှော်လင့်ဘဲနှင့် မစ္စတင်တို့က သူတို့သားအမိ အင်ပါယာဇာတ်ရုံမှ ပြဇာတ်ကိုကြည့်ရန် လက်မှတ် နှစ်စောင် လက်ဆောင်ပေးလိုက်သဖြင့် လှစီသည် များစွာ ဝမ်းသာသွားသည်။

အင်ပါယာဇာတ်ရုံ၌ ပြဇာတ်ကြည့်ဖို့ ဆိုသည်မှာ လွယ်ကူသည်မဟုတ်။ လက်မှတ်တစ်စောင်လျှင် သုံးသျှီလင် မျှကျသဖြင့် လှနှစ်ယောက်အတွက် ခြောက်သျှီလင်မျှ ကုန်ကျမည်ဖြစ်ရာ သူတို့သားအမိ လက်လှမ်း မမီနိုင်သော ကိစ္စဖြစ်ပေ။

အခုတော့ ဟစ်ပြားတစ်ချပ်မှ မကုန်ဘဲနှင့် လက်မှတ်အခမဲ့ ရလာသဖြင့် သားအမိနှစ်ယောက် အင်ပါယာရုံသို့ ရောက်သွားခဲ့ကြ၏။ ရုံထဲရောက်၍ ထိုင်မိခါမှပင် သူ ဇာတ်ရုံ ရုပ်ရှင်ရုံစသည်တို့နှင့် အနေ ဝေးလာခဲ့သည်မှာ နှစ်နှစ်ကြာခဲ့ပြီကို လှစီ သတိရသည်။

ထိုညက ဇာတ်ရုံမှအပြန်တွင် ပီတာသည် လမ်းဘေး တစ်နေရာမှ ညနေထုတ်သတင်းစာတစ်စောင် ဝယ်လာသည်။

www.burmeseclassic.com

www.burmeseclassic.com



ခေတ်ရထားပေါ်ရောက်သည့်အခါ စိတ်ဝင်တစား ဖတ်လာသည်။

လူစီဆတော့ သူ့သားနှင့် သွားအတူ လာအတူ နေရခြင်းအပေါ် သာယာကြည်နူးလျက်ရှိ၏။

အမြဲဟစေ သူ့သားနှင့်မခွဲမခွာနေရလျှင် မည်မျှကောင်းပါမည်နည်းဟူသော အတွေးဖြင့် စိတ်ကူးယဉ်အိပ်မက် မက်လာသည်။

ပီတာက သူ့ဦးလေး အက်ဒ်ဝပ်အား ဂိုဏ်းအုပ်နယ်မြေအတွင်း၌ သိက္ခာတော်ရ ဆရာတော်အဖြစ် အဆင့်တိုးမြှင့်ခန့်ထားလိုက်ပြီဟူသော သတင်းကို သူ့အမေအား ဖတ်ပြသည်။

'ကောင်းတာပေါ့ သားရယ်'ဟု လူစီက ပြန်ပြောသည်။

'သား သူ့ဆီ စာရေးဦးမှပဲ'

'ရေးပေါ့....ကွယ်'

ပီတာက လူစီအား ဖျတ်ခနဲ လှည့်ကြည့်ပြီး သူ့အမေ၏ မျက်နှာကို စူးစမ်းသည်။ ခေတ်ရထားပေါ်မှ ဆင်းလာခဲ့ပြီး ဖလားဝါးလမ်းအတိုင်း လျှောက်လာသည့်အခါတွင်မူ လူမထိန်းနိုင်။



'မေမေ ဘာပြုလို့ အမြဲတမ်း အခုလိုမနေတာလဲ'

'ငါ့သားက ဘာကိုဆိုလိုတာလဲ'

'ဩော်....မေမေကလဲ၊ သား ဘာမေးဘယ်ဆိုတာ မေမေသိပါတယ်၊ မေမေ ဘာပြုလို့ အခုလို လူ့သဘာဝအတိုင်း အမြဲမနေတာလဲ၊ အမြဲတမ်း ကိုယ့်စိတ် ကိုယ်ချုပ်တီးပြီး ထေးဘင်မေမေကြီးနေတာ မကောင်းပါဘူး'

လူစီက အဖြေမပေး။

အိမ်ခန်းထဲသို့ ဝင်မိကြသည့်အခါ အိမ်ရှေ့ခန်း၊ ကြမ်းပြင်ပေါ်၌ စာတစ်စောင် လဲလျောင်းလျက်ရှိသည်ကို တွေ့ရ၏။

'ဦးလေး အက်ဒ်ဝပ်ဆီက ထင်တယ်'ဟု ပီတာက ပြောကာ စာအိတ်ကိုကောက်ယူလိုက်သည်။

သို့သော်လည်း သူထင်သလို အက်ဒ်ဝပ်ထံမှ စာမဟုတ်။ ဘာ့ထံမှ စာဖြစ်၏။ သာမည့်အပတ် စနေနေ့တွင် ဘင်နစ် ညစာစားရန် ဖိတ်ခေါ်ခြင်းဖြစ်သည်။ 'မင့်အမေ လိုက်ချင်တယ်ဆိုရင်လဲ ခေါ်ခဲ့ပါ'ဟု စာက ဆိုသည်။

ပီတာက သူ့အမေအား ‌ဝေ့ကြည့်သည်။ 'သား....ဘာဆိုလိုတယ်ဆိုတာ မေမေသိရောပေါ့၊ အမှီ ဓိကိစ္စ မေါ်

www.burmeseclassic.com

www.burmeseclassic.com



လာပြီ၊ 'မေမေ ဘာပြောမလဲ'ဟု မေးနေသည့်နှယ် ရှိသည်။

လှစီက ဘာမှမပြော၊ စိတ်ထဲကတော့ 'ငါ သူ့ကို မသွားစေချင်ဘူးဆိုတာ သူသိနေတာပဲ၊ သူသွားမယ်မထင်ပါဘူး' ဟု တွေးသည်။

လက်ထဲမှ အိဗဲ၏စာကို မီးဖိုထဲပစ်ထည့်လိုက်သော သူ့သား ပီတာအား ငြိမ်ဆိတ်စွာ ရပ်ကြည့်နေသည်။

* * *

( ၂၃ )

သို့သော်လည်း ပီတာသည် စနေနေ့တွင် တင်းနစ်ပါတီသို့ သွားသည်။ စနေနေ့မရောက်မီ ကြားရက်များတွင် ထိုနေ့ကို လှစီကလည်း မပြော၊ ပီတာကလည်း မစ၊ မပြောအပ်သည့်အရာတစ်ခုအဖြစ် သဘောထားခဲ့ကြ၏။

လှစီကတော့ သူ့သား သွားလိမ့်မည်မဟုတ်၊ သူမကြိုက်သော အလုပ်ကို သူ့သား လုပ်လိမ့်မည်မဟုတ်ဟုပင် တွေးသည်။ သို့သော်လည်း သူ့သားကတော့ သွားမည်ဟု ဆုံးဖြတ်ထားပြီးပြီ။

စနေနေ့တွင် ပီတာသည် သူ့တွင်ရှိသည့် အဝတ်အစား အစွမ်းကုန် ပြင်သည်။ သူ့တွင် ရက်ကက်မရှိ၍ တင်းနစ်

www.burmeseclassic.com

www.burmeseclassic.com



ကစားနိုင်မည်တော့ မဟုတ်။ ဤအတွက်လည်း သူ့လက် မကောက်ဝတ် နာနေ၍ မလာနိုင်ဟု အကြောင်းပြနိုင်ရန် လက်ကို ပတ်တီးစီး ထားလိုက်သည်။ သူ ဘယ်သွားသည်ကို သူ့အမေမသိရန် စာတိုကလေး တစ်စောင် ရေး၍ ထားခဲ့သည်။

ရာလ်တောန်ဘူတာသို့ ရထား ဆိုက်ချိန်တွင် သုံးနာရီပင် မထိုးသေး။ အချိန်စောနေသည်ကို သတိထားမိသော ပီတာ သည် ဘူတာမှနေ၍ ရှစ်ချက်တိုအိမ်အမရောက် အေးအေး ဆေးဆေးလျှောက်သွားသည်။

အိမ်ရှေ့ဝင်းတံခါးဝမှရပ်၍ ခြံထဲသို့ လှမ်းကြည့်လိုက် သည့်အခါ လူရိပ်လူခြည်ပင် မမြင်ရ။ အလွန်အမင်း အချို့ ပေ၍ ရောက်နေသည့် သူ့အဖြစ်ကိုတွေ့မိကာ ရှက်စိတ် ဝ လာသည်။

တင်းနစ် မရိုက်နိုင်ဘဲနှင့် အခုလိုလာခြင်းသည် သ တော်ပါ့မလားဟုသည် တွေးမိသည်။

သူသည် မဝေခွဲနိုင်သောစိတ်ဖြင့် ရပ်ကွက်တွင်းရှိ လ များပေါ်တွင် တစ်လမ်းဝင် တစ်လမ်းထွက် လျှောက်သွား နေသည်။ သူ့အနေရှင်းမှုလည်း ရပ်ကွက်တွင်းရှိ တည် ငြိမ်ညားလှသော တိုက်အိမ်ကလေးများ၏ အလှတွင် သာယ နစ်မျောလျက်ရှိလေသည်။



နောက်ဆုံးတွင် ပီတာသည် သူ့ကိုယ်သူ ယုံကြည်စိတ် ပြန်ဝင်လာသည်။ လက်မှနာရီကို ကြည့်လိုက်ပြီး အန်တီအိဗာ တို့အိမ်ဘက်သို့ ပြန်လျှောက်လာခဲ့သည်။

အရှုကျတော့လည်း သူ့နောက်ကျနေပြန်၏။ ဝင်းတံခါး ဝမှ မျှော်ကြည့်လိုက်သည့်အခါ တင်းနစ်ကွင်းအနီးရှိ မြက် ခင်းပြင်ပေါ်၌ သူ့ဘက်သို့ ကျောပေး၍ ထိုင်နေကြသော ဧည့်သည်များကို မြင်ရသည်။

ရယ်ကြ မောကြ စကားတွေ ပြောကြ။

ဝင်းတံခါးဝရှေ့တွင် အနီရောင်မော်တော်ကား တစ်စီး ရပ်ထားသည်။ လလိုက်သည့်ကား။ ခမော်ရှိကို သားရေ အကောင်းစားဖြင့် ချုပ်ထားသည့် ထိုင်ခုံများသည် ထိုင်ချင့် စဖွယ်ရှိလှပါဘိခြင်း။ သူသည် ဝင်းတံခါးကိုဖွင့်၍ ခြံဝင်း ထဲသို့ ဝင်လိုက်သော်လည်း အိမ်ဘက်သွားရမလား၊ သို့မဟုတ် ထိုင်နေသူများဘက် သွားရမလား ဝေခွဲ၍မရ။

အိမ်ရှေ့တံခါးဝမှ ဘဲလ်ကိုနှိပ်လိုက်သည့်အခါ အိမ်စေမ တစ်ယောက် ထွက်လာသည်။ သူ့အား ဧည့်ခန်းထဲသို့ ခေါ် သွားပြီး နေရာချပေးသည်။

တစ်နေရာရှိ စားပွဲပေါ်တွင် လက်ဖက်ရည်သောက်ပွဲ တခမ်း တနား ပြင်ထားသည်ကို မြင်ရသည်။

www.burmeseclassic.com

www.burmeseclassic.com



အညြှင့်ဘက်မှ စကားပြောသံများသည် ပြတင်းပေါက်မှ ဝင်လာလျက်ရှိ၏။

ခဏမျှအကြာတွင် အန်တီအိဗာရောက်လာသည်။ သူ့နောက်မှ လိုက်လာသူမှာ ချာလီ၊ သူ့အား ဖက်လဲတကင်း နှုတ်ဆက်ကြသည်။

'ဟင်.. မင်းရှက်ကက်နေကော'ဟု အိဗာက မေးသည်။

'မကစားချင်ဘူး၊ ဒီတော့ မငြင်းပါနဲ့ ပီတာရယ်'

သူ့မျက်နှာသည် နီရဲလျက်ရှိ၏။ စကား ပြန်ပြောတော့လည်း ထစ်တီးထစ်ငေါ့။

'ကျွန်တော်...ကျွန်တော် လက်ကောက်ဝတ်က အဆစ်လွဲသလို'

အန်တီအိဗ၏လက်ကိုကြည့်သည်၊ လက်ညှိုးဖြင့် ထောက်ကြည့်သည်။

'မင်းမကစားလို့မဖြစ်ဘူး ပီတာ' ဟု ပြောသည်။

'အန်တီတို့က မင့်ကို အားကိုးထားတာ၊ မင်းက ချာလီနဲ့တွဲ၊ ကစားပစ္စည်းတွေ သူ့ဆီမှာ အပိုရှိတယ်။ ကစားပါကွာ၊ ရမှာပါ'

'မဟုတ်ဘူး၊ အန်တီ၊ ကျွန်တော့်လက်'

သို့သော်လည်း အန်တီအိဗာက လက်မခံ၊ သူ့စကားကို နားမထောင် အပေါ်ထပ်ရှိ ချာလီ့အိပ်ခန်းဆီသို့ ဆွဲခေါ်သွားသည်။

ချာလီ၏အိပ်ခန်းသည် သန့်ပြန့်ကျယ်ဝန်းလှ၏။ သူ့ခနရာနှင့်သူ စနစ်တကျ လုပ်ထားသည့် စာအုပ်စင်များ၊ နံရံများတွင် ချိတ်ဆွဲထားသည့် လှပသော ပန်းချီကားများ၊ ပြီးတော့ ဗီရိုနှင့် စားပွဲကုလားထိုင်စသည်များ။ ချာလီက သူ့အဝတ်ဗီရိုထဲမှ တင်းနစ်ဘောင်းဘီ၊ အင်္ကျီနှင့်ဖိနပ်များ ထုတ်ပေးနေသည်။

ချာလီသည် ပီတာနှင့် သက်တူရွယ်တူခန့် ဖြစ်သည်။ အရပ်အမောင်းနှင့် ကိုယ်လုံးကိုယ်ထည်ကလည်း မတိမ်းမယိမ်း။ အသားက ညိုမောင်းမောင်း။ သူ့အဖေလို သူ့ကိုယ်သူ အထင်ကြီးသည့် အရိပ်လက္ခဏာ ရှိသော်လည်း ဖော်ရွေသည်။ ပီတာအား စီးကရက်ဘူး လှမ်းပေးသည်။ ပီတာ အဝတ်လဲနေသည်ကို ရပ်ကြည့်ရင်း စကားပြောလျက်ရှိ၏။

'အဝတ်တွေ ခင်ဗျားနဲ့တော်မှာပါ'ဟု ပြောသည်။

'ရက်ကက်လဲ အပိုရှိတယ်'

'ကျေးဇူးပဲ...'



www.burmeseclassic.com

www.burmeseclassic.com



'ကွင်းကသိပ်မကောင်းဘူး၊ နောက်လုံးတွေက ခဏ… ခဏ ချုံပုတ်တွေထဲ ဝင် ားတယ်'

'ကျွန်တော်လဲ မကစားတာကြာပြီ၊ ဒီနေ့မှ ပြန်စရတာ'

'ဟုတ်လား၊ ဒီနေ့ မိန်းမချောလေး နှစ်ယောက်လဲ လာတယ်၊ ကာ်တီနဲ့ ရှိ'

'ဟုတ်လား'

'ကျွန်တော်က ကစ်တီကို စိတ်ဝင်စားနေတာ'

'ဪ….'

ပီတာသည် ချာလီ၏ နောက်ဆုံး စကားအတွက် ဘာပြန်ပြောရမှန်း မသိ၊ သူသည် ဖိနပ်ကြိုးများကိုချည်ကာ အလုပ်များဟန် ဆောင်နေသည်။

ကိုနောက်တော့ ညှိသည်များ ကြားသို့ ရောက် သွားသည်။ သူ့အား မိတ်ဆက်ပေးနေသည့် အသံများ၊ လက်ဆွဲနှုတ်ဆက်ခြင်းများ၊ သူသည် ယောင်တိယောင်နှဖြင့်အလိုက်သင့် ပြောဆိုနေရသည်။

ပထမဆုံး မိတ်ဆက် ပေးသူမှာ အသက် ငယ်ငယ် မိန်းမချောတစ်ဦး၊ နာမည်က မစ္စက်အိုင်ဗီမက်ဘရိုက်။

ယောက်ျားသေသွားပြီဖြစ်သော်လည်း ယောက်ျားထား ခဲ့သည့်ငွေကြေးပစ္စည်းများဖြင့် လူချမ်းသာ စာရင်းတွင်ပါ



နေသဲ၊ မစ္စက်အိုင်ဗီ မက်ဘရိုက်သည် ကန့်တီအိဗာ၏ အရင်းနှီးဆုံးမိတ်ဆွေဟု သိရ၏။

ပြီးတော့ ချာလီ စိတ်ဝင်စားနေသည်ဆိုသော ကာ်တီ ဒတ်ကင်း၊ သွက်လက် ဖျတ်လတ်သော မိန်းမချောလေး တစ်ဦးဖြစ်၏။

သူ့အဖေသည် သားသတ်လုပ်ငန်းဖြင့် တစ်ရှိန်ထိုးစီးပွားတက်နေသူဖြစ်သည်။ နောက် တစ်ဦးကတော့ ဗာရာ….။ အသား၊ အရောင် ဖြူဖတ်ဖြူရော်၊ မျက်မှန်ထူထူ တပ်ထားသည်။ သိပ်ပြီး စိတ်ဝင်စားစရာမရှိ၊ သူ့ဘေးမှလူငယ်သည် ဂျင် ဟုခေါ်သည်၊ မျက်နှာတနီရဲရဲ၊ ပြီးတော့ သူ့အစ်မ ရိုစီ၊

အားလုံးမှာ ကန့်တီ အိဗာ၏ မိတ်ဆွေတွေချည်း ဖြစ်သည်။ ပီတာသည် ရိုစီ၏ဘေးတွင် ထပ်၍ ထိုင်ရသည်၊

သူသည် ကြိုးတစ်ချောင်းပြတ်နေသော လက်တံမှ ရက်ကွက်ကို ငုံ့ကြည့်နေသည်။

တစ်ချက် တစ်ချက်တွင်မူ ရိုစီအား မိုး၍ကြည့်သည်။ သူ့ပတ်ဝန်းကျင်တွင် အတင်း၊ အဖျင်းမျိုးစုံပြောနေသည့် စကားပြောသံများသည် ဆူညံလျက်ရှိလေသည်။

နောက်ဆုံးတွင် ပီတာသည် သူ့ဘေးမှ အဖော်အား ကြည့်၍ပြုံးသည်၊ ရိုစီသည် အရပ်အမြင့်မြင့်၊ မျက်လုံးက

www.burmeseclassic.com



အညိုရောင်၊ အသားအရေက နို့နှစ်ရောင် ကန်းနေသည်။ ဆံပင်ကို အနီမင်းရောင်ဖဲကြိုး ဖြင့် သပ်ရပ်လှပစွာ စည်းထား သည်။

'မင်းဟာ ဘော်တော်ကစားဖူးလား၊ တင်းနစ်ကိုပြော တာပါ'

ရှိစီက ပြုံးသည်။ 'ကစားဖူးတယ်၊ ရှင်ကော...'

'ကိုယ်က ကလေးတုန်းက ပိုပြီးကစားခဲ့တယ်၊ ဒီမှာမတွေ့ လား၊ ဘယ်ရဲ့တက်ကိုကစားရင်း လက်အဆစ်လွဲသွားတာ'

ရှိစီက ပီတာ၏လက်ကို စိတ်ဝင်စားဟန် ဖြစ်ဟန်ဖြင့် တစ် ချက် ငုံ့ကြည့်သည်။

'ရှင်ဟာ မြို့ထဲမှာနေတာပေါ့၊ ရှင့်ကို ဒီဘက်ပိုင်းမှာ အရင် က မတွေ့ဖူးဘူး'

'ဟုတ်တယ်' ဟုပြောကာ ပီတာက သူ့ အခေါ် အားလုံး ကြည့်သည်၊ အနီးတ၀ိုက်သူ တစ်ဘက်လှည့်၍ထိုင်နေခြင်း ဖြစ်၍ မိမိတို့ ဘာတွေပဲပြောပြော ကြားနိုင်စရာမရှိ။

'ကိုယ်ဟိုနေတာက နည်းနည်းဝေးတဲ့ ဟိုဘက်ပိုင်းဘက် ကျ တယ်' ဟု ပီတာက ဆက်ပြောသည်။

'ဒါပေမယ့် ကိုယ် ကက္ကသိုလိကတ်နေတော့ မြို့ထဲမှာပဲ တိုက်ခန်းငှားပြီး နေရတယ်'



'ဪ... ရှင်က ကက္ကသိုလိကကျောင်းကားလေး...' ရှိစီ၏ မျက်လုံးများသည် စိတ်ဝင်စားမှုဖြင့် ဖိတ်ဖိတ်တောက်လာ သည်။

ပီတာက ခေါင်းညိတ်သည်။ 'ဟုတ်တယ် ဆေးကျောင်း သား'

'အို... ရှင်က ဆေးကျောင်းတက်နေတာကိုး၊ တော်လိုက် တာ၊ ရှိစီ့ဖေဖေက ကျုပ်ကို ဆေးကျောင်း တက်စေချင်တာ အမှန်ပဲ၊ ဆရာဝန်အလုပ်ဟာ သိပ်ကောင်းတဲ့ အလုပ်ပါ၊ ဒါပေမယ့် ကျုပ်က စီးပွားရေး ပဲလုပ်ချင်တာ၊ ဆရာဝန် တစ် ယောက်ဖြစ်ဖို့ဟာ မလွယ်ဘူးနော်'

တစ်ခဏမျှငြိမ်နေကြသည်။ ထို့နောက် ပီတာစကား ပြန်စသည်။

'မင်းက ဒီနားမှာပဲ နေသလား'

'ဟုတ်တယ်၊ ဒီနေရာနဲ့ သိပ်မဝေးဘူး၊ 'တာဝါဂေဟာ' လို့ နာမည်ပေးထားတဲ့အိမ်ဟာ ရှိစီတို့အိမ်ပေါ့၊ နာမည်က ကြောက်စရာ မကောင်းဘူးလား၊ ရှိစီရဲ့အဖေ ပေးထားတဲ့ နာမည်ပေါ့'

ရဲတင်းလာပြီဖြစ်သော ပီတာက ရှိစီအား စေ့စေ့ကြည့် သည်။

www.burmeseclassic.com

www.burmeseclassic.com



လူငယ်၏ ဘာဂ စိတ်ဝင်စားခြင်းလည်း ပါသည်။ လေးစားသမှုလည်းပါသည်။ ရှိစီသည် ဆွဲဆောင်မှုအပြည့်ရှိသော မိန်းမပျိုပေတည်း။

မျက်လုံး များဘလည်း လှမှလှ၊ ဖွေးဆွတ်နေသော လည်တိုင်အ ကြော့ကြော့၊ ဆင်ယင် ထုံးဖွဲ့မှုကလည်း ပြေပြစ်ခံ့ညားလည်း။

'မှင်၊ ဗီကို ဘယ်လိုလာသလဲ၊ လမ်းလျှောက်လာသလား၊ ကိုယ်နဲ့ လမ်းမှာမဆုံမိဘူး'

'ကားနဲ့လာတာ၊ ဂျင်က ကားနဲ့သွားခင်တယ်လို့ ပူဆာနေတယ်လေ'

သူ ခင်ခဲ့သည့် စိတ်ကူးယဉ်အိပ်မက်များကိုပင် ကျော်လွန်သွားပြီဟု ပီတာ တွေးသည်။

ကာဝါဂျီဂဟာ မော်တော်ကား၊ သူ နှစ်သက်သော လူထန်းစားနှင့် တွေ့ရပြီ။

ထိုအခိုက်တွင် အန်တီအိဗာ၏ အသံ ဝါစာကို ကြားရသည်။

'ရှိစီနဲ့ ပီတာက တစ်တွဲ၊ အိုင်ဗီနဲ့ ဂျင်က တစ်တွဲ၊ နှစ်တွဲစလုံး ကွင်းထဲကြွကြပါ'



ပီတာက ထိုင်ရာမှထသည်။ 'ကိုယ့်လက်က အဆာလွဲနေတော့ မင်းကူမှ ဖြစ်မှာ' ဟု ရှိစီအား ပြောသည်။

'ပြီးတော့ ကိုယ် မကစားတာလဲ ကြာပြီ'

ရှိစီက ပြုံး၍ ခေါင်းညိတ်သည်။

ကံအားလျော်စွာပင် ဤပွဲသည် အဆင်ပြေပြေ ... ရသည်။ ဂျင်တစ်ယောက်သာလျှင် ရှက်ချက်ပြင်းသည် ... တွဲဘက်အိုင်ဗီသည် သိပ်ပြီး ပြေးနိုင်လွှားနိုင်ခြင်း မရှိ။ ... ကတော့ အေးအေးမှန်မှန်နှင့် တည်ငြိမ်သည်။ ... ပီတာတို့အတွဲက နိုင်သည်။

နောက်တစ်ပွဲတွင် ကစ်တီနှင့် ချားလ်ဟဲတစ်ဘက်၊ အန်တီအိဗာနှင့် ဗာရုကာတစ်ဘက်။ ပီတာသည် ရှိစီနှင့်အတူထိုင်ကာ လိမ္မော်ရည်သောက်ရင်း စကားပြောခွင့် ရပြန်သည်။

ထို့နောက် တစ်ပွဲပြီးတစ်ပွဲ ဆက်ကစားကြသည်။ အားလုံးပြီးသည့်အခါ ညနေခန်းထဲမှ လက်ဖက်ရည်ပွဲတွင်ဆုံကြပြန်၏။

ဤစားပွဲတွင်လည်း သူနှင့်ရှိစီသည် ဘေးချင်းယှဉ်လျက် စကားတပြောပြောနှင့် တိုး၍ တိုး၍ ခင်မင်ခွင့် ရလာသည်။

www.burmeseclassic.com

www.burmeseclassic.com



'တစ်ရက်လောက် မြို့ထဲဘက်လာပြီး ကိုယ်နဲ့ လက်ဖက်သောက်ပါလား' ဟု ပီတာက ပြောသည်။

ပြောပြီးခါမှပင် ကြိုတင် စီစဉ်မှု မရှိဘဲ လွှတ်ခနဲ ပြောလိုက်မိခြင်းအတွက် သူ့ကိုယ်သူ အံ့ဩ၍မဆုံး။

နှစ်ဦးသား အကြည့်ချင်း ဆုံမိကြသည်။

'ကောင်းသားပဲ' ဟု ရှိစီက ပြုံး၍ပြောသည်။

နောက်ထပ် အနိတ်ဒီဗာ၏ လှုံ့ဆော်မှုဖြင့် တင်းနှစ်ကစားဖြစ်ကြပြန်သည်။

တစ်ကြိမ်တွင် ချုံထဲဝင်သွားသော ဘောလုံးကို လိုက်ရှာနေသည့် ရှိစီအား ပီတာက ကူရှာပေးသည်။

ဤတွင် တစ်ယောက်နှင့်တစ်ယောက် ပို၍ နီးနီးကပ်ကပ် ရှိခဲ့ကြသည်။

ခြောက်နာရီထိုးခါနီးတွင် သူ့ဦးလေး ရစ်ချတ် ရောက်လာသည်။

ပီတာအား တွေ့ရသည့်အတွက် များစွာ ကျေနပ်သွားပုံရ၏။ ပီတာ့ဘေးတွင်လာထိုင်ပြီး 'မင့်အမေ လိုက်မလာတာ စိတ်မကောင်း' ဟု ပြောသည်။

'သူကော နေကောင်းရဲ့လား'



'နေကောင်းပါတယ်'

ရစ်ချတ်က ခေါင်းညိတ်သည်။ 'အေးကွာ၊ ဝမ်းသာပါတယ်' ဟုပြောကာ စားပွဲကိုဖြတ်ထားပြီး သူ့ရှူးဖိနပ်ထိပ်ကို ကြည့်နေသည်။

'တစ်ခါတလေ မင်းအမေက တို့အပေါ် ထားတဲ့ခံစားချက်ဟာ နားလည်ရခက်သလိုပဲကွ၊ တို့ဘက်က သူ့ကျေနပ်အောင် ဖြေလို့ကို မရနိုင်ဘူး'

'ဟုတ်ကဲ့ ခင်ဗျ၊ ကျွန်တော် နားလည်ပါတယ်'

'လူစီအမေနဲ့ သူ့ဘဝရှုန်းကန်ရတာ ခက်ခဲလွန်းလို့လဲ ဖြစ်ချင်ဖြစ်မှာပေါ့လေ' ဟု ရစ်ချတ်က သူ့စကားကို ပြေပြေပြောသည်။

'ဒါက နားလည်နိုင်တဲ့ကိစ္စပါ၊ ဒါပေမယ့် တို့ကတော့ သူ့အပေါ် မကောင်းတဲ့စိတ် မထားခဲ့တာ အမှန်ပဲ၊ အဲဒါကို တော့ မင်းသိစေချင်တယ်၊ မင့်ကိုလဲ တို့မိသားစုက အမြဲတမ်း ကြိုဆိုနေပါတယ်၊ မင့်ရဲ့အနိတ်ဒီဗာကလဲ လူဝယ်တွေဆိုင်း သိပ်ချစ်တာ၊ မင်း ဒီကို လာချင်တဲ့အချိန်သာ လာခဲ့'

ပီတာသည် ဦးလေးအား များစွာ ကျေးဇူးတင်မိသည်။

'မင်းရဲ့ အောင်မြင်မှုကိုသိရလို့ ဝမ်းသာပါတယ်' ဟု ရစ်ချတ်က ဆက်ပြောသည်။

www.burmeseclassic.com

www.burmeseclassic.com



'ဟစ်ချိန်တုန်းကတော့ ဒီကိစ္စကို ငါ သဘောမတူခဲ့ဘူး ဆိုတာ ဝန်ခံပါတယ်၊ ဒါပေမယ့် အခုတော့ မင်းရဲ့ကြိုးပမ်းမှုကို တွေ့နေရပြီပဲ၊ ပြောစရာလိုတော့ပါဘူး၊ မင်း ဆက်ပြီးသာကြိုးစား၊ မင်း အောင်မြင်မှုရသွားမှာပါ'

'ကျေးဇူးတင်ပါတယ်'ဟု ပီတာက ပြန်ပြောသည်။ သူ ဘာ့ကြောင့် ကျေးဇူးတင်ရသည်ကိုမူ အတိအကျမသိ။

'ကဲ....ငါသွားစရာရှိနေသေးလို့ သွားဦးမှ'

သူ့ဦးလေးထွက်သွားစတွင် သူသည် များစွာစိတ်ရှုပ်ပြီး ကျန်ခဲ့သည်။ သူ့အမေနှင့် ဦးလေးတို့ကြားတွင် ရှိနေသည့် ပဋိပက္ခသည် သူ့အတွက် အနေရခက်စရာ ဖြစ်လျက်ရှိသည်။ သို့သော်လည်း နောက်တစ်ခဏမျှအကြာတွင် သူသည် ထိုကိစ္စကိုမေ့သွားသည်။

အားလုံး၏ လှုပ်ရှားမှုများကြားတွင် အလိုက်သင့် မျောပါကာ ပျော်ရွှင်ကြည်နူးလျက် ရှိပြန်၏။

အချိန်သည် ကုန်မှန်းမသိ ကုန်သွားလေသည်။ ထိုအခါ တစ်ယောက်ကိုတစ်ယောက် နှုတ်ဆက်ကြသည်။ ပီတာသည် အန်တီအီဗာနှင့် သူ့ဦးလေး ရစ်ချတ်တို့အား တရိုတသေ ပါလေးတစား နှုတ်ဆက်သည်။ ကျေးဇူးတင်စကားကိုလည်း အထပ်ထပ်ပြောသည်။ ဘာ့ကြောင့် ကျေးဇူးတင်နေမိသည်ကိုတော့ သူမသိ။



'ရှင် ရိုစီတို့နဲ့ လိုက်ခဲ့ပါလား၊ ဘူတာအထိ လိုက်ပို့ပေးမယ်လေ'ဟု ရိုစီက ပြောလိုက်သည့်အခါ ပီတာမှာဝမ်းသာ၍ ဆုံး။

ကားထဲရောက်ပြန်တော့လည်း ရိုစီနှင့် ပူးပူးကပ်ကပ် ထိုင်ရသည်။ ကားလှုပ်တိုင်း လူချင်းထိနေရသဖြင့် ပီတာသည် များစွာ ကျေနပ်လျက်ရှိသည်။

ရိုစီ၏မျက်နှာသည် ရှက်စိတ်ဖြင့် နီရဲလေသလားဟု တွေးမိသော်လည်း မျက်နှာကိုတော့မကြည့်။ သူ့ အဖို့ကတော့ ပျော်မဆုံး ရွှင်မဆုံးဖြစ်လျက်ရှိ၏။

ဘူတာရောက်ပြန်တော့လည်း ရထားမထွက်မချင်း ရိုစီတို့ မပြန်။ သူ့ထိုင်ခုံ ပြတင်းပေါက် အနီး ပလက်ဖောင်းပေါ်မှရပ်ကာ စကားလက်ဆုံကျနေကြသည်။ ရထားထွက်သည့်အခါတွင်မူ ရိုစီးအပါအဝင် အားလုံးသည် လက်ပြပြနှင့် ကျန်ရစ်ခဲ့ကြလေသည်။

ပီတာသည် ထိုင်ခုံကိုမှီ၍ထိုင်ကာ ယနေ့ကြုံခဲ့ရသမျှကို ပြန်တွေးသည်။ သူ့အဖို့တော့ အလွန်ထူးခြားသည့် အလွန်အလာကောင်းတစ်ခုနှင့် ကြုံခဲ့ရခြင်းပေတည်း။ ထူးခြားသော အောင်မြင်မှုတစ်ခုကို သူရဦးတော့မည်ဟု သင်၏။ ယနေ့ တွေ့ခဲ့သောလူများအသည် အထက်တန်းစားတွေဖြစ်၏။ ဤအထဲ

www.burmeseclassic.com

www.burmeseclassic.com



တွင် ရှိစီသည့် လူချမ်းသာတစ်ယောက်၏သမီး၊ သူသည် မျက်လုံးများကို မှိတ်လိုက်သည်။ သူ့ နှုတ်ခမ်းများတွ အမြုံးရိပ်သည် ထင်လျက်....။

• • •

( ၂၄ )

လူစီ အလုပ်ခွင်မှ အိမ်ပြန်ရောက်သည့်အခါ နှစ်နာရီထိုးဖို့ အယ့်ငါးမိနစ်မျှလိုကော့သည်၊ အိမ်တွင် ပီတာမရှိ။ 'အန်တီ အ ဗာတို့အိမ်သွားတယ်' ဟူသော စာတိုကလေးသာ တွေ့ သည်။

သူ့ မျက်နှာသည် ချက်ချင်း နီရဲသွားသည်။ ခေါင်းမှ ဦးထုပ်ကိုချွတ်၍ မှန်တင်ခုံပေါ်သို့ ဒေါသတကြီး ပစ်ထိုင် လိုက်သည်။

ကုလားထိုင်တွင် ဆောင့်ကြီးအောင့်ကြီး ထိုင်ချလိုက် ၍ သူ့ သားအကြောင်းနှင့် အိဗာ့အကြောင်း တွေးသည်၊

www.burmeseclassic.com

www.burmeseclassic.com



ကြာလာသည့်အခါ သူ့ဒေါသသည်, အနည်းငယ် ပျောက်စပြုလာသည်။ ထိုအခါကျတော့လည်း 'ငါ ဘာ ကြောင့် အခုလိုဖြစ်နေရတာလဲ၊ ဒါဟာ ကောင်းသလား တု ပြန်လည်ဆင်ခြင်မှုပြုသည်။

သူ့တွင် ထိုတုန်းကလို အဝတ်အစား လုံလုံ လော လောက်မရှိ။ နဂိုကတည်းက သူ့ယောင်းမ အိဗာ့ကို မနှ မြို့။ ရစ်ချတ်၏ တာဝန်ပျက်ကွက်မှုများကို မကျေနပ်။ ပြ တော့ အလုပ်လုပ်ရသည်မှာ အဆမတန် ပင်ပန်းသည်။

ဤကြားထဲ ငွေကြေး မပြည့်စုံမှုကြောင့် အမြဲ တ သောကနှင့် နေရသည်။ ဆင်းရဲသောရပ်ကွက်တွင် နေထိုင် သဖြင့် လူအများနှင့် ဆက်ဆံမှုများကို ဖြတ်တောက်ထား သည်။ ဤအကြောင်းများ စုမိသဖြင့် အခုလို ဖြစ်နေခြ လား။

ဘယ်လိုပဲဖြစ်ဖြစ် မိမိတို့သားအမိကြား အိဗာ ဝင်လ ခြင်းကို သူ မကြိုက်၊ လုံးဝလက်မခံနိုင်။ အိဗာသည် ပါးစ က ချိုသာ ယဉ်ကျေးသော်လည်း စိတ်ထား ဖြူစင်သ မဟုတ်။ သူတို့သားအမိဘဝကို ဇာတ်မြှုပ်ပြီး အေးအေ ဆေးဆေးနေသည်ကို အနှောက်အယှက်မပေးစေချင်။

သူသည် ထိုင်ရာမှထသွားကာ မီးမွှေးသည်။ ရေနွေး တ အိုး တည်ပြီး လက်ဖက်ရည်တစ်ခွက် ဖျော်သောက်သည် စာအုပ်တစ်အုပ်ကိုဖတ်ဖို့ အားထုတ်သည်။



ထိုအခိုက်မှာပင် သူ့သား ပြန်ရောက်လာသည်။ သူသည် ူ့စိတ်ကို တတ်နိုင်သမျှထိန်းကာ သူ့သားအား တစ်ချက် အကဲခတ်သည်။ အသံထိန်း၍ 'မင်း ပျော်ခဲ့ရဲ့လား' ဟု းသည်။

'ပျော်တယ် အမေ၊ သူတို့က အမေ့ကို ဆုတောင်း မတ္တာ ပို့လိုက်ကြတယ်'ဟု ပီတာက ပြောသည်။

လူစီသည် သူ စိတ်ကို အေးဆေး တည်ငြိမ်အောင် ကြိုး းသည်။ သူတို့ကဆုတောင်းမေတ္တာ ပို့ကြတယ်တဲ့။ ဘာ ုပ်ဖို့လဲ၊ သူတို့ပေးလိုက်တဲ့ ဆုတောင်းမေတ္တာတွေက သူ့ကို ဆက္ကသိုလ်ရောက်အောင် လုပ်ပေးနိုင်ခဲ့သလားဟု စိတ်ထဲက ျိတ်၍ ပြောနေမိသည်။

'သားတော့ သူတို့ဘက်က ဆိုးတာ မတွေ့ခဲ့ဘူး အမေ'ဟု ီတာက ပြောသည်။

'အမေကတော့ အဲသလိုမမြင်ဘူး'ဟု လူစီက မလိုတမာ ံဖြင့် ပြန်ပြောသည်။

'ဒီခေတ်ကြီးမှာ အမေရယ်၊ ရေစုန်နဲ့ အလိုက်သင့်မျော ိုက်ရမှာပဲ၊ ရေစုန်ကိုဆန့်ကျင်ပြီး ဆန်တက်နေရင် ကိုယ်ပဲ ုက္ခရောက်မှာ'

'ဗာရာကော ဘယ်လိုနေလဲ'ဟု လူစီက သံပြတ်နှင့် မေး ာ စကားလမ်းကြောင်းကို ပြောင်းသည်။

www.burmeseclassic.com

www.burmeseclassic.com



'ကျွန်တော် သူနဲ့ စကားသိပ်မပြောခဲ့ရဘူး'ဟု ပီတာက ပြောသည်။

'လာတဲ့လူတွေကတော့ အများကြီးပဲ၊ တစ်ဦး ဆိုရင် ကားတစ်ကြိုးနဲ့လာတာ၊ သိပ်ကိုလှတဲ့ ကားပဲ၊ ငွေ အများကြီးပေးရမှာ သေချာတယ်၊ သူတို့ကျတော့ တကယ့်ကို ချမ်းသာတာပဲ၊ ဗီယက်မှာ ငွေရှိရင် ဘာမဆို လုပ်နိုင်တာပဲ'

ပီတာက စကားကိုဆက်မပြောသေးဘဲ အိမ်ခန်းတစ်ခန်းလုံးကိုဝေ့ကြည့်သည်။

'ဟိုအိမ်မျိုးမှာနေပြီး ဒီအိမ်ခန်းကို ပြန်လာရတာ စိတ်ပျက်စရာကောင်းတယ်၊ သူကိုအိမ်က ရေချိုးခန်းကို မမေ မြင်စေချင်တယ်၊ ကျွန်တော်တို့အိမ်မှာ ဧည့်သည် တစ်ယောက်ဖိတ်ဖို့ဆိုတာ လုံးဝမဖြစ်နိုင်ပါလား'

'ငါတို့ အရလို ကြာကြာနေရမယ် မထင်ပါဘူး'

'ဒီလိုပဲ ပြောရမှာပေါ့လေ၊ မကြာဘူးဆိုရင် ဘုရားသခင်ကို ကျေးဇူးတင်ရတော့မှာပဲ'

သူ့သားငါ်လေသံနှင့် အမူအရာသည် လူစီ့အတွက် အားတက်စရာ လုံးဝမရှိ၊ ရုတ်တရက် ပြောချ လိုက်ချင်သည့် စကားများသည် သူ့ရင်ထဲ၌ ပြည့်ကျပ်နေသည်၊ သို့သော်လည်း သူ့ပါးစပ်မှ တစ်ခွန်းမျှ ထွက်မလာ၊ အဝတ်လဲရန်



အခန်းထဲမှထွက်သွားသော ပီတာအား ငြိမ်သက်စွာ ကြည့်နေသည်။

'ဘာပဲဖြစ်ဖြစ်ပေါ့လေ၊ ကိစ္စက ပြီးသွားပြီပဲ၊ ပြောနေလို့ အပိုပါပဲ'ဟု လူစီက တွေးသည်။

'သူတို့ဆီ အခု အလည်သွားတယ်၊ ပြီးရင် မေ့သွားမှာပါ...'

လူစီထင်သည့်အတိုင်း ပီတာသည် စိတ်ပြောင်းသွားလေသလား မသိ၊ ထိုနေ့က တင်းနစ်ပါတီပွဲအကြောင်း နောက်ထပ်လေသံပင် မဟတော့ချေ။

သို့သော်လည်း ထူးဆန်းနေသည်မှာ လူစီ စိတ်ထဲတွင် အကြောင်းကြောင်းဖြစ်မှု ပျောက်ကွယ် မသွားခြင်းဖြစ်၏။

ဤပါတီပွဲကို အကြောင်းပြု၍ သားအမိကြားတွင်ပြဿနာ တစ်ခုရှိလာလေမလားဟူသော သံသယသည် သူ့ရင်ထဲတွင် အမြဲ ကိန်းအောင်းလျက်ရှိသည်။

ဤရက်များအတောအတွင်း သူ့သားသည် သူ့ကိုယ်သူ အမြဲတစေ 'သ'လျက်ရှိ၏။

ငွေကြေး မပြည့်စုံမှုအတွက်လည်း ယခင်ကထက်ပို၍ ညည်းညူခြင်း၊ မြစ်တင်ခြင်း ပြုလျက်ရှိ၏။ တစ်ကြိမ်တွင်မူ

www.burmeseclassic.com

www.burmeseclassic.com



သူသားသည် စားပွဲ၌ထိုင်ကာ စာတစ်စောင်ရေးနေသည်ကို
တွေ့ရ၏။

အလွန်အလေးအနက်ပြု၍ ရေးနေခြင်းမျိုး ဖြစ်သဖြင့်
လှစီသည် အံ့သြခြင်းဖြစ်မိ၏။ သို့သော်လည်း သူ့သား ဘာ
ဖြစ်နေသည်ကို သူနားမလည်။ စဉ်းစား၍လည်းမရ။

မေလတစ်ရက်သော မွန်းလွဲပိုင်းတွင် ဖြစ်သည်။ သူသည်
အခန်းခများတောင်းဖြီး ရုံးတွင်းသို့ဝင်လာသည်။

ရုံးတွင်းမှ ရယ်မောသံများကြားလိုက်ရသဖြင့် သူ့စိတ်
တွင် ထူးဆန်းသလိုဖြစ်နေသည်။

တံခါးဝမှ လှမ်းကြည့်လိုက်သည့်အခါ လက်ဟန်ခြေဟန်
နှင့် အားရပါးရ စကားပြောနေသော ဒေါ်ဇင်ဒီအား
မြင်ရသည်။

'အတွေ့အကြုံကနည်းတော့ သူ့ခမျာ အူကြောင်ကြောင်
ပေါ့' ဟု ဒင်ဒီက ဟန်ပါပါအမူအရာလုပ်ပြပြီး ပြောသည်။

'ကျွန်တော်မြင်လိုက်တဲ့အချိန်မှာ သူက ကောင်မလေးရဲ့
လက်ကို တော့သလို...ဟော့သလို ချိတ်ပြီး ဒီပုံစံမျိုးနဲ့ သွား
နေတာ၊ မေဒင်ဟောလ် လမ်းပေါ်မှာ မြင်ခဲ့တာ'

မစ္စတင်တို့သည် ဒင်ဒီပြောဆိုလုပ်ကိုင် ပြသနေသည်
များကို မြင်လိုက်သဖြင့် အိုးတိုးအမ်းတမ်းဖြစ်သွားသည်။



ချက်ချင်းပင် သူ့စားပွဲတွင် ပြန်ထိုင်ကာ လယ်ဂျာစာအုပ်
ကြီးကို ဖွင့်ကြည့်နေသည်။

'ဘာ...တွေဖြစ်နေကြတာလဲ' ဟု လှစီက လျှောက်လာရင်း
လှမ်းမေးသည်။ သူ့စိတ်ထဲတွင် သံသယတစ်ခုဝင်သလို ဖြစ်
နေသည်။ မစ္စတင်တို့က အဖြေမပေး။

'ကျွန်မကိုပြောကြပါဦး၊ ဘာတွေဖြစ်နေကြတာလဲ' ဟု
လှစီက ထပ်မေးသည်။

'ဘာမှမဟုတ်ပါဘူး' ဟု ဒင်ဒီကဝင်ဖြေသည်။

'ဘာလဲ၊ ကျွန်မအကြောင်း ပြောနေကြတာမဟုတ်လား'

'ဟာ.... မဟုတ်ပါဘူး၊ တခြားကိစ္စ ရယ်စရာ တစ်ခုပြော
နေကြတာပါ'

လှစီက မကျေနပ်။ 'ဘာမဟုတ်ဘူးလဲ၊ ရှင်တို့ ကျွန်မ
အကြောင်းပြောနေတာပဲ ဖြစ်မယ်' ဟု ထပ်ပြောသည်။

ဒင်ဒီ၏မျက်နှာတွင် မကျေနပ်သည့် အရိပ်အယောင်များ
ဝင်လာသည်။

'မဟုတ်ပါဘူး လို့ ပြောနေရက်နဲ့ဗျာ' ဟု ရေရွတ်သည်။

'တခြားမဟုတ်ဘူးဗျို၊ ခင်ဗျားသား ကောင်မလေး တစ်
ယောက်နဲ့ လက်ချင်းချိတ်ပြီး၊ တွဲလာတာကို ဒီနေ့နေ့ခင်းက
မြင်ခဲ့လို့ ပြောပြပြီး ရယ်နေကြတာ၊ အဲဒါပဲ

www.burmeseclassic.com

www.burmeseclassic.com



သူသည် ပြောပြောဆိုဆို သူ့လက်ထဲမှ စာအုပ်ကို သူ့စားပွဲပေါ် အောင့်ကြီး အောင့်ကြီးချထား ဝင်ထိုင်လိုက်သည်။

လှစီသည် မျက်နှာပျက်နေသည်။ စကားတစ်ခွန်းမှ မပြောတော့ဘဲ ငြိမ်ဆိတ်လျက်ရှိ၏။

မစွတင်တိုက ဘာလယ်ဂျာစာအုပ်ကို ငုံ့ကြည့်နေရာမှ 'ဒါမျိုးကို ခေါင်းရှုပ်ခံပြီး တွေးနေစရာမလိုပါဘူး၊ ဘယ်လူငယ်မဆို တစ်ကြိမ်တစ်ခါလောက်တော့ အရူးဖြစ်ကြတာ သဘာဝပဲ' ဟု ပြောသည်။

လှစီကတော့ ဘာမှပြန်မပြောဘဲ နှုတ်ခမ်းများကို ကိုက်ကာ နှုတ်ဆိတ်လျက်ရှိသည်။ သူ့လက် ကိုင် အိတ် ကို ချ၍ လယ်ဂျာစာအုပ်ဖြင့် အလုပ်ရှုပ်ချင်ယောင်ပြုနေသည်။

ညနေငါးနာရီထိုးသည်နှင့် တစ်ပြိုင်နက် မည်သူ့ကိုမှ နှုတ်မဆက်တော့ဘဲ ရုံးခန်းထဲမှထွက်သွားသည်။ အိမ်ပြန်ရောက်သည့်အခါ သူ့အား သူ့သားက ဆီးကြိုနေသည်ကို တွေ့ရ၏။

'သား လက်ဖက်ရည်သောက်ချင်လွန်းလို့ စောင့်နေတာ ကြာလှပြီ'

'မင်းဒီနေ့ ခုနခင်းက ဘယ်သွားသလဲ' ဟု လှစီက မေးသည်။

'ဘာပြုလို့လဲ၊ ဘာဖြစ်လို့လဲ' သူ့အမေ၏လေသံကြောင့် ဗိုတာ၏မျက်နှာထားသည် ပြောင်းသွားသည်။

'မင်း ဘယ်သွားခဲ့သလဲ' ဟု လှစီက ဒေါသတကြီး ထပ်မေးသည်။

'ဆေးခန်းသွားတယ်၊ အမြင်လှနာတွေ ကြည့်ပေးရတယ်၊ ကျွန်တော်မှာ သွားစရာနေရာ တခြား ဘာရှိလို့လဲ'

'ဆေးခန်းက အလုပ်ပြီးတော့ ဘယ်သွားသလဲ'

ဗိုတာက လှစီ့အား ကြည့်နေသည်။ 'အမေ ဘာသိချင်နေတာလဲ၊ ပွင့်ပွင့်လင်းလင်းပဲ ပြောပါ'

'ငါမေးတာဖြေ'

'အမေ ဘာတွေ လာမေးနေတာလဲ၊ အမေ ကျွန်တော့်ကို ကျောင်းသားပေါက်စကလေး တစ်ယောက်လို့ ထင်နေသလား၊ အမေ့ပြောပုံ ဆိုပုံက တစ်မျိုးကြီးပဲ'

'ငါမေးတာဖြေ' ဟု လှစီက အော်သည်။

'ဟာ....ဗျာ၊ တိုးတိုးပြောလဲရပါတယ်'

'ငါမေးတာကိုဖြေစမ်း' လှစီက ပို၍ကျယ်လောင်စွာ အော်သည်။



www.burmeseclassic.com

www.burmeseclassic.com



'ဒီလိုမအော်နဲ့ဗျာ' ဟု ပီတာက ပြန်ပြောသည်။ သူ့အမေအား ကြောက်ရွံ့သောစိတ်သည် မသိမသာဝင်လာသည်။ လားအမိနှစ်ယောက်သည် တစ်ယောက်မျက်နှာ တစ်ယောက် စူးစူးဝါးဝါး ကြည့်နေကြသည်။

'ဒီနေ့ နေ့လယ်က နင် ကောင်မလေး တစ်ယောက်နဲ့ လက်ချင်းချိတ်ပြီး ဗေဒင်ဟောလ်လမ်းပေါ်မှာ လမ်းလျှောက်လာနေတာကို တွေ့တဲ့လူရှိတယ်'

ပီတာမျက်နှာပျက်သွားသည်။

'တွေ့တာ ဘာဖြစ်လဲ'ဟု ပီတာက ပြန်ပြောသည်။

'အဲဒါဟာမေ့အလုပ်လား၊ အမေနဲ့ဘာဆိုင်လဲ'

ပီတာက ပြင်းကွယ်ခြင်းမပြု။ လူစီ့ရင်ထဲတွင် ဒေါသအစိုင်အခဲသည် ကြီးလာသည်။

'ငါ့အလုပ် မဟုတ်ဘူးဟဲ့၊ နင် ဘယ်လို ပြောလိုက်တာလဲ၊ နင့်မှာ လုပ်စရာအလုပ်တွေ အများကြီးရှိနေတာ နင် သိရဲ့လား၊ လက်ထဲမှာ ခြူးတစ်ပြားမှ မကိုင်နိုင်ဘဲနဲ့ ဒီလို အလုပ်မျိုးလုပ်ပြီး အချိန်ဖြုန်းနေလို့ ဖြစ်မလား'

'ခြူးတစ်ပြားမှမရှိတာ ဘယ်သူ့အပြစ်လဲ'

'နင် စဉ်းစားစမ်း၊ နေ့ခင်းကြောင်တောင်ကြီး လူတကာ မြင်အောင်သွားနေတာ ကောင်းသလား၊ ဒီကိစ္စကို သိသွားရင် နင့်ထောက်ပံ့ကြေး လက်လွှတ်သွားမယ်ဆိုတာ နင် သိရဲ့လား၊ အလွန်ရှက်စရာကောင်းတဲ့အလုပ်၊ ဂုဏ်သိက္ခာငယ်စေမဲ့တဲ့ အလုပ်ကို နင်လုပ်နေတာပဲ'



'ဘာတွေ လာပြောနေတာလဲ....၊ ကျွန်တော့် ဘာသာ ကျွန်တော် လျှောက်လည်တာပဲ၊ ဘာပြဿနာမှ မရှိဘူး'

'ပြဿနာမရှိဘူး ဟုတ်လား၊ နင် ရူးနေသလား၊ ငါတို့အခု ဘယ်လိုနေကြရသလဲဆိုတာ နင် မေ့သွားပြီလား....၊ နင့်ကို ဒီအခြေအနေရောက်အောင် ငါ ကျွန်ခံ နေရတာကို နင် မေ့သွားပြီလား'

'ကျွန်တော့်ကို ဒီအခြေအနေ ရောက်အောင် ဘယ်သူက ဘာလုပ်ပေးနေလို့လဲ၊ ကျွန်တော့် ထောက်ပံ့ကြေးနဲ့ ကျွန်တော် နေတာဗျ'

'ဩော်....ဟုတ်လား၊ နင် ကောင်းကောင်းစားနိုင်ဖို့ ငါ အငတ်ခံနေတာကို မသိတော့ဘူးပေါ့၊ ဟုတ်လား'

'သွားစမ်းပါ၊ ပေါက်ကရတွေ လာပြောမနေပါနဲ့'

'ဘာ....ဘာပြောတယ်'

ပီတာ၏ အပြုအမူသည် လူစီ့အဖို့ သည်းမခံနိုင်စရာ ဖြစ်လာသည်။ လူစီ့လက်တစ်ဘက်သည် ပီတာ၏ ပါးပြင်ထက်သို့ အရှိန်ပြင်းစွာ ကျသွားသည်။

www.burmeseclassic.com

www.burmeseclassic.com



ဖြန်းခနဲ မြည်သံနှင့်အတူ ပီတာသည် နောက်သို့ ယိုင်ထွက်သွားသည်။ မမျှော်လင့်သော ရိုက်ချက်ဖြစ်၍ ပီတာသည် အူကြောင်သွား၍ မထိန်းနိုင်။ သူ့နောက်မှစားပွဲကို ဝင်တိုက်မိသည်။

စားပွဲပေါ်မှ လက်ဖက်ရည် ပန်းကန်များသည် ကြမ်းပေါ်သို့ လွင့်စင်ကျကာ ကွဲကုန်သည်။

ပီတာ့မျက်နှာသည် ဖြူဖတ်ဖြူရော် ဖြစ်နေသည်။ သူ့အမေအား စူးစူးရဲရဲကြည့်နေသည်။

'ကျွန်တော်တို့ ဘယ်လို နေကြရမယ်ဆိုတာ ကောင်းကောင်း သိရတာ့ပေါ့မျာ' ဟု ရေရွတ်သည်။

ထို့နောက် ချာခနဲလှည့်၍ အခန်းထဲမှ ထွက်သွားသည်။ တံခါးဆောင့်ပိတ်သံကို တစ်ချက်ကြားလိုက်ရ၏။

လှုစီ၏မျက်လုံးအစုံတွင် မျက်ရည်စများဖြင့် ပြည့်လျက်ရှိ၏။ သူ့ရင်သည် လှိုင်းထလျက်ရှိသည်။ ထို့နောက်အိမ်ရှေ့ခန်းမထဲသို့ သုတ်သီးသုတ်ပျာနှင့် ဝင်လာနေသည့် ခြေသံများ။ သူ့ရှေ့မှောက်သို့ ရောက်လာသူမှာ တစ်ဘက်ခန်းမှ ဘက်စီဖင့်ချ်။

'ဘာဖြစ်တာလဲ... ဘာဖြစ်လို့လဲ' ဟု ဘက်စီဖင့်ချ်က မေးသည်။

www.burmeseclassic.com



'ဝုန်းခနဲ အသံကြားလိုက်လို့၊ ရှင်လဲတာလား'

'ဟုတ်တယ်၊ ကျွန်မ ချော်လဲတာ' ဟု လှုစီက ပြန်ပြောသည်။

'စားပွဲပေါ်လဲကျတာ'

'ရှင် နေမကောင်းဘူးလား၊ ကျွန်မ ဘာလုပ် ပေးရမလဲ ဟင်...'

'ကိစ္စမရှိပါဘူး၊ အခုကောင်းသွားပါပြီ' ဟု လှုစီအစားပွဲကို လက်တစ်ဘက်ဖြင့် အားပြု၍ရပ်ကာ ပြန်ပြောသည်။

ဘက်စီသည် ကြမ်းပေါ်မှ ပန်းကန်ကွဲများကို တစ်စချင်းစီ ကောက်သိမ်းနေသည်။

'လုပ်မနေပါနဲ့ ရပါတယ်၊ ကျွန်မ တစ်ယောက်တည်းသာ နေချင်လို့ပါ'

ဘက်စီက လှုစီအား မော့ကြည့်သည်။ လှုစီ့မျက်နှာထားသည် တစ်မျိုးဖြစ်လျက်ရှိ၏။

အရိပ်အကဲကိုနားလည်လိုက်သော ဘက်စီသည် အခန်းထဲမှထွက်သွားသည်။ အိမ်ရှေ့တံခါးကိုလည်း အသာအယာ ပြန်ပိတ်ထားခဲ့သည်။

www.burmeseclassic.com



လှစီသည် ကုလားထိုင်တွင် အရှပ်ကြီးပြုတ် ထိုင်ချလိုက်သည်။ တစ်ကိုယ်လုံး အင်အားဆုတ်ယုတ်သွားသည့်နှယ် ခံစားရသည်။

သူသည် ငါးမိနစ်ခန့်မျှ မလှုပ်မယှက် ထိုင်နေသည်။ ထို့နောက် ထိုင်ရာမှထသွားပြီး ရေနွေးအေး တစ်ခွက် သောက်သည်။ ကြမ်းပေါ်မှ ပန်းကန်များကို ထောက်သိမ်းသည်။

စားပွဲကို ပြန်၍ ပြင်ဆင်ခင်းကျင်းကာ လက်ဖက်ရည်ပွဲ ပြင်သည်။ ပြီးစီးသွားသည့်အခါ သူ့သား၏ အခန်းတံခါးကို တစ်ချက်နှစ်ချက် ခေါက်သည်။

'ပီတာ လက်ဖက်ရည်သောက်လို့ရပြီ'

ခဏမျှအကြာတွင် ပီတာထွက်လာသည်။ စားပွဲ၌ဝင်ထိုင်ကာ လက်ဖက်ရည်ကို တစ်ငုံနှစ်ငုံမျှ သောက်သည်။

'ပေါင်မုန့် စားလေ'

ပြောပြောဆိုဆို လှစီက ပေါင်မုန့်မီးဖုတ်ပန်းကန်ကို ပီတာရှေ့သို့ တွန်းပို့သည်။

'ကျေးဇူးပဲ အမေ'

ပီတာသည် ပေါင်မုန့်တစ်ချပ်ကိုယူ၍ ထောပတ်သုတ်ကာ စိတ်မပါတပါဖြင့် ဝါးနေသည်။



ထိတ်ဆိတ်ငြိမ်သက်လျက်ရှိ၏။

လှစီသည် ခေါင်းငုံ့နေသော ပီတာအား အရှက်ကွဲမကောင်းသည့်မျက်နှာထားဖြင့် စိုက်ကြည့်နေသည်။

သူ့ဒေါသသည် ပြင်းထန်စွာပေါက်ကွဲခဲ့ရ၏။

အဘယ်ကြောင့်နည်း။ သူ့အား မုန်း၍ မဟုတ်။ သူ့သားချီးနှိမ်ထားချင်၍လည်း မဟုတ်။ သူ့သားသား ရိုက်ခဲ့သည့်အတွက် သူ့ရင်သည် နာကျင်လျက်ရှိသည်မှာ အမှန်ပေ။ သို့သော်လည်း သူလုပ်ခဲ့သည်မှာ သူ့သား ကောင်းဖို့၊ သူ့သားအတွက်ရော သူ့အတွက်ပါ ကောင်းဖို့၊ မှန်သည်။ သူ့သား အိမ်နှစ်ယောက်စလုံး ကောင်းဖို့၊ ပြီးတော့ သူ့သားအမိ ဥမကွဲသိုက်မပျက် နေထိုင်သွားနိုင်ဖို့။

* * *

www.burmeseclassic.com

www.burmeseclassic.com

## ( ၂၅ )

လှစီသည် သူနှင့် သူ့သားအကြား၌ ဆက်ဆံရေး ပြန်၍ ည် ကောင်းမွန်လာအောင် အစွမ်းကုန် အားထုတ်သည်။ တန်ဖိုးကို သူ့သား နားလည်သဘောပေါက်လာအောင် သိမသာကြိုးစားသည်။

အခုဆိုလျှင် သူ့သားသည် နောက်ဆုံးနှစ် စာမေးပွဲ ဖို့အတွက် မနားမနေ လုံးပန်းနေရပြီဖြစ်၏။ သူမလည်း သား ကိုယ်စိတ်နှစ်ပါးချမ်းသာစွာဖြင့် စာကျက်နိုင်ရေး တွက် အစွမ်းကုန် လိုက်လျောကူညီလျက်ရှိသည်။

www.burmeseclassic.com

www.burmeseclassic.com



ထိုနှစ်နွေရာသီ ဘွင် လူစီ၏စီးပွားရေး အခြေအနေသည် အဆိုးဆုံးအဆင့်သို့ ရောက်ရှိလာခဲ့သည်။

အစားအသောက် ကုန်ဈေးနှုန်းတွေက အဆမတန် တက်နေသော်လည်း သူ့လုပ်ခလစာက မတိုး။ အိမ်သုံးစရိတ်ကလည်း လျှော့ချ၍ မရ။

သူ့အတွက် အဘက်ဘက်တွင် ခြိုးခြံချွေတာ၍ ရသော်လည်း သူ့သားအတွက်ကျတော့ လုပ်၍မရ။ လုပ်လည်း မလုပ်ရက်။ ဤသို့ဖြင့် လူစီသည် လိုငွေ အမြဲပြနေသော သူ့လစာဖြင့် သူတို့ သားအမိ ဘဝရပ်တည်နိုင်ရေး အတွက် သောတပေါင်း များစွာဖြင့် ရုန်းကန်လှုပ်ရှားနေရလေ၏။

ညနေခင်း ဆိုလျှင် ဖလားဝါး လမ်းအတိုင်း ပင်ပန်းလျစွာ လျှောက်ပြန်လာသည့် လူစီအား ရပ်ကွက်ထဲ မိန်းမများ မြင်နေကျဖြစ်၏။ သူ့အနေဖြင့် အလုပ်မှအိမ်ထိ ထန်း၍ပြန်လာနိုင်သည် မဟုတ်။ စားစရာသောက်စရာ ဝင်ဝယ်ရသေးသည်။

ဈေးကို ရောက်ပြီးခါမှသာ အိမ်ကိုပြန်လာရခြင်း ဖြစ်၏ ဝတ်ထားသည့် အဝတ်များက နွမ်းနွမ်းဖတ်ဖတ်။ ခေါင်းပေါ်မှဦးထုပ်ကလည်း ဟောင်းနွမ်းနေပြီ ဖြစ်၍ အရောင်အဆင်းပင် မပေါ်တော့။ သူ့ နှုတ်ခမ်းများသည် ဖြူရော်ရော် ဖျော့တော့တော့။



သူ့မျက်လုံးအစုံသည် ညှိုးငယ်နွမ်းလျနေသည်။ မျက်နှာစွာလည်း အရောင်အဆင်းထင်းမဲ့ကာ ပိန်ချုံးလျက် ရှိသဖြင့် ပါးရိုးများပင် ပေါ်ထွက်နေကြသည်။

သူသည် ဘေးပတ်ဝန်းကျင်မှ ကစားနေကြသည့် ကလေးသူငယ်များကိုလည်း အာရုံမစိုက်။ သူ့အား ဝင်မတိုးမိစေရန် ခပ်ဝေးဝေးမှ ရှောင်ကွင်းသွားသည်။

သူ့အားဝိုင်းကြည့်ပြီး တွတ်ထိုးနေကြသော မိန်းမများ ကိုလည်း ဂရုမပြု။

သူသည် ဤမိန်းမများ၏ ပါးစပ်တွင် အတင်းအဖျင်း ပြောစရာလူတစ်ယောက် ဖြစ်နေသည်မှာ ကြာပြီ။ သို့သော်လည်း လူစီကတော့ သူ့အပေါ် သူတို့ ဘယ်လိုပဲ ထင်ထင် ဂရုစိုက်၍ မစဉ်းစား။

တကယ်တော့ လူစီသည် သူ့သားပီတာအတွက် မေတ္တာကို အရင်းခံကာ အရာရာကိုစွန့်လွှတ်ပြီး အနစ်နာခံနေခြင်းဖြစ်၏။

ဤအနစ်နာခံမှုကြောင့် သူ့တွင် မည်မျှလောက် အထိ ထိခိုက်နစ်နာနေသည်ကို သူမသိ၍မဟုတ်။ ကောင်းစွာ သိသည်။

www.burmeseclassic.com

www.burmeseclassic.com



သူသည် ဆင်းရဲပင်ပန်းမှုဒဏ်ကို ခါးစည်း၍ ခံလာခဲ့သည်မှာ ကြာပြီ။

ပထမဆုံးရရှိခဲ့သည့်ဒုက္ခမှာ ကျန်းမာရေး ချို့ယွင်းလာခြင်းဖြစ်၏။

ငွေကြေးမပြည့်စုံမှုကြောင့် ဆေးဝါးကုသခြင်း ... သောလူစီသည် ညတိုင်းလိုလို ကောင်းစွာအိပ်မပျော်။ ... ခါတစ်ရံဘုဂ် သူ့သား စာမေးပွဲကျ၍ နေမကောင်း ဖြစ်သ... ဟူသော အိပ်မက်မျိုးမက်ကာ ကယောင်ချောက်ချား ... အိပ်ရာမှ လန့်နိုးလာတတ်၏။

အများအားဖြင့်တော့ ငွေကြေးမပြည့်စုံမှုသည် သူ့အား အမြဲတစေ ခြောက်လှန့်နေသည့်တစ္ဆေ ဖြစ်၏။

သူ စားသောက်နေရသည်မှာလည်း အာဟာရပြည့်သ... မဟုတ်။ တစ်ခါတစ်ရံ တစ်နပ်စာချွေတာ၍ အငတ်ခံရသ... များလည်းရှိ၏။

သူ အနေဖြင့် သွားတိုက်သည့် သွားပွတ်တံကအစ အ... စားဝယ်သုံးရရှိမှုမှာ ... အပေါစားကိုပင် ဝယ်၍မသုံး... သည့်အဖြစ်နှင့် ရင်ဆိုင်ခဲ့ရ၏။

သူ့သားကတော့ သွားတိုက်ဆေးမှအစ သွားပွတ်... အဆုံး လိုလျှင်လိုသလို ဝယ်သုံးနိုင်ခဲ့၏။



သူ့မှာကတော့ အဝတ်စလေးတစ်စကို ခေါက်၍ သွားပွတ်တံအဖြစ် အသုံးပြုကာ သွားများကို ဆားနှင့်တိုက်ရသည်။

ထို့ကြောင့်လည်း သူ့သွားများသည် လျင်မြန်စွာ ချို့ယွင်းပျက်စီးလာကြသည်။

နောက်ပိုင်းတွင်မူ သွားကိုက်သည့် ဝေဒနာကို မကြာခဏခံစားလာရ၏။

သူ့အား အများဆုံး ဒုက္ခပေးနေကြသည်မှာ အောက်ဘက်အံသွားများ ဖြစ်သည်။

ဤသွားများကို သူ ဘယ်လိုလုပ်ရပါမည်နည်း။ နောက်ဆုံးနှစ်စာမေးပွဲကြီးကိုဖြေဆိုရန် ကြိုးပမ်းနေရှာသော ပီတာကတော့ သူ ဘယ်နည်းနှင့်မှ မသိစေချင်။

သူ့သွားများအတွက် သူ့သားသောကရောက်လျှင် စာမေးပွဲအတွက် များစွာအနှောင့်အယှက် ဖြစ်သွားလိမ့်မည် မဟုတ်ပါလား။

စာမေးပွဲမဖြေမီ တစ်ရက်အလိုတွင် လူစီသည် ရိုက်လမ်းတစ်လျှောက် အခန်းခလိုက်လံကောက်ခံရင်း ... ကောလင်းနှင့် တစ်ခဏမျှရပ်၍ စကားပြောမိသည်။

www.burmeseclassic.com

www.burmeseclassic.com



ဤအခိုက်တွင် ပါးစပ်ထဲမှ စူးစူးရှရှ ဖြစ်ပေါ်လာသေ
နားကျင်ကိုက်ခဲမှုကြောင့် ပြောလက်စစကားကို မပြောနိုင်
ချထံနှာကိုရှုံ့မဲ့ကာ ပါးတစ်ဘက်ကို လက်ဝါးနှင့်အုပ်ထ
လိုက်မိ၏။

'ဘာလဲ၊ သွားကိုက်နေသလား' ဟု မစွကောလင်း
မေးသည်။

'ဟုတ်တယ်'ဟု လူစီက ဖြေသည်။

မစ္စကောလင်းက သွားရောဂါကုဆေးရုံသို့သွား၍ သွ
များကိုပြပြီး နှုတ်ပစ်ရန် အကြံပေးသည်။

လူစီ့အနေဖြင့် အခမဲ့ရသောနေရာသို့ သွား၍ နှုတ်
မည်ကို မစဉ်းစားဝံ့၊ သူ့ဂုဏ်သိက္ခာ ကျလိမ့်မည် ဟူသေ
အတွေး၏ ခြောက်လှန့်မှုကြောင့် ချီတုံချတုံဖြစ်လျက်ရှိရင်
သို့သော်လည်း ထိုနေ့ရုံးမှအပြန်တွင် သူဖြတ်သွားဖြတ်လာ
ပူးသောယမ်းလမ်းထဲမှ သွားကုဆေးခန်းသို့သွား၍ စုံစမ်
ရန် စိတ်ကူးရသည်။

ထိုစိတ်ကူးဖြင့် ဝင်သွားသောလူစီသည် သွားကုဆရာဝ
က အတင်းထိုင်ခိုင်းသဖြင့် သွားကုကုလားထိုင်တွင် ဝင်ထိုင်
မိသည်။



လူစီက သွားနှုတ်လို၍ လာရောက်စုံစမ်းခြင်း ဖြစ်ကြောင်း ပြောရုံမျှဖြင့် သွားကုဆရာဝန်သည် ထုံဆေး ထိုးရန် ပြင်ဆင်လေတော့၏။

'မဟုတ်သေးပါဘူး၊ ကျွန်မစုံစမ်းဖို့လာတာပါ' ဟု လူစီက ပြောသော်လည်းမရ။ နောက်ဆုံးတွင် လူစီက သွားနှုတ်ခကို စုံစမ်းသည်။

'ခင်ဗျားသွား လေးချောင်းနှုတ်ရမယ်၊ ငါးသျှီလင် ကျမယ်'

'ကျွန်မ အဲသလောက် မတတ်နိုင်ဘူး'

'ဒါဆိုရင်လဲ လေးသျှီလင်ပဲ ပေးပါ'

လူစီကခေါင်းခါပြီး ကုလားထိုင်မှ ဆင်းရန် ဟန်ပြင်သည်။

'ဒီလိုဆိုလဲ သုံးသျှီလင်နဲ့ခြောက်ပဲနိပဲပေးပါ၊ဒါ အများကြီး လျှော့ယူထားတာ၊ ထုံဆေးခလောက်ပဲရှိတယ်'

'ထုံဆေးမထိုးဘဲ နှုတ်မယ်ဆိုရင်ရော'

သွားကုဆရာဝန်သည် လူစီအား မြူးတူးမြဲတဲ့ကြည့်နေသည်။

'အို ဗျား ဒါဆိုတော့'ဟု ရေရွတ်လိုက်ပြီးမှ....

www.burmeseclassic.com

www.burmeseclassic.com



'တဲလေ...နှစ်သျှိုလင်နဲ့ပဲ ခုတ်ပေးမယ်' ဟု ပြောသည်။

လှစီသည် ထိုငွေမျှကိုပေးသင့်မပေးသင့်၊ ပေးနိုင် မပေးနိုင် စဉ်းစားနေရပြန်သည်။ နောက်ဆုံးတွင်မူ သဘောတူလိုက်လေ၏။

အားလုံး ပြီးစီးသွားသည့်အခါ လှစီသည် ကုလားထိုင်ပေါ်မှဆင်း၍ ကာ ပါးစပ်မှသွားများကို ရေနှင့်ပလုတ်ကျင်း၍ ထွေးထုတ်သည်။ သူ့ပိုက်ဆံအိတ် အစုတ်ကလေးထဲမှ ငွေနှစ်သျှိုလင်ကိုထုတ်၍ သွားကုဆရာဝန်လက်ထဲ ထည့်လိုက်သည်။

သူ့ဂုဏ်သိက္ခာကို ငွေနှစ်သျှိုလင်မျှဖြင့် အဖတ်ဆယ်လိုက်နိုင်သည့်အတွက် ဆရာဝန်သည် စိတ်ထဲမှ ကျိတ်၍ ကျေးဇူးတင်နေမိ၏။

နောက်တစ်နေ့တွင် သူ့သား စာမေးပွဲကြီး စဖြေသည်။

သွားနုတ်ထားသည့်ဒဏ်ရာ ရှတ်တရက်ချက်ချင်းမပျောက်သေးသော်လည်း သွားကိုက်သည့် ဝေဒနာကတော့ လုံးဝ ပျောက်ကင်းသွားပြီဖြစ်၏။

ဤရက်များအတွင်း သူသည် တည်ငြိမ်အေးဆေးစွာဖြင့် သူ့သားအား အေးမှလိုအပ်သလို ကူညီပေးလျက်ရှိသည်။ တစ်ပတ်လုံးလုံး သူ့သားစာကျက်လိုက်၊ စာမေးပွဲသွားဖြေ



လိုက်၊ အိမ်ပြန်လာလိုက်နှင့် အချိန်ကုန်လျက် ရှိသည်။ ထို့နောက် စာမေးပွဲပြီးဆုံးသွားသည်။

ထိုအချိန်မှစ၍ လှစီ စိတ်သည် တည်ငြိမ်မှုကင်းမဲ့လာသည်။ သူ့သားအောင်မှ အောင်ပါမလား ဟူသောအတွေးဖြင့် အမြဲတစေ စိတ်မတည်မငြိမ်ဖြစ်နေရ၏။

သူ့သားမအောင်၍ မဖြစ်၊ အောင်ကိုအောင်မှဖြစ်မည်။

အကယ်၍များ ကြေချော်လက်မချော် ဖြစ်ခဲ့သည်ရှိသော် သူ့အနေဖြင့် အနုလိုဖြစ်လာအောင် အစားပြန်လုပ်ပေးဖို့ လွယ်တော့မည်မဟုတ်။

ဤသို့ဖြင့် နောက်သီတင်းတစ်ပတ် ကုန်လွန်သွားသည်။ သို့သော်လည်း ထိုအတွေးကတော့ လှစီ့ရင်ထဲမှပျောက်ကွယ်မသွား။

စာမေးပွဲအောင်စာရင်း ထွက်လာလိမ့်မည်ဟု သတ်မှတ်ထားသောရက်သို့ ရောက်ခဲ့ပြီ၊ ထိုနေ့မနက် ရုံးသို့ရောက်သွားချိန်တွင်လည်း ထိုအတွေးကတော့ လှစီ့ရင်ထဲ၌ရှိနေဆဲ။

www.burmeseclassic.com

www.burmeseclassic.com

( ၂၆ )

‘အပူတယ်ပြီးကြီးတဲ့ အမျိုးသမီးပါလား’ ဟု မစ္စကာင်ကိုက လူစီအား တစ်ချက်မျှ အကဲခတ်လိုက်ပြီး ပြောသည်။

‘မင်း ပူနေတော့ရော ဘာထူးမှာလဲ’

‘သိပ်ပြီး ပူတာတော့မဟုတ်ပါဘူး’ ဟု လူစီကပြန်ပြောသည်။

‘တင်တိုပြောတာလဲ ဟုတ်တာပဲ၊ ဘာ့ကြောင့် ကိုယ့်ကိုကိုယ် ဒုက္ခပေးနေတော့မှာလဲ၊ သူအောင်မှာပါ။ ဒီစခန်းက အရင်ကလောက် မဆိုးတော့ပါဘူး။ အောင်ဖို့ သိပ်မခက်ပါဘူး’ ဟု ဒင်စီက ဝင်ပြောသည်။

www.burmeseclassic.com

www.burmeseclassic.com



'ခက်တော့ ခက်တာအမှန်ပဲ၊ ဒါပေမယ့် ပီတာကတော့ ဖြေနိုင်တယ် ပြောတယ်' ဟု လှစီက ပြောသည်။

'ဒါဆိုရင် ဘာပူစရာလိုသလဲ ကွာ'

'ဒင်ဒီစကားမဆုံးမီ တယ်လီဖုန်းမြည်သံ ထွက်လာသဖြင့် မစ္စထင်တို ကောက်ကိုင်သည်။ ခဏမျှနားထောင်ပြီး လှစီ့အား လှမ်းမေးသည်။

ပီတာ့အသံ ဖြစ်၏။

'မေခမလား'

'ဟုတ်တယ် သား'

'ဒီမယ်... မေမေ...၊ သား ချက်ချင်း ဆက်မလို့ပဲ...ဟို'

'ဘာလဲ၊ ဘာဖြစ်လို့လဲ'

အို...ဘာမှ မဖြစ်ပါဘူး'

'ဒီလိုဆိုရင် ဟို...'

'ဟုတ်တယ်၊ မေမေ သိချင်မှာပဲလို့ ထင်တာနဲ့'

'သိချင်တာပေါ့'

'ဒါဆိုလဲပြောမယ်၊ အခုစကားပြောနေတာ ဒေါက်တာ ပီတာမှုးလေ'



လှစီသည် သူ့သား၏စကားကို ချက်ချင်း နားမလည်၊ တစ်စက္ကန့်မျှ ကြောင်နေသည်။

'ပီတာ ဘာကယ်ပြောတာလား'

'တကယ်ပေါ့ မေမေရယ်၊ သားအခုပဲ အောင်စာရင်းကို ကြည့်လာခဲ့ပြီးပြီ'

လှစီသည် ဘာပြန်ပြောရမှန်းမသိ၊ ဝမ်းသာလုံး ဆို့နေသဖြင့် ပြောစရာစကားလုံးလည်း ရှာမရ။

'သား ဒီနေ့ နေ့လယ်စာ ပြန်မစားဘူး မေမေ...၊ မိတ်ဆွေ သူငယ်ချင်းတွေက အထိမ်းအမှတ် ပွဲကလေးတစ်ခု လုပ်ကြမလို့တဲ့'

'အေးပေါ့...အေးပေါ့'

'သား ဖုန်းချလိုက်တော့မယ်နော်'

'ဪ...အေး...ပီတာ'

ဝမ်းသာစကားပြောဖို့ မေ့သွားသဖြင့် လှစီအ ထပ်ခေါ်သည်။

သို့သော်လည်း တယ်လီဖုန်းချသွားလေပြီ။ အောင်မြင်မှု ပီတိလှိုင်းသည် လှစီ့ရင်ကို ရိုက်ခတ်လျက်ရှိ၏။

www.burmeseclassic.com

www.burmeseclassic.com



'သူ အောင်တယ်...' ဟု လူစီက အော်ပြောသည်။ 'ကျွန်မသား အောင်တယ်'

အားလုံးက သူ့အား ဝိုင်းကြည့်နေကြသည်။

'ကောင်းတယ်၊ သိပ်ကောင်းတယ်' ဟု မစွတင်တို့က ရေရွတ်သည်။

'သားအတွက် ဂုဏ်ယူရမယ့် မိခင်တစ်ယောက် ဖြစ်သွားပြီ၊ မကြာခင် အလုပ်ကထွက်ပြီး ကိုယ့်ဝင်းကိုယ့်ခြံနဲ့ တခမ်းတနား နေရတော့မှာပါ' ဟု ဒင်ဇီက ပြောသည်။

'လူစီလဲ အဲသလိုပဲ တွေးချင်တယ်၊ ဒီအလုပ် လုပ်ရတာ ပင်ပန်းလှပြီ'

သူ ရုံးမှထွက်လာချိန်တွင် တစ်လောကလုံးသည် သာယာလှပနေသည်။ မြင်မြင်သမျှ အရာအားလုံးသည် မြတ်နိုးစရာတွေချည်း ဖြစ်နေသည်။

အိမ်လခကောက်တော့လည်း လုပ်စရာရှိသမျှကို မရပ်မနား လုပ်နေသည်။

ခါတိုင်းလိုပင်ပန်းခြင်း မောဟိုက်ခြင်းမရှိ။ သူ့တစ်ကိုယ်လုံး သွက်လက်ပေါ့ပါးနေသည်။

သူ့ပခုံးများပေါ်၌ ဆယ်နှစ်တိတိ ပိလာခဲ့သော ဝန်ထုပ်ဝန်ပိုးကြီးသည် လျော့ကျသွားခဲ့လေပြီ။ သူသည် ဘာမှအရေးပါ အရာရောက်သည့် မိန်းမတစ်ယောက်မဟုတ်။ ချမ်းသာ



ကြွယ်ဝသည့် မိန်းမတစ်ယောက်လည်း မဟုတ်။ အလွန် နိမ့်ကျသော အလုပ်တစ်ခုကို ဆင်းရဲသားရပ်ကွက်တွင်း၌ လုပ်ခွင်း ကိုင်ရင်းနှင့် သူ့သားအား ဆေးတက္ကသိုလ်သို့ ပို့ခဲ့၏။

အဝတ်ခံ အပြတ်ခံ၍ ပင်ပန်းကြီးစွာရုန်းကန်၍ သူ့သားအား ပံ့ပိုးပေးခဲ့ရ၏။

အခုတော့ သူ့သားသည် သူမြင်တွေ့လိုသည့် ဆရာဝန်တစ်ဦးအဖြစ်သို့ ရောက်ရှိသွားခဲ့လေပြီ။

ထိုညက သူသည် သွက်လက်ပေါ့ပါးသောခြေလှမ်းများနှင့် ဝယ်ယူလာသည့် ပစ္စည်းထုပ်များကိုဆွဲကာ အိမ်သို့ပြန်လာခဲ့သည်။

အိမ်ခန်းထဲတွင် သူ့သားရောက်နေပြီ။ သူ့မျက်လုံးအစုံတွင် မျက်ရည်များ ပြည့်ကာ လျှံကျလာသည်။

ထို့နောက် လက်ထဲမှ အလုပ်အားလုံးကို လွှတ်ချကာ လက်နှစ်ဘက်ကို ဆန့်တန်းပြီး သူ့သားဆီသို့ ပြေးသွားသည်။

'ပီတာ...၊ သား... ပီတာ'

* * *

www.burmeseclassic.com

www.burmeseclassic.com

## ( ၂၇ )

လူစီ့အတွက် အောင်ပွဲခံသည့်ရက်သို့ ရောက်လာသည်။ သူသည် သားဖြစ်သူ၏ ဘွဲ့နှင်းသဘင် အခမ်းအနားတက်ရန် အဝတ်အစား လဲလျက်ရှိသည်။

သူ့ပါးများသည် သွေးရောင်လျှမ်းတော နီမြန်းလျက်ရှိ၏။ ဝမ်းသာခြင်း၊ ပျော်ရွှင်ခြင်းနှင့် စိတ်လှုပ်ရှားခြင်းများသည် သူ့အား လွှမ်းခြုံထားကြသည်။

ပီတာကတော့ အစောကြီးကတည်းက သွားနှင့်ပြီ။ ဘွဲ့ဝတ်စုံငှားရန်နှင့် စနစ်တကျ ဝတ်စားဆင်ယင်ထားရန် လိုအပ်သည်ဟုဆိုကာ ကြို၍သွားနှင့်ခြင်းဖြစ်၏။

www.burmeseclassic.com

www.burmeseclassic.com



လူစီသည် သူ့အား၏ ဘွဲ့နှင်းသဘင် အခမ်းအနားသို့ တက်ရောက်ရန်အတွက် သူ့အဝတ်အစားများကို သူကိုယ်တိုင် အစမျှားဝယ်၍ သူကိုယ်တိုင် စိတ်တိုင်းကျ ချုပ်လုပ်ထားခဲ့ သည်။

သူ့လက်ရာသည် ကောင်းချင်မှ ကောင်းမည် ဖြစ်၏။ သို့သော်လည်း အခု ဝတ်ဆင်ပြီး မှန်ရှေ့၌ ရပ်၍ကြည့်လိုက် သည့်အခါ သူ့ကိုယ့်လုံးကိုယ်ထည်နှင့် များစွာ အဆင် ပြေ လျက်ရှိသည်ကို မြင်နေရ၏။

သူသည် မှန်ရှေ့တွင်ရပ်နေရာမှ ဖိနပ်စီးဖို့ သတိရသည်။ စင်ဆီသို့သွား၍ ရှူးဖိနပ်ကိုယူသည့်အခါတွင် သူမ စိတ်ပျက် ရ၏။

ဖိနပ်မှာ ဟောင်းနွမ်းလှပြီဖြစ်သည်။ ပေါက်သည့်နေရာက ပေါက်တာ ဖြဲသည့်နေရာကဖြဲနေသည်။ ညာဘက်ခုံတွင်ရှိနေ သည့်အပေါက်သည် လက်နှိုက်လို့ပင် ရနေ၏။

ဤပြဿနာကို သူ စောစောကတည်းက သိခဲ့သဖြင့် ဖိနပ် သစ် တစ်ရန်ဝယ်မည်ဟု စိတ်ကူးခဲ့သေးသည်။

သို့သော်လည်း တကယ်တန်းဝယ်ဖို့ စီစဉ်သည့်အခါ ငွေ က မရှိ။ သွားနှုတ်ခြင်း၊ ဦးထုပ်ဝယ်ခြင်းနှင့် အင်္ကျီစဝယ်ခြင်း စသည့် စရိတ်များက နှုတ်လိုက်သဖြင့် သူ့ လက်ထဲတွင် လက်ကျန်မရှိသလောက် ဖြစ်ခဲ့ရသည် မဟုတ်ပါလော...။



ယနေ့သည် သောကြာနေ့ဖြစ်၍ သူ့လုပ်ခ ထုတ်ရမည့် နေ့ဖြစ်သည်။ ငွေထုတ်ပြီးမှသွားလျှင် ဖြစ်ပါမလားဟု စိတ် ကူးကြည့်သည်။

လုံးဝမဖြစ်နိုင်၊ ဘွဲ့နှင်းသဘင်အခမ်းအနားက ဆယ့်တစ် နာရီတွင် စမည်ဖြစ်ရာ မီလိမ့်မည်မဟုတ်။ ရုတ်တရက်အတွေး တစ်ခုဝင်လာသည်။ ဘက်စီဖင့်ချ်ထံမှ ဖိနပ်တစ်ရန် ငှားစီးရ လျှင် အဆင်ပြေမလား။

ဘက်စီကတော့ ဝမ်းသာအားရ ငှားလိမ့်မည် ဖြစ်၏။ သို့သော်လည်း ဘက်စီ၏ဖိနပ်သည် သူနှင့် တော်မည်မဟုတ်။ ဘက်စီ၏ ဖိနပ်သည် အကြီးကြီးတွေဖြစ်၍ သူ့ခြေထောက် နှင့် ချောင်နေလိမ့်မည်ဖြစ်၏။

သူ့အဖို့ ရွေးစရာလမ်းမရှိ။ ရှိနေသည့်ဖိနပ်ကိုပင် အ ကောင်းဆုံးဖြစ်အောင် ပြုပြင်ပြီး စီးသွားရန်သာ ရှိတော့၏။

သူသည် အမှိုက်ခြင်းထဲမှ စက္ကူထူထူများကိုယူ၍ ခေါက် ချိုးကာ ဖိနပ်ထဲသို့ သွင်းသည်။ အပေါက်များကို ပိတ်သွား အောင် ခုပေးခံပေးသည်။

ထို့နောက် ဖိနပ်ကိုစီးကြည့်သည်။ အနေတော်ပင်ဖြစ်၏။

သူ့အနေဖြင့် ရှူးဖိနပ်ဟောင်းကို အခုလို ပြုပြင်ဖာ ထေးပြီး စီးရသည့်အတွက် ဂုဏ်ငယ်စရာရှိ၏။ ကိုယ်ပေါ်မှ

www.burmeseclassic.com

www.burmeseclassic.com



အဝတ်ထက် ခြေထောက်မှဖိနပ်ကို ဂရုတစိုက် အလေးထား သူဟူ၍ ရှိလိမ့်မည်မဟုတ်။

လှစိ အပြင်ထွက်လာသည့်အခါ အခန်းဝမှ သူထွက် အလာကို စောင့်နေသည့် ဘက်စီဖင့်ချ်နှင့် ဆုံမိသည်။

'ရှင့်အတွက် ကျွန်မ အမေ့ဆီကယူလာတာ' ဟု ပြော ထာ ပန်းရောင် နှင်းဆီပွင့်လေး တစ်ပွင့်ပေးသည်။

'ဟောဒီမှာ ပင်အပ်'

ပြောပြောဆိုဆိုပင် ဘက်စီသည် နှင်းဆီပွင့်ကို ပင်အပ်နှ လှစိ ရင်ဘတ်၌ တွယ်ပေးသည်။

လှစိက ကျေးဇူးတင်စကားပြောကာ လှေကားမှဆင်းလာ ခဲ့သည်။

ချုပ်လုပ်ပုံ မသေမသတ်နိုင်လွန်းလှသည့် ဝတ်စုံကိုဝတ်၍ ရင်ဘတ်တွင် နှင်းဆီပွင့် လုလှလေးတစ်ပွင့်ထိုးကာ ရှ ဖိနပ်စုတ်ကိုစီး၍ တက္ကသိုလ်ကျောင်းဘက်သို့ လျှောက်သွာ နေတော့ လှစိ၏ဦးခေါင်းသည် 'မော့'လျက် ရှိလေသည်။

သူသည် တက္ကသိုလ်ဝင်းထဲသို့ တစ်ကြိမ်တစ်ခါမှ ရောက် ဖူးသည်မဟုတ်။ ယခုတော့ဖြင့် ကြီးကျယ်ခမ်းနားသည့် ဗိ တစ်ပွဲသို့ ဂုဏ်သိက္ခာမြင့်မားစွာနှင့် တက်ရပေတော့မည်။



အငှားကားများနှင့် ကိုယ်ပိုင်ကားများသည် ဂိတ်တံခါး မှနေ၍ အဆက်မပြတ် ဝင်သွားနေကြသည်။

ဆင်ဝင်အောက်တွင်လည်း လူစုလူဝေးများ၊ ဘွဲ့နှင်း သဘင်ခန်းမထိပ်မှ တိုင်တွင် အလံတစ်ခုသည် တလူလူလွင့် လျက်ရှိ၏။

ရုတ်တရက် 'ငါ နောက်ကျနေပြီထင်တယ်' ဟူသော အတွေးဝင်လာသဖြင့် လှစိသည် ခြေလှမ်းများကို သွက်သွက် လှမ်းသည်။

ဖိနပ်ထဲမှ ခံထားသော စက္ကူ ထူထူအစများသည် သူ့ ခြေထောက်များအား မညှာမတာ ထိုးဆွနေကြသည်ဟုပင် ထင်ရ၏။

ထို့နောက် ညာဘက်ဖိနပ်ခုံမှ အပေါက်သည် မြန်ပွင့် သွားသည်။ သူ့ခြေဖဝါးမှ အသားနုနုသည် သမံတလင်း ကြမ်းပြင်နှင့် ထိတွေ့ပွတ်တိုက်နေသည်ကို သတိထားမိ၏။

ရှက်စိတ်ဖြင့် သူ့မျက်နှာသည် နီရဲနေသော်လည်း သူ ဘယ်လိုမှ လုပ်၍ မရနိုင်မှန်းသိနေသဖြင့် အရှိန်မပျက် ဆက် လျှောက်သည်။ တက္ကသိုလ်နာရီစင်မှ နာရီလက်တံသည် ဆယ့်တစ် ချက်သည် မှန်မှန်ကြီး ထွက်ပေါ်လျက်ရှိလေပြီ။

www.burmeseclassic.com

www.burmeseclassic.com



ခန်းမထဲရောက်လျှင်ရောက်ချင်း သူ့သားအား မျက်ရှာသည်။ သို့သော်လည်း မိတာအားမတွေ့။

သစ်လွင်တောက်ပသော အဝတ်အစားများဝတ်၍ ရှ ရှုတ်သဲသဲ စုဝေးနေကြသည့် ပရိသတ်ကိုတော့ သူမြင်နေရ သူသည် သူ့ထိုင်ခုံတွင်ဝင်ထိုင်ကာ ဟိုဟိုသည်သည် မျှ ကြည့်သည်။

ဝတ်စုံပြည့် ဝတ်ထားသူများသည် အတွင်းဘက်မှ တန်း ၍ ထွက်လာကြပြီး နေရာယူနေကြပြီ။

ကျောင်းအုပ်ကြီး နှင့် အဖွဲ့ဝင်များသည်လည်း စင်မြင့် ပေါ်တွင် နေရာယူထားကြပြီ။ ထို့နောက် လက်တင်ဘာသာ ဖြင့် သီချင်းဆိုသံနှင့် စန္ဒရားသံ။

ထို့နောက်တွင် သူ ဘွဲ့နှင်းသဘင် အခမ်းအနား စသည်။ လူစီသည် ပေါက်နေသောဖိနပ်ကို အခြားလူများ မမြင် အောင် ခြေထောက်ကို နောက်သို့ကွေးထားပြီး ဦးခေါင်းကို မော့ကာ ရှေ့သို့မျှော်ကြည့်လျက် ရှိလေသည်။

ဝတ်စုံနှင့်လူငယ်များသည် တစ်ယောက်ပြီး တစ်ယောက် စင်ပေါ်သို့တက်သွားကာ ကျောင်းအုပ်ကြီး အပ်နှင်းသည့် ဘွဲ့ကို လက်ခံယူနေကြသည်။



နောက်ဆုံးတွင် ပီတာခေါ်နာမည်ကို ခေါ်သံကြားလိုက် ၏။ စင်မြင့်ဆီသို့ လျှောက်သွားနေသည့် သူ့သား။

စင်မြင့်ပေါ်သို့ တက်နေသည့်သူ့သား။ တည်ငြိမ်ခံ့ညား နေသည့် သူ့သား။ သူ့မျက်စိထဲတွင် ကြည့်မဝ ရှုမဝ။

လူ့သား ဒူးထောက်၍ထိုင်နေရာမှ ထရပ်လိုက်သည့်အခါ ထက်ခုပ်သံများ ကြားရသည်။

သူ့လက်ခုပ်သံနှင့် ရောသွားသည်။ တစ်နေရာမှ လူစု ကို ကား တီးလိုက်ခြင်း ဖြစ်ပေလိမ့်မည်။

ဘယ်သူတွေများပါလိမ့်။ သူ စဉ်းစား၍မရ။ စဉ်းစားဖို့ သည်း အချိန်မပေးနိုင်။

နောက်ဆုံးတွင် အခမ်းအနားပြီးဆုံးသွားသည်။ လူတွေ ထရပ်ကာ နှုတ်ဆက်ကြ၊ စကားပြောကြ၊ ရယ်မောကြသည်။

လူစီသည် အပြင်ဆောင်ဘက်သို့ ထွက်လာခဲ့သည်။ တချို့ လူတွေက သူ့အား အထူးအဆန်း တစ်ခုသဖွယ် ဝိုင်းကြည့် နေသည်ဟု စိတ်ထဲက ထင်မိ၏။

သူ ဘယ်သူ့ကိုမှပြန်မကြည့်။ အပြင်ကိုသာရှေ့ရှု၍ ထွက် လာခဲ့သည်။

ပီတာအား အပြင်မှစောင့်မည်ဟု သူ ပြောထားခဲ့သည် မဟုတ်ပါလော။

www.burmeseclassic.com

www.burmeseclassic.com



သူသည် တိုင်တစ်တိုင်တွင် မှီ၍ရပ်ကာ သူ့ သားအလာကို စောင့်မျှော်သည်။ တဖြည်းဖြည်းနှင့် ခန်းမထဲတွင် လူပါး သွားသည်။

တစ်နေ့ဆုရှိ လူတစ်စု၏အလယ်၌ ရပ်၍စကားပြောလိုက် ရယ်လိုက်လုပ်နေသည် ပီတာ။

သူသည် လက်နှစ်ဘက်ကို ကျစ်ကျစ်ပါအောင် ဆုပ်လိုက်မိ၏။ မျက်နှာထားသည် ချက်ချင်းပင် တင်းမာသွားသည်။ သူ မယုံကြည်နိုင်သည့်အဖြစ်။

သူတို့အားလုံး သူ့ သားအား ဝိုင်းရံနေကြသည်။

ရစ်ချတ်၊ ဖာရာနှင့်ရှားလ်၊ ပြီးတော့ အီဗာ။ အက်ဒ်ဝပ် ဂျီးနှင့် သူ့ နှမပေါ်လီ၊ အားလုံး…အားလုံး။

ဂျီးက လူစီအား လက်မြှောက်နှုတ်ဆက်သည်။ အားလုံး က သူ့ ဘက်သို့လှည့်၍ လှည့်ကြည့်ကြသည်။

လူစီသည် အချိန်အတန်ကြာမျှမလှုပ်မယှက် ရပ်နေသည်။ ထို့နောက် သူတို့လူစုဆီသို့ ခပ်ဖြည်းဖြည်း လျှောက်သွား သည်။

'သိပ် ဝမ်းသာတာပဲ လူစီ'ဟု ရစ်ချတ်က ပြောသည်။

'သားရဲ့ ထူးခြားပြောင်မြောက်တဲ့ အောင်မြင်မှုတစ်ခုရဲ့ အသိအမှတ်ပြုကြရမှာပဲ'



လူစီကတော့ ဘာမှပြန်မပြော။ ဤလူစုနှင့် မမျှော်လင့်ဘဲ အခုလိုဆုံရသည့်အတွက် ရင်ထဲတွင်ဘဝင်မကျ ဖြစ်နေဆဲ။

'မိသားစု တစ်စုလုံး ပြန်လည်ဆုံတွေ့ ပေါင်းစည်းတဲ့ ပွဲကလေးတစ်ပွဲပေါ့'ဟု အက်ဒ်ဝပ်က ပြောသည်။

'အချိန်အခါနဲ့ အခြေအနေတလဲ ပေးထားပြီ မဟုတ် လား၊ ပီတာက ကိုယ့်ဆီ စာလှမ်းရေးလိုက်တဲ့ အချိန်ဟာ အားလုံး ဆုံသင့်တဲ့အချိန်လို့ ကိုယ်ဆုံးဖြတ်လိုက်ပြီး လာခဲ့ တာပဲ၊ ကိုယ်တို့ဆွေမျိုးတွေ ပီတာ့အတွက် ဂုဏ်ယူရမယ့် အချိန်ပါ'

အီဗာက လူစီအား တစ်ချက်ခိုးကြည့်ပြီး အကဲခတ်သည်။

'အီဗာတို့ ဒီနေ့ပွဲမှာ တင်းနစ်ပါတီပွဲလုပ်တုန်းက ပီတာနဲ့ ခင်တဲ့သူငယ်ချင်းတွေကိုပါ ဖိတ်လာခဲ့တယ်'ဟု ပြောသည်။

ထို့နောက် အားလုံးကို လူစီနှင့်မိတ်ဆက်ပေးသည်။ လူစီ မျက်နှာသည် နီရဲလျက်ရှိသည်။

ဒီပွဲကို သူတို့က ဘာဆိုင်လို့ လာကြတာလဲ၊ မိတ်ဆွေ ကောင်းအဖြစ် ဟန်ဆောင်ပြီး လာကြခြင်းသာ ဖြစ်မည်။

သူ့ သားအား ဘာ့ကြောင့် နှောင့်ယှက်နေကြတာပါ လိမ့်၊ ပြီးတော့ သူ့ သားကိုသာမဟုတ် မိမိကိုပါ စိတ်ဆင်းရဲ အောင် လုပ်ကြဦးမည်မှာ မလွဲ။

www.burmeseclassic.com

www.burmeseclassic.com



ဤပွဲသည် မိမိနှင့်မိမိသားတို့ နှစ်ယောက်တည်း တိုက်ခိုက်အနိုင်ယူထားခဲ့သည့်အောင်ပွဲ ဖြစ်၏။

ဤအောင်ပွဲတွင် အခြားလူတွေက အခုမှ ဘာ့ကြောင့်လာပြီး ဝေမျှ ခံစားချင်ကြတာပါလိမ့်။

သူတို့လုပ်နေပုံသည် တရားမျှတမှု ရှိမည်မထင်။ တိုက်ပွဲဝင်နေရစဉ်တုန်းကတော့ အားလုံးက သူ့အား ဥပေက္ခာပြုထားခဲ့ကြ၏။ လျစ်လျူရှုထားခဲ့ကြ၏။

သူတစ်ယောက်တည်း ခင်းနေသည့် စစ်ပွဲကို ဘေးမှရပ်ကြည့်ပြီး အားပေးဆုမှုပင် ပြုဖော်မရ။

လူစီ၏စိတ်အာရုံတွင် ရှုန်းကန်လှုပ်ရှားခဲ့ရသည်များ ပြန်လည် ထင်ဟပ်လာသည်။

မရပ်မနား လုပ်ခဲ့ရသည့်အလုပ်၊ ခြစ်ကုပ်ချွေတာနေခဲ့ရသည့်ဘဝ၊ ငတ်တစ်လှည့် ပြတ်တစ်လှည့် ဖြစ်ခဲ့ရသည့်ဘဝ....။

ဝမ်းနည်းစရာ၊ ကြေကွဲစရာ၊ နာကြည်းစရာ ရင်ဆိုင်ခဲ့ရသည့်ပြဿနာများ....။

သူသည် မျက်ရည်ကျမလာစေအောင် အံကိုကြိတ်၍ စိတ်ကိုတင်းထားသည်။ 'ပြန်လည်ဆုံတွေ့ပေါင်းစည်းတဲ့ပွဲတစ်ပွဲ' တဲ့။ သူတို့မို့ မရှက်မကြောက် ပြောရက်လေခြင်း။



'ရှင်ပြောတဲ့မိသားစု ပြန်လည်ဆုံတွေ့ပေါင်းစည်းတဲ့ပွဲဟာ အချိန်တွေ သိပ်နောက်ကျသွားပြီလို့ ကျွန်မထင်တာပဲ' ဟု လူစီက တင်းမာ အေးစက်သောလေသံဖြင့် ပြောသည်။

အမှားကိုပြင်တဲ့ကိစ္စမှာ အချိန်နောက်ကျတယ်ဆိုတာ မရှိပါဘူး လူစီ' ဟု အက်ဒ်ဝပ်က ပျော့ပျောင်းပျသော လေသံဖြင့် ပြန်ပြောသည်။

'လာပါ အမေရယ်' ဟု ပီတာက နှစ်ကိုယ်ကြား လေသံဖြင့် တပ်ပြောသည်။

'ဒီနေ့ တစ်ရက်တော့ ဟိုတုန်းက ဟာတွေပြန်မပြောပါနဲ့တော့၊ သည်းခံလိုက်ပါတော့'

လူစီက ပီတာအား စူးစူးရဲရဲကြည့်နေသည်။

'ကဲ....ကဲ.... ဘယ်လိုလဲ၊ ဒီလူစုရဲ့ စားရေးသောက်ရေးကို ချုပ်ဖော တာဝန်ယူမယ်လို့ ကြို့ပြောထားပြီးပြီ။ ကျုပ်ကတော့ ဗိုက်ဆာလှပြီ၊ ဂရော့စ်ဗင်းနားဆိုင်ကို သွားကြရင် ကောင်းမယ်ဆိုတာ အကြံပြုပါရစေ' ဟု ဂျိုးက သူ့ဝသီအတိုင်း အော်ကြီးဟစ်ကျယ်ပြောသည်။

'ဆိုင်မှာ 'သီးသန့်အခန်းလုပ်ထားတယ်၊ သောက်စရာတွေ ရှန်ပိန်....ပဲ'

www.burmeseclassic.com

www.burmeseclassic.com



ဂျုံး၏စကားကို အားလုံးမျှားက ဝိုင်းဝန်းထောက်ခံကြ သည်။ တစ်ယောက်တစ်ပေါက် ပြောဆိုနေကြသည်မှာ ဆူညံ လျက်ရှိ၏။

သူ့သားနှင့် စကားပြောလို၍ အလစ်ချောင်းနေသော လူစိမျှ စကားပြောဆိုခွင့်မရ။

'အားထဲမှာ လူကတော့ တအားကျပ်မှာပဲ' ဟူသော အသံတစ်သံ လူစိ၏နောက်မှ ထွက်ပေါ်လာသည်။

'သိပ်ကျပ်နေရင်တော့ ပီတာကို နင့်ဒူးပေါ် ထိုင်ခိုင်းရိုက်

လူစိ၏ တစ်ကိုယ်လုံး အေးကနဲ ဖြစ်သွားသည်။

ထိုစကားပြောလိုက်သူအား လှည့်ကြည့်ချင် သော်လည်း ရှိင်းရာကျမည်စိုးသဖြင့် လှည့်မကြည့်နိုင်။ သူသည် ပေါ် လီနှင့်တွဲ၍ ရွှေဆုံးမှလျှောက်သွားသည်။

ပေါ်လီက သူ့ဖိနပ်ကိုငုံ့ကြည့်ပြီး 'မင့်ခြေထောက် အား ဖြစ်လို့လဲ၊ ထော့နင်းထော့နင်းနဲ့'ဟု မေးသည်။

လူစိအမဖြေ။ သူ့စိတ်သည် ပီတာ့ထံ ရောက်နေသည်။

သူ့ရင်ထဲတွင် သူ့သားအား ပြောချင်သည့်စကားတွေ အများကြီးရှိနေသည်။



သူ့သားကို သူနှင့် နှစ်ယောက်တည်းသာ ရှိစေချင်၏။

သို့သော်လည်း အခြေအနေမပေး။ ကားမှူ ရပ်ထား သည့်နေရာသို့ ရောက်သွားသည်။

လူငယ်တစ်ဦးက တံခါးများကို ဖွင့်ပေးသည်။ ကဲ...ရှိစိ နှင့်အရင်ဆုံး ဝင်ထိုင်'ဟု ပြောသည်။

'မန္တက်မူး ရွှေအဝင်ပါ'ဟု သူ့အနီးမှ ပြောသံကြား လိုက်ရသဖြင့် လူစိက လှည့်ကြည့်သည်။ သူ့အားပြုံးကြည့်နေ သည့် မိန်းကလေးတစ်ဦး၊ လူစိက အပြုံးဖြင့် ကြိုဆိုတုံ့ပြန် ခြင်းမပြု။

'လူစိ မလိုက်ချင်ဘူး' ဟူသောအသံသည် လူစိ့နှုတ်မှ ထွက်လာသည်။

အားလုံးက ဝိုင်း၍ခေါ်ကြသည်။

'လိုက်ခဲ့ပါအမေရယ်'ဟု ပီတာက တိုက်တွန်းပါသော် သည်းမရ။

'ငါမလိုက်နိုင်ဘူးဆိုတာ မင်း သိသင့်တယ်'ဟု လူစိက ဒေါသတကြီး ပြန်ပြောသည်။ အက်ခ်စဝပ်နှင့် ဂျုံးတို့က ဝင်ပြောကြပါသော်လည်းမရ။

'ကဲပါလေ၊ လိုက်မယ့်လူတွေ အားထဲဝင်ကြ' ဟု ဝန် ချုပ်က ဝင်ပြောသည်။

www.burmeseclassic.com

www.burmeseclassic.com



'လှစီမလိုက်တာ သူ့အကြောင်းနဲ့သူ ရှိမှာပေါ့၊ နေ
ပါစေ'

ရှိစဉ်က ပီတာအား နားမလည်သည့် မျက်နှာထားဖြင့်
ကြည့်နေသည်။ ပီတာ့မျက်နှာသွေးရောင်မရှိ၊ ဖြူရော်ဖျော်
ဖျော့တော့တော့ ဖြစ်နေသည်။

ထို့နောက် လှစီမှတစ်ပါး အားလုံးအခန်းထဲ ဝင်ထိုင်ကြ
သည်။ လှစီ့နားထဲတွင် ကားစက်နှိုးသံ ကြားလိုက်ရသည်။

လှစီသည် သူ့အနီးမှ ထွက်ခွာသွားသော ကားကို မျက်စိ
တစ်ဆုံး ရပ်ကြည့်နေသည်။

ထို့နောက် ခြေထောက်များသည် ဖလားဝါးလမ်းဆီသို့
ဦးတည်၍ နှေးကွေး လေးလံစွာ လျှောက်သွားလျက်ရှိ
လေ၏။

အိမ်ရောက်သည့်အခါ မီးဖိုခန်းထဲရှိ သူ့အိပ်ရာပေါ်သို့
ခြေပစ်လက်ပစ် လှဲချလိုက်ကာ မျက်နှာကျက်ဆီသို့ တွေဝေ
ငေးမောနေသည်။

မစ္စတင်တိုက ယနေ့တစ်နေ့လုံး သူ့အား အလုပ်မှ အနား
ပေးခဲ့၏။

အချိန်တွေအများကြီး ရှိနေသေးသော်လည်း သူ့မှာ
တစ်ယောက်တည်း။ သားနှင့်အချိန်ဖြုန်းလိုက်မည်ဟု အား
ထားသမျှ သည်။ လေထဲ၌ စိတ်ကူးနှင့် တည်ဆောက်ထား
သည့် တိုက်အိမ်သဖွယ် ဖြစ်သွားခဲ့ရလေပြီ။

နားကြည်းခံပြင်းသောစိတ်ကြောင့် သူ့ရင်သည် လှိုင်းထ
လျက်ရှိ၏။ ပီတာသည် သူ့သားဖြစ်၏။ သူမွေးထားသော
သားဖြစ်သည်။

သူ့သားအား သူမှတစ်ပါး အခြားဘယ်သူကမှ ပိုင်ဆိုင်
သည်မဟုတ်။ ပိုင်ဆိုင်ခွင့်လည်းမရှိ။ ယင်းကဲ့သို့ တွေးမိ
သာအခါ သူ့စိတ်သည် သက်သာရာရလာသည်။

တစ်နာရီထိုးသည့်အခါ လှစီသည် အိပ်ရာပေါ်မှဆင်း
ကာ လက်ဖက်ရည်တစ်ခွက် ဖျော်သောက်သည်။

လုပ်စရာရှိသည်များကို လုပ်သည်။ လေးနာရီထိုးတွင်
အိမ်မှထွက်ကာ ဓာတ်ရထားဖြင့် ရုံးသို့သွား၍ သူ့လုပ်ခကို
ယူသည်။

အပြန်တွင် ဈေးဝင်၍ ညစာအတွက် ဟင်းလျာ ကောင်း
ကောင်းဝယ်ပြီး အိမ်ပြန်သည်။

သူ့သားကတော့ ပြန်မရောက်သေး၊ သူသည် ဝယ်လာ
သည့် ကြက်သားကို အကြိုက် စိတ်တိုင်းကျဖြစ်အောင် ချက်
သည်။



www.burmeseclassic.com

www.burmeseclassic.com



အခုကျတော့လည်း မနက်က ကြုံခဲ့ရသမျှကို မေ့သွားပြီး သူသည် လုပ်စရာရှိသမျှကို သွက်သွက်လက်လက် ပေါ့ပေါ့ပါးပါး လုပ်ကိုင်လျက်ရှိ၏။

ချက်ပြုတ်ပြီးသွားသည့်အခါ စားပွဲကို ပြင်ဆင်ခင်းကျင်းသည်။ ထို့နောက် ကုလားထိုင်တွင် ထိုင်ကာ သူ့သား၏ ခြေသံကို နားစွင့်နေသည်။

ခုနစ်နာရီပင်ထိုးပြီ၊ သူ့သား၏ ခြေသံကိုရော သေချာပေါက် ကိုပါ မကြားရသေး။ ထိုင်ရာမှထ၍ အိမ်ခန်းသို့ ထွက်ကာ ပြတင်းပေါက်မှ ရပ်ပြီး အပြင်လမ်းမပေါ် မျှော်ကြည့်သည်။

သူ့သား၏ အရိပ်အယောင်ကိုမမြင်ရ။ မီးဖိုခန်းထဲ ပြန်ဝင်ပြီး နာရီကိုမော့ကြည့်သည်။ ရှစ်နာရီထိုးဖို့ ဆယ့်ငါးမိနစ်မျှသာ လိုတော့၏။

သူသည် ကုလားထိုင်တွင်ပြန်ထိုင်ကာ သူ့သားပြန်ရောက်အလာကိုစောင့်မျှော်ပြန်သည်။

ကိုးနာရီထိုးပြီ၊ သူ့သားပေါ်မလာသေး။ စားပွဲပေါ်ရှိ ညစာဟင်းလျာသည် အေးစက်ကုန်ပြီ။ သူသည် ထိုင်ရာမှ ထ၍ စားပွဲပေါ်၌ တည်ခင်းထားသမျှကို ပြန်သိမ်းသည်။

သားအမိနှစ်ယောက် စကားတပြောပြောနှင့် ညစာကို အေးအေးလူလူ စားမည်ဟု အားခဲထားသော်လည်း ယခု မလာ။ ဝမ်းနည်းစိတ်ခင်လျက်ရှိသော်လည်း ဤ တစ်ကြိမ်တွင် မျက်ရည်တော့မကျ။



သူ့သားပြန်ရောက်လာသည့်အခါ ဆယ်နာရီ ထိုးနေလေပြီ။ လူစီသည် စာထိုးနေရာမှ သူ့သားအား တစ်ချက်မျှ မော့ကြည့်သည်။

'အမေရာ....ဒီလူတွေ လုံးဝ ခွာလို့မရဘူး'ဟု ပီတာက ရယ်ရာမောကာဖြင့် ပြောသည်။

'အမေကတော့ သားပြန်မလာတော့ဘူးလို့ ထင်နေမှာပဲ၊ စိတ်ကော ပူနေသေးလား'

'မပူပါဘူး၊ မင်း ပြန်မလာဘဲ မနေဘူးဆိုတာ အမေ သိနေတာပဲ' ဟု လူစီက ပြန်ပြောသည်။

'အမေက ဘာ့ကြောင့် ပူနေရမှာလဲ အမေ့ အနာဂတ်ဟာ သာယာဖြောင့်ဖြူးတော့မယ့် အလားအလာတွေ ရှိနေပြီပဲ'ဟု ထပ်ပြောသည်။

www.burmeseclassic.com

www.burmeseclassic.com

( ၂၈ )

အချိန်ကာလသည် ငါးလပင်ရှိခဲ့ပြီ။ သူ့သခင်၏ ဆေးရုံ အက်တောက် ဆရာဝန် တာဝန် သည်လည်း ပြီးဆုံးတော့ သည်။ ထိုအခါကျမှပင် လူစီသည် သူတို့သားအမိ ရှေ့ခရီး အယ်လိုဆက်သွားသင့်သည်ကို စဉ်းစားသည်။

သူ့သားကတော့ အပြင်တွင် ဆေးခန်းတစ်ခန်းဖွင့်ဖို့ ငွေ ကြေး အကူအညီ ပေးသည့်သူရှိလျှင် သိပ်ကောင်းမှာပဲဟု ကြာခဏ ပြောသည်။

သူကတော့ သူ့သား၏အယူအဆကို ထောက်ခြင်း မပြု သော်လည်း စိတ်ထဲကတော့ ကြိတ်၍ပြုံးမိသည်။

www.burmeseclassic.com

www.burmeseclassic.com



သူ့အားဆည် အခုမှအသက်ဆယ့်နှစ်နှစ်မျှသာရှိသေး၏ ငွေအသုံးကရောက်လာမည်ကို တွေးပြီး မျှော်နေစရာမလို ထင်သည်။

သူ့အတွက် ရွေးစရာ အကောင်းဆုံး လမ်းတစ်လမ်းသည် ရှိနေ၏။ ထိုလမ်းသည် အလုပ်ကို ပင်ပန်းကြီးစွာလုပ်သွားရ ရှိသော်လည်း အာ သာယာဖြောင့်ဖြူးဖို့ကတော့ အာ ချက်ရှိလိမ့်မည်ဟု တွက်သည်။

တကယ်တော့ လူငယ်တစ်ယောက်အဖို့ အလုပ်ကိုရှာ နေ၍မဖြစ်၊ လုပ်ရလိမ့်မည်သာ ဖြစ်၏။

ခက်ခဲပင်ပန်းခြင်းကိုလည်း ကြောက်နေ၍ မဖြစ်။ သူ့ သားအမိသည် ခက်ခဲပင်ပန်းမှုများနှင့် ဆင်းရဲမှုများကို ခံ စည်း၍ စိတ်အားခဲ့ရဖူးပြီ မဟုတ်ပါလား။

သူ့သားအနေဖြင့် အင်္ဂလန်နိုင်ငံ၏ နယ်မြေဒေသတစ် တွင် ယက်ထောက်ဆရာဝန် ဝင်လုပ်မည်ဆိုပါက ခက်ခဲစ မရှိ။ မိမိက သား၏ အိမ်ထောင်ကို စနစ်တကျ ထိန်းသိမ်း ပေးနေပြီး သူ့သားက ထိုအလုပ်ကိုလုပ်နေလျှင် ပူပန်စ အကြောင်းမရှိ။ မိမိကတော့ အင်္ဂလန် နိုင်ငံထဲမှာသာ လို၏။

တခြားကြောင့်မဟုတ်။ ဤနိုင်ငံ၏မြောက်ပိုင်းဒေသဘ တွင် ဆရာဝန်လစာကို ကောင်းကောင်းပေးတတ်ကြ၏။

အကယ်၍သာ စီးပွားရေး အချိုက်အချောကျသည့် မြို့ အလေးတစ်မြို့၌ သူ့သား အလုပ်ရခဲ့ပါမူ ပြောစရာမရှိ လောက်အောင် အခြေအနေကောင်းလိမ့်မည်ဟု သူယုံကြည် ထားသည်။

ထိုစိတ်ကူးရှိနေသော လူစီသည် 'လန်ဆက်' သတင်းစာ တွင် အလိုရှိသည်ဟူသော ကြော်ငြာကို နေ့စဉ်ရှာသည်။

ဤသို့ဖြင့် တစ်ရက်တွင် ယက်ထောက်ဆရာဝန်နှစ်ဦးအလို ရှိသည်ဟူသော ကြော်ငြာကို သူတွေ့သည်။

'မြောက်ပိုင်း စတက်ဖို့ဒ် ဆေးဝါးကူညီ ထောက်ပံ့ရေး အဖွဲ့'မှ ကြော်ငြာဖြစ်၏။

ဖျတ်ဖျတ်လတ်လတ် တက်ကြွသော ဆရာဝန် လူငယ်နှစ် ယောက် အလိုရှိကြောင်း ဂလက်ဇဂို တက္ကသိုလ်မှ ဘွဲ့ရ ဆရာ ဝန်ဆိုလျှင် ဦးစားပေးမည်ဖြစ်ကြောင်း၊ ခန့်ထား ခံရပါက နေအိမ်အခမဲ့၊ ကျောက်မီးသွေးနှင့် လျှပ်စစ်မီး အခမဲ့ ပေး မည့်အပြင် လစာငွေ တစ်နှစ်လျှင် ပေါင် သုံးရာငါးဆယ် ပေးမည်ဖြစ်ကြောင်း ဖော်ပြထားသည်။

မက်မောစရာကောင်းသည့် ကမ်းလှမ်းချက်မျိုး ဖြစ်၏။ လစ်လပ်နေသော နှစ်နေရာအနက် တစ်နေရာကိုတော့ ဗီတာ မရဘဲ နေမည်မဟုတ်။

www.burmeseclassic.com

www.burmeseclassic.com



လူစီသည် ချက်ချင်းပင် သူ့သားရှိရာ အရှေ့ပိုင်း ရှိ[illegible]ရယ် ဆေးရုံကြီးသို့ ဖုန်းဆက်၍ မြောသည်။

ပီတာတလည်း ထိုကြော်ငြာကိုသူတွေ့ကြောင်း၊ ထိုအလုပ်[illegible]ကို သူသိပ်ပြီး စိတ်မဝင်စားကြောင်း၊ အထူးသဖြင့် ဓာ[illegible]ထရိုက်စနစ် နှစ်ချုပ်ဖြင့် လုပ်ရသော အလုပ်များကို သ[illegible]မလုပ်လိုကြောင်း ရှင်းပြသည်။

ဘယ်လိုပဲဖြစ်ဖြစ်၊ ဤကိစ္စကို သူ့သား ဆေးရုံမှ ပြန်လာ[illegible]လျှင် ထပ်မံ၍တိုင်ပင်ပြီး ဆုံးဖြတ်မည်ဟု သူ စဉ်းစားထာ[illegible]သည်။

လူစီသည် သူ့သား မြန်အလာကိုစောင့်ရင်း ရောက်တတ်[illegible]ရာရာများကို တွေးလျက်ရှိ၏။

သူ့အနေဖြင့် ယခင်တုန်းကလို အပူအပင် မကြီးတော့[illegible]သူ့အနာဂတ်ဘဝသည် သူ့သားလက်ထဲ ရောက်နေပြီဖြစ်၍[illegible]ပူစရာမရှိတော့ဟုပင် သူတွက်ထားသည်။

ထိုအခိုက်တွင် အပြင်မှာ ဘဲလ်ကြိုးဆွဲသံကို သူကြားလိုက်[illegible]ရ၏။ သူသည် ထိုင်ရာမှ ခပ်ဖြည်းဖြည်းထ၍ ခန်းမထဲသို့သွား[illegible]သည်။

ပီတာမဟုတ်မှန်းကို သူ သိနေသဖြင့် ဘယ်သူများပါလိမ့်[illegible]ဟု တွေးကာ တံခါးကိုဖွင့်ပေးလိုက်သည်။



အသက် ခပ်ကြီးကြီး၊ မျက်နှာနီနီနှင့် လူတစ်ယောက် သူ့အား အပြုံးဖြင့် ဆီးကြိုနေသည်ကို တွေ့ရ၏။

ညှိုသည်မှာ အရပ်ပုပု၊ လက်တွင် လက်စွပ်သုံးကွင်းဝတ်ထားသည်။ ငွေနားကွပ် လက်ကိုင်တုတ် တစ်ချောင်း ကို ထောက်၍ ရပ်နေခြင်းဖြစ်၏။

'မစ္စက်မူး မဟုတ်လား'ဟု မျက်နှာစိမ်းက ဖော်ရွေသော အပြုံးဖြင့် မေးသည်။

'ဟုတ်ပါတယ်'

'ကျွန်တော် စကားပြောစရာရှိလို့ လာတာပါ'

လူစီက ခြေဆုံးခေါင်းဆုံးကြည့်သည်။

'ရှင်က ဘာပြောချင်လို့လဲ၊ ကျွန်မ ရှင့်ကို မသိပါလား'ဟု ပြောသည်။

'ကျွန်တော်တို့ မကြာခင်မှာ လူချင်း ရင်းနှီးလာရတော့မှာပါ'ဟု လူစိမ်းက ရယ်၍ ပြောသည်။

'ထားပါတော့၊ အခု ရှင် ဘာပြောချင်လို့လဲ'ဟု လူစီက ထပ်မေး ပြန်သည်။

'ဒီလိုပါ၊ အခုလာတာ ခင်ဗျားသားနဲ့ ပတ်သက်တဲ့ ကိစ္စ တစ်ခုပြောစရာ ရှိနေလို့ပါ၊ ကျွန်တော့်အဖေ့ သိပ်ပြီး

www.burmeseclassic.com

www.burmeseclassic.com



မကောင်းမှာစိုးရချင်ပါဘူး၊ အိမ်ထဲခေါ်ပြီး စကားပြောခွင့်ရချင်ပါတယ်’

လူစီသည် တုန့်ဆုတ်ဆုတ်အမူအရာဖြင့် တံခါးဝ၌ ပိတ်ရပ်နေရာမှ ဖယ်ပေးသည်။

သူစိမ်းသည် ကုလားထိုင်တွင် ဝင်ထိုင်သည်။ ဒူးနှစ်လုံးကို ထားထားပြီး လမ်းလျှောက်တုတ်ကို လက်နှစ်ဘက်ဖြင့် စုကိုင်ထားပြီး လူစီအား လှမ်းကြည့်နေသည်။

လူစီကတော့ အခုအချိန်ထိ သက်သာမကောင်းဖြစ်ဆဲ။ ငွေတိုးချေးသည့်လူလား။ သူ့သား ပီတာသည် ဤလူ၏ ထောင်ချောက်ထဲ ကျသွားလေသလော။

‘ခင်ဗျားသား ကွီစ္စပါ’ဟု လူစိမ်းက စကားစသည်။

‘ဒီလိုရှိပါတယ်၊ သူ့ခမျာအ လူတော်လေး တစ်ယောက်ပါ၊ ဒါပေမယ့် မြေးတောင်မြှောက်ပေးဖို့ကတော့ လိုနေတာအမှန်ပဲ’

‘အဲဒီတော့ ရှင်က ဘာလုပ်ချင်လဲ’

‘မဟုတ်သေးပါဘူးလေ၊အခုလိုကြီးရပ်နေတာ မကောင်းပါဘူး၊ ခင်ဗျားနဲ့ ကျွန်တော်ဟာ ရွှေလျှောက်ပြီး ရင်းနှီးခင်မင်ကြရမယ့်လူ့ဘူးပါ၊ ကျွန်တော့်နာမည်က ‘တာလီ’လို့ခေါ်ပါတယ်၊ ဒေးဗစ်လမ်းထဲက ကျောက်မျက်ရတနာဆိုင်ပိုင်ရှင်ပါ’

လူစီ၏မျက်နှာထားသည် တည်သွားသည်။ သူ့နှုတ်ခမ်းသည် မဲ့သွားသည်။

‘အင်း….ကျွန်မ ရှင်ဘယ်သူဆိုတာ သိပါတယ်၊ ရှင်ဟာ ကျောက်မျက်ရတနာ ဆိုင်ပိုင်ရှင်မဟုတ်ဘူး၊ ပစ္စည်းအပေါင်ခံတဲ့လူပါ၊ ဆင်းရဲသားရပ်ကွက်ရဲ့ ဘုရင်ကြီးပေါ့’ဟု ပြောသည်။

တာလီက အားရပါးရ ခအော်ရယ်သည်။ သူ့ လက်ကိုင်တုတ်ဖြင့် ကြမ်းပြင်ကို တဒေါက်ဒေါက် ခေါက်သည်။

‘ကောင်းတယ်၊ ကောင်းတယ်၊ ဒီလိုမှပေါ့’ ဟု ပြောသည်။

‘အဲသလို ပြောင်ပြောင်ပြောတာကြိုက်တယ်၊ သူတို့ကလဲ ပြောကြတယ်၊ ခင်ဗျားဟာ ‘အရိုင်းမ’ တစ်ယောက်တဲ့၊ သူတို့ပြောတာ မှန်တယ်ဗျို့’

‘ဘယ်သူက ပြောသလဲ’

‘ရာလ်စတန်ရပ်ကွက်မှာ နေကြတဲ့ ခင်ဗျားရဲ့ မိတ်ဆွေတွေကပြောတာပါ၊ အဲဒီရပ်ကွက်မှာ ကျွန်တော်နေတာပဲ၊



www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော့် အိမ်က သိပ်ကောင်းတဲ့ အိမ်ပေါ့၊ မြေကျယ်တော့ ပန်းခြံတွေ တခမ်းတနား လုပ်ထားတယ်၊ ခင်ဗျား တစ်ခါလောက် လာလည်ဖို့ကောင်းတယ် သိလား၊ အပေါင်ခံတဲ့ အလုပ်ကရတဲ့ငွေနဲ့ ဆောက်ထားတဲ့အိမ်ကို လာကြည့်သင့်တယ်၊ ဟား…ဟား…ဟား'

လှစီသည် သူ့စိတ်ကိုထိန်းကာ တာလီနှင့် မျက်နှာချင်းဆိုင်တွင် ဝင်ထိုင်သည်။

'ကဲ…ရှင့်ကိစ္စပြော၊ ကျွန်မသား ရှင်ငွေချေးတဲ့ အလုပ်ထဲမှာ အမိခံနေရပြီထင်တယ်၊ သူ ရှင့်ကို ဘယ်လောက်ပေးစရာ ရှိနေပြီလဲ'ဟု ပြောသည်။

ထိုစကားကြားသည့်အခါ တာလီသည် မကျေမနပ် ဖြစ်ပုံရသည်။

သူ့လေသံနှင့် အမူအရာသည် ချက်ချင်း ပြောင်းသွားသည်။

'ဒီမယ် အမျိုးသမီး၊ ကျုပ်ဟာ ငွေတိုးချေးစားတဲ့ကောင် မဟုတ်ဘူး၊ ခင်ဗျားကောင်လေးက ကျုပ် သမီး ရှီစီနောက် တကောက်ကောက် လိုက်နေတယ်၊ တောက်တဲ့ကပ်သလို ကပ်နေတယ်၊ အဲဒါ ခင်ဗျားသိရဲ့လား'



သူသည် ပမာမခန့်ဟန်မျိုးဖြင့် ကုလားထိုင်ကို အခန့်သား မှီထိုင်လိုက်ပြီး လှစီထံမှ စကားပြန်အမေးကို စောင့်နေသည်။

လှစီက ဘာမှပြန်မပြောဘဲ နှုတ်ခမ်းများကို ကိုက်၍ မြန်ကြည့်နေသည်ကို မြင်ရသောအခါ သူ့စကားကို ဆက်ပြောသည်။

'ဟုတ်တယ်၊ ခင်ဗျားသား ကျုပ်သမီးနားက မခွာဘူး၊ ဒါအမှန်ပဲ၊ ကျုပ်သမီးကလဲ အချော လေးပေါ့၊ သောသွားတဲ့မနဲ့ တစ်ထေရာတည်းပဲ၊ ကျုပ်ရဲ့ အသည်းနှလုံးလေးဆိုရင်လဲမမှားဘူး၊ ကျုပ်တစ်ခါတည်း ခင်ဗျားကိုအသိပေးလိုက်မယ်၊ ကျုပ်ခင်ဗျားရဲ့သားကို သဘောကျပါတယ်၊ လူတော်ကလေးပါ၊ ဒါပေမယ့် နာမည်မရသေးဘူး၊ ငွေဆလဲမရှိဘူး၊ ကျုပ်အတော့ ဒါတွေကို ဂရုမစိုက်ပါဘူး၊ ကျုပ်မှာငွေအများကြီးရှိတယ်၊ အများကြီးဆိုဟာ တကယ့်အများကြီးရှိတာနော်၊ ကျုပ်သမီးနာမည်နဲ့ ငွေအများကြီးရမှာပဲ၊ အဲဒီတော့ သူ့မှာ အဆင့်အတန်း ကောင်းကောင်း မြင့်လာမယ်၊ သူ့အလုပ်ကို ကောင်းကောင်းလုပ်နိုင်မယ်'

လှစီသည် မတုန်မလှုပ် ထိုင်နေရင်းမှ ရှီစီကို စဉ်းစားသည်။ ဝိုးတဝါး မှတ်မိလာသည်။

တင်းနစ်ပါတီပွဲမှာ တွေ့ခဲ့ကြသည်ဆိုသော မိန်းကလေး၊ အီဗာ့မိတ်ဆွေများ၏ သမီး၊

www.burmeseclassic.com

www.burmeseclassic.com



အရပ်မြင့်မြင့်၊ အသားနီရဲရဲ မိန်းကလေး၊ ဘွဲ့နှင်းသဘင် ခန်းမအပြင်ဘက်၌ သူ မြင်ခဲ့ဖူးသည် မဟုတ်လော၊ 'မစ္စမူး... ရွှေကာဝင်ခဲ့ပါ' ဟုပင် သူ့အား ပြောခဲ့သေးသည် မဟုတ်ပါလား။

လူစီသည် ထိတ်လန့်ကြား ဖြစ်လာသည်။ ဆင်းရဲသား ရပ်ကွက်တွင်း၌ မပ်းမှုချယ်လှယ်နေသော အပေါင်ခံသူ၏ သမီး။

သူ့ အိမ် သူ့ မြေနှင့် သူ့ ပန်းခြံများ တခမ်းတနား ထည် ဆောက်နိုင်ဖို့ သူ့ သမီးအား ပံ့ပိုးနိုင်ဖို့ လိုသမျှငွေကို မိမိ ကိုယ်တိုင် ကျွန်ခံ၍ ရှာဖွေပေးခဲ့ရ၏။

အခန်းငှားဆင်းရဲသားများထံမှ အခန်းခများကို လည်းမျှ ညှစ်ပြီး တောင်းခံပေးခဲ့ရ၏။

ထိုလူသည် ယခုသူ့ထံလာ၍ သူ့ သားသူ့ သမီးထံ ကပ်နေ သည်ဟု ပြောနေလေပြီ။

'ကျွန်မသဘောနဲ့ပတ်သက်လို့ ရှင့်မှာ နောက်ထပ် ဘာပြော စရာရှိသေးလဲ' ဟု လူစီက မေးသည်။

'သူ့မှာ စစ်မှန်တဲ့ဘာသာလဲရှိတယ်၊ သူ့ကို သဘောကျ တာ ဒါလဲပဲပါတယ်၊ ရှိစီ့ကို ဘာသာကွဲနဲ့မရစေချင်ဘူး'



'အဲဒီတော့ အားလုံး ရှင် ကျေနပ်တယ်ဆိုပါတော့' ဟု လူစီက ပြောသည်။

'ကျွန်မကျေတော့ကော၊ ရှင် ဘယ်လိုစဉ်းစားမိသလဲ'

'ဘာ...ဘယ်လို'

'ရှင် ဒီကိုလာတာ ကျွန်မသား သိသလား'

'သူ...အဲ...အဲ...မသိဘူး၊ အခုဟာ ကျွန်တော့် စိတ်ကူးနဲ့ ကျွန်တော် လာပြောတာ'

'ဒါဆိုရင်ကိစ္စက ဒီနေရာမှာတင် ပြီးပြတ်သွားပြီပေါ့၊ ဟုတ်လား'

'အို...အဲသလိုတော့ မဟုတ်ဘူးလေဗျာ၊ ပြောစရာတွေ အများကြီး ရှိသေးတာပေါ့'

တာလီသည် လူစီအား စိုက်၍ကြည့်နေသည်။

'ခင်ဗျားစိတ်ထဲမှာ ဘယ်လိုခံစားရလိမ့်မယ်ဆိုတာ ကျွန် တော်သိပါတယ်လေ၊ ဒီအတွက်မပူပါနဲ့၊ ခင်ဗျား မနေစေ ရပါဘူး၊ ကျွန်တော်ကြည့်လုပ်ပေးရမှာပေါ့'

သူသည် အခန်းတွင်းရှိပစ္စည်းများကို ပြန်ကြည့်သည်။

www.burmeseclassic.com

www.burmeseclassic.com



'ခင်ဗျားအိမ်အတွက် လိုအပ်တဲ့ ပရိဘောဂပစ္စည်းတွေ၊ ဖော်ဖော်တွေနဲ့ တခြား လိုမယ့်ပစ္စည်းတွေ ဝယ်ပို့ပေးလိုက်မယ်၊ ပြီးတော့....'

'ရှင် ထပ်မပြောနဲ့၊ ရှင့်ရဲ့ပေးကမ်းစွန့်ကြဲမှုကို ကျွန်မဘယ်လိုမ်မယ် ထင်နေသလား၊ ကျွန်မနဲ့ ကျွန်မရဲ့သားဆေး ဒါမျိုးတွေကို လက်ခံလိမ့်မယ် မထင်နဲ့'

'ဘာ....ပေးကမ်းစွန့်ကြဲမှု၊ ခင်ဗျား ကျွန်တော့်ကို နားမလည်သေးဘူး၊ ကျွန်တော့်သမီး ရှိစီ့ သဘောကိုလဲ ခင်ဗျားမသိသေးဘူး'

'ကျွန်မ ရှင့်သမီးရဲ့ သဘောကို ဘယ်တော့မှ သိမှာလဲ မဟုတ်ဘူး၊ သိလဲမသိချင်ဘူး၊ သိဖို့လဲမလိုဘူး' ဟု လူစီက ရှုရှာစက်ဆုပ်သည့်လေသံဖြင့် ပြောသည်။

'ဘာ....ဗျ' ဟု တာလီက ရေရွတ်သည်။ သူ့သမီးအား ထိသဖြင့် သူ့မျက်နှာသည် နီရဲလာသည်။

'ဘုရားသခင် ကယ်တော်မူပါ' ဟု ထပ်၍ ရေရွတ်သည်။

'ကျုပ် သမီး ရှိစီကို ရတဲ့လူဟာ ကံကောင်းတာဗျ'

'ကျွန်မသားဟာ ကံကောင်းတဲ့လူဖြစ်မှာ မဟုတ်ဘူး'

ပြောပြောဆိုဆို လူစီသည် ထိုင်ရာမှ ပြုန်းခနဲ ထထ၍ တာလီအား စူးစူးရဲရဲကြည့်သည်။



'ဟာ....ခင်ဗျားရူးနေပြီ' ဟု တာလီက ပြောသည်။

'ခင်ဗျားသား အတွက် တစ်သက်မှာ တစ်ခါလောက် ရနိုင်တဲ့အခွင့်အရေးဗျ၊ အဲဒါ ခင်ဗျားသိရဲ့လား၊ ပြီးတော့ သူ့အတွက် ကျုပ်လုပ်ပေးမယ့် ဟာတွေကတော့ နည်းနည်းနောနောလား'

သူသည် ချက်ချင်းပင် လေသံကိုပြောင်းလိုက်ပြီး တောင်းပန်ခယသံဖြင့် ထပ်ပြောသည်။

'ပွင့်ပွင့်လင်းလင်းပဲပြောကြပါစို့ မဒမ်လူစီ၊ ကျွန်တော်က ကျွန်တော့်သမီးကိုသိပ်ချစ်တာ၊ ဒါကြောင့် သူ့ စိတ်ချမ်းသာတာမြင်ချင်တယ်၊ အခု ကျွန်တော် ဒီကိုရောက်လာတာဟာ ဒါကြောင့်ပဲ၊ အဲဒီတော့'

'မဖြစ်နိုင်ဘူး'

'ဘာလို့မဖြစ်နိုင်ရတာလဲ'

'ကျွန်မက လက်မခံနိုင်ဘူး၊ ကျွန်မက ငြင်းတယ်'

တာလီသည် အံ့အ ႏသင့်ပြီး ကြည့်နေသည်၊ ထို့နောက် ထိုင်ရာမှ ထပ်ရပ်လိုက်သည်။

'ခင်ဗျားဟာ အတော့်ကို အဆင်ခြင်ကင်းမဲ့တဲ့ မိန်းမပဲ၊ သူတို့ကတော့ ပြောပါတယ်၊ ကျုပ်ကတော့ အခုမှ ကိုယ်တွေ့မြင်ရတာ'

www.burmeseclassic.com

www.burmeseclassic.com



'ကျွန်မကို အဲသလိုအစားလို့ ရွှင့်ထင်တယ်မဟုတ်လား၊ ဒါဆိုရင် ရှင် ကျွန်မနဲ့ နောက်ထပ် ဆက်ဆံစရာ မလိုတော့ဘူး၊ ဒါပဲ'

တာလီက လူစီ မျက်နှာကို တအံ့တသြ ထပ်ကြည့်ပြန်သည်။

'ခင်ဗျားဟာ တော်တော့်ကို ထူးဆန်းတဲ့ မိန်းမပဲ....'ဟု ပြောသည်။

'ကျုပ်ကလဲ နောက်ထပ်ခင်ဗျားနဲ့ မဆက်ဆံဘူး ဆိုတာ ကတိပေးတယ်ဗျာ'

သူသည် ခေါင်း တခါခါလုပ်၍ အိမ်ထဲမှ ထွက်သွားသည်။

လူစီသည် ကုလားထိုင်ပေါ်သို့ အရုပ်ကြိုးပြတ် ထိုင်ချလိုက်သည်။ စိတ်ထိခိုက်လွန်းသဖြင့် တစ်ကိုယ်လုံး နုံးချည့်ပျော့ခွေသွားသည်။

လူတွေ အများကြီးရှိပါလျက်နှင့် တာလီဆိုသော လူစားမျိုးသမီးနှင့်မှ တွေ့ရလေခြင်း။ တရားခံကတော့ တခြားမဟုတ် အီဗာ၊ သူ သားအား ထင်းနှစ် ပါတီပွဲသို့ ဖိတ်ရာမှ ကြိုက်စွ အစပြုလာခြင်း။



ပြီးတော့ ပီတာ၊ မငအကို ဘာ့ကြောင့်မပြောသလဲ။ ကြိုက်စွကို လက်နှေးနေ၍ဖြစ်၊ ဒီနေ့ညနေခင်း သူ့သားပြန်ရောက်လာလျှင် ချက်ချင်းရှင်းရမည်။ နာရီကို မော့ကြည့်သည်။ သုံးနာရီထိုးပြီး၍ ဆယ့်ငါးမိနစ်ပင်ရှိနေပြီ။ ပြန်လာနေကျအချိန်ထက် အများကြီးကျော်လွန်သွားပြီ။ သူသည် အိမ်ရှေ့ခန်းသို့ထွက်၍ ဆေးရုံဘက်သို့ မျှော်ကြည့်နေသည်။

• • •

www.burmeseclassic.com

www.burmeseclassic.com

( ၂၉ )

လူစီ ပြတင်းပေါက်၌ရပ်နေသည်မှာ နာရီဝက်ပင်ကျော်ခဲ့ပြီ။ ပီတာ၏ အရိပ်အယောင်ကို လုံးဝမမြင်ရသေး။ သူသည် ဦးထုပ်ကိုယူဆောင်းပြီး လက်အိတ်များကို အမြန်ကယာစွပ်ကာ အိမ်ထဲမှ ထွက်လာခဲ့သည်။

အပြင်ဘက်တွင် လေသည် ထန်လျက်ရှိသည်။ လူစီသည် လမ်းမကြီးအတိုင်း ခပ်သုတ်သုတ် လျှောက်သွားလျက်ရှိ၏။ ဤကိစ္စတွင် ခေါင်းအေးအေးထား၍ လုပ်မှဖြစ်မည်ဟုလည်း တွေးမိသည်။

www.burmeseclassic.com

www.burmeseclassic.com



ဆေးရုံရှေ့ရောက်သည့်အခါ သူသည် တုံ့ဆိုင်းမနေတော့ဘဲ ဂိတ်တံခါးမှဝင်ခဲ့သည်။

လမ်းခုလတ်တွင်တွေ့ရသည့် အလုပ်သမား တစ်ယောက်အား— 'ဒေါက်တာမူးနဲ့ တွေ့ချင်လို့' ဟု ပြောသည်။

အလုပ်သမား အဘိုးအိုသည် သူ့အား တစ်ချက်မျှ အကဲခတ်ပြီး....

'ဒေါက်တာမူး အထဲမှာရှိပါ့မလားမသိဘူး၊ ကိစ္စ အရေးကြီးရင်တော့ ပထမထပ် ညာဘက်ဆောင်မှာ သူရှိလိမ့်မယ် ဝင်သွားပေါ့' ဟု ပြောသည်။

လူစီသည် အဘိုးအိုညွှန်လိုက်သည့်အတိုင်း လျှောက်လာခဲ့သည်။ ပထမထပ် ညာဘက်ဆောင်သို့ လျှောက်အလာတွင် တံခါးတစ်ချပ်ပွင့်သွားပြီး အတွင်းမှ အရပ်မြင့်မြင့်၊ အသက် လေးဆယ်ကျော် ငါးဆယ်တွင်းရွယ် သူနာပြု ဆရာမ တစ်ယောက် ထွက်လာသည်နှင့် ဆုံမိသည်။

'ကျွန်မ ဒေါက်တာမူးနဲ့ တွေ့ချင်လို့—' ဟု လူစီက ပြောသည်။

'ဒီအချိန်က ဒေါက်တာ တာဝန်က ခဏ နားတဲ့အချိန် ဖြစ်နေတယ်၊ ပြီးတော့ သူ့မှာ ဧည့်သည် ရှိနေတယ်၊ ဘာ ကိစ္စရှိလို့လဲ' ဟု ဆရာမက ပြန်မေးသည်။



'ကျွန်မ သူ့အမေပါ၊ ပြောပြရင် အတွေ့ခံမှာပါ'

'ဪ... ဒေါက်တာမူး အမေလား' ဟု ဆရာမက ရေရွတ်သည်။

'ဒီလိုဆိုရင်လာပါ၊ ကျွန်မက သူနာပြုဆရာမ ကူးပါးပါး ဒေါက်တာ ဧည့်သည်ကို လက်ဖက်ရည်တိုက်နေတယ်'

မကြာခင် ဆရာဝန်များ နားရာ အခန်းတွင်းသို့ ရောက်သွားသည်။

သူ့သားကို မြင်လိုက်ရသဖြင့် ကြည်လင်သွားသော လူစီ၏ မျက်နှာသည် ဆိုဖာပေါ်၌ သူ့သားနှင့်တွဲထိုင်နေသော မိန်းမ ကိုမြင်လိုက်သည့်အခါ မှုန်မှိုင်း သွားသည်။ တစ်ကိုယ်လုံး တောင့်တင်းသွားသည်။

'ဒီမှာ...ဒေါက်တာ၊ ဒေါက်တာ့အမေ လာတယ်—' ဟု ဆရာမက လှမ်းပြောသည်။

လက်ဖက်ရည်ပန်းကန် ကိုင်ထားသည့် ဝီဆာ့လက် ဆတ်ခနဲလှုပ်သွားသည်။

ဖျတ်ခနဲမော့ကြည့်လိုက်သော မျက်နှာသည် သူ့အမေအားမြင်လိုက်သည့်အခါ စိုးရိမ်စိတ် အရိပ်အငွေ့များ ယှက်သန်းသွားသည်။

www.burmeseclassic.com

www.burmeseclassic.com



'ထိုင်ပါ မစွက်မူး'ဟု ဆရာမကပြောကာ ကုလားထ
တစ်လုံး ချပေးသည်။

လှစိအတွက် လက်ဖက်ရည် တစ်ခွက်ကိုပါ ချပေးသည
လှစိ၏မျက်လုံးအစုံသည် ဆိုဖာပေါ်ရှိ ရှီစီထံမှ မခွာ။
သည် တစ်မျက်နှာလုံး နီမြန်းလျက်ရှိ၏။

'အမေ အခုလို လာလိမ့်မယ်လို့ ကျွန်တော် လုံးဝ မထ
ဘူး'ဟု ပီတာက ပြုံး၍ပြောသည်။

လှစိက ဘာမှပြန်မပြော။ လက်ဖက်ရည် ပန်းကန်ကို က
ထားသောလက်သည် မသိမသာ တုန်ယင်လျက် ရှိသည်။

ဒေါသအရှိန်သည် ဖြည်းဖြည်းချင်း တက်လာနေသည
အခြေအနေ၏ ထူးခြားမှုကို ရိပ်စားနားလည်သော ဆရာ
ကူးပါးသည် တင်းမာမှု လျော့နည်းသွားစေရန် စကားမျ
ပြောပေးနေသည်။

သို့သော်လည်း လှစိက နားမထောင်၊ စိတ်လည်း မပ
စား။ မျက်လွှာကိုချကာ ကြမ်းပြင်ပေါ်မှ ကော်ဇောကိုအ
စိုက်ကြည့်နေသည်။

ပီတာ့အနေဖြင့်လည်း သူ့အမေကိုကြည့်ပြီး စိတ် လ
မသာမယာဖြစ်လျက်ရှိသဖြင့် နောက်ထပ် ဘာ ပြောရမှ

မသိ။ ရှီစီသည် အခြေအနေကို ကောင်းစွာ ရိပ်မိလေသဖြင့်
ထိုင်ရာမှထသည်။

'ရှီစီ သွားတော့မယ်'ဟု ပီတာအား ခပ်တိုးတိုး လှမ်း
ပြောသည်။

ပီတာသည် ယောင်တိယောင်ငီနဖြင့် ထိုင်ရာမှ ထရပ်ကာ
ရှီစီအား တံခါးဝအထိ လိုက်ပို့သည်။

ရှီစီက ဆရာမ ကူးပါးအား နှုတ်ဆက်သည်။ ထို့နောက်
မဝံ့မရဲလေသံဖြင့် 'မင်္ဂလာပါ မစွက်မူး'ဟု နှုတ်ဆက်စကား
ပြောသည်။

လှစိက အေးစက်စက်လေသံဖြင့် အလိုက်သင့် ပြန် နှုတ်
ဆက်သော်လည်း၊ မျက်နှာကိုမကြည့်။ ရှီစီ အပြင်ရောက်သွား
သည်နှင့်တစ်ပြိုင်နက် လှစိသည် ဆရာမ ကူးပါးအား လှည့်
ကြည့်လိုက်သည်။

'ကျွန်မသားနဲ့ စကားပြောစရာရှိနေလို့ပါ၊ ဆရာမ ခဏ
အပြင်ထွက်ပေးပါ၊ ဘယ်လိုမှ မအောက်မေ့ပါနဲ့'ဟု လှစိက
ပြောသည်။

'ကျွန်မ သွားမှာပါ၊ ကျွန်မမှာ လုပ်စရာ အလုပ်တော့
အများကြီး ရှိနေပါတယ်'ဟု ဆရာမ ကူးပါးက ပြန်ပြောကာ
အခန်းထဲမှ ထွက်သွားသည်။

www.burmeseclassic.com

www.burmeseclassic.com



လှစီသည် ပီတာအား စကားတစ်ခွန်းမျှ မပြောသေးဘဲ စိုက်ကြည့်နေသည်။

သူ့မျက်နှာသည် စောစောကနှင့်မတူ၊ ကြည်လင် ချိုသာလျက်ရှိနေ၏။ နူးညံ့သိမ်မွေ့လျက်ရှိ၏၊ ပီတာ့ မျက်နှာကတော့ အိုလျက်ရှိသည်။ သူသည် ခေါင်း တခါခါ လုပ်လျက်ရှိ၏။

'အမေလုပ်ပုံက မဟုတ်သေးဘူး အမေ....'ဟု ပီတာက အလွန်စိတ်ညစ် စိတ်ရှုပ်သံဖြင့် ပြောသည်။

'အခုလို ပြောဆိုပြုမူပုံတွေဟာ ဆေးရုံတစ်ရုံလုံး သိသွားတော့မယ်၊ ကူးပါးဆ သူ့ ပါးစပ်ကို ပိတ်ထားမှာ မဟုတ်ဘူး'

'အမေ မလာရင် မဖြစ်လို့လာတာပဲ သား၊ မင်း နားလည်သင့်တယ်'

'ကျွန်တော်ကတော့ လုံးဝကို နားမလည်တာ အမှန်ပဲ'

ပီတာ့အမူအရာနှင့် လေသံသည် လှစီ့စိတ်ကို အနှောက်အယှက်ဖြစ်စေသည်။

'အမေ မင့်ကို အိမ်က စောင့်နေတာ တစ်နာရီနီးပါးပဲ' ဟု ပြောသည်။



'ပြောစရာစကားတွေလဲ ရှိနေတယ်....၊ မင်း ဘယ်အချိန် ပြန်ရောက်မယ်ဆိုတာလဲ မသိဘူး၊ ဒါကြောင့် လိုက်လာတာ'

ပီတာက စိတ်အလွန် ပျက်သွားသည့်လေသံဖြင့် တစ်ချက်မျှ ရယ်လိုက်သည်။

'အမေက ကျွန်တော့်ကို သူငယ်နှပ်စားလေးတစ်ယောက်လို ထင်နေတုန်းပဲလား၊ ဒီအရွယ်ဟာ ကိုယ့်ကိုယ်ကို မထိန်းနိုင်ဘူးတဲ့လား၊ ဘာပြုလို့ ကျွန်တော့်နောက်ကတကောက်ကောက်လိုက်ပြီး လူတကာရှေ့မှာ အရှက်ကွဲအောင် ခွဲချင်နေရတာလဲ'

လှစီ့မျက်နှာသည် တင်းမာသွားသည်။ ချက်ချင်း နီရဲလာသည်။

'မင်း လုပ်မှားကိုင်မှား မဖြစ်စေချင်လို့ ပေါ်လာတာ'ဟု ပြောသည်။

'ကျွန်တော် ဘာလုပ်လို့လဲ အမေရယ်'ဟု ပီတာက ပြန်ပြောသည်။

'ကျွန်တော် အရက်တွေ သောက်နေလို့လား၊ လောင်းကစားနေသလား၊ ခိုးနေ တိုက်နေသလား'

'ငါက မင့်အနာဂတ်အတွက် တွေးနေရတဲ့လူ'

www.burmeseclassic.com

www.burmeseclassic.com



'ဒါဆိုရင်လဲ အမေရာ၊ ကျွန်တော် ပျော်ရွှင်နေတာကို ဘာ့ကြောင့် မလိုမလားဖြစ်နေတာလဲ....၊ ကျွန်တော် ရိစီ့အပေါ် စိတ်ဝင်စားမိတာဟာ အဘာဝတစ်ခုပါ၊ ကျွန်တော် ရှက်လဲမရှက်ဘူး၊ ငြင်းလဲ မငြင်းဘူး၊ သူဟာ မိန်းကလေး တယောက်ပါ'

'မင်း ငါ့ကို ဒီစကား လာမပြောနဲ့၊ ဒီလို လူစားတွေနဲ့ မင်း ရောနှောနေတာကို ငါက မျက်စိပိတ်ထားရမှာလား'

'ဒီမယ်...အမေ၊ မစ္စ ရိစီဟာ အလွန်ချမ်းသာတဲ့ မိန်းကလေးတစ်ယောက်ဗျ'

သူ့သားသည် အချိန်ရှိသမျှ ငွေကိုသာ အမိအဆထား၍ တွေးနေသည်ဟု သူထင်၏။

သူ့သားသည် ငွေမှတစ်ပါး အခြား ဘာကိုမှ တွေးချင်ဟန် မတူတော့သည့် အခြေအနေသို့ ဆိုက်နေပါပေါ့လား။

'နေပါဦးပီတာ၊ မင့်ရိစီက မင့်အောင်းကျိုးအတွက် ဘာတွေများ လုပ်ပေးခဲ့သလဲ၊ အဲဒါလေးတော့ အမေ သိစမ်းပါရစေ'

ပီတာအား လူစီအား မျက်နှာချင်းဆိုင်၍ကြည့်သည်။



'ဘာမှ လုပ်မပေးခဲ့ဘူး' ဟု ဒေါ်သတကြီး ပြောသည်။

'ကျွန်တော်ကလဲ သူ့ကို ဘာမှ မလုပ်စေချင်ဘူး၊ ကျွန်တော် သူနဲ့တွေ့တယ်၊ ချစ်တယ်၊ သူကလဲ ကျွန်တော့်ကို ချစ်တယ် ဒါပဲ'

'ချစ်တယ်.... ဟုတ်လား၊ သူက အချစ်အကြောင်း ဘယ်လောက်သိလို့လဲ၊ မင်းအတွက်ရော သူက ဘာတွေ လုပ်ပေးခဲ့ဖူးသလဲ၊ သူမက မင့်အတွက် တိုက်ပွဲဝင်ခဲ့သလား၊ ကျွန်ခံပေးခဲ့သလား၊ အငတ်ခံခဲ့သလား'

လူစီက သူ့သားမျက်နှာကို စူးစူးရဲရဲ စိုက်ကြည့်နေသည်။

'မင်းသူနဲ့သိတာ ဘယ်လောက်ကြာပြီလဲ' ဟု မေးသည်။

'အလွန်ဆုံးရှိရင် လပိုင်းပေါ့၊ သူ့မျက်နှာ ကလေးက အရုပ်ကလေးတစ်ရုပ်ရဲ့ မျက်နှာလိုပဲ သိပ်လှတယ်၊ သိပ်ချော တယ်၊ သိပ်ချစ်စရာကောင်းတယ်၊ အဲသလိုလဲ မင်းတွေးရော မင်း အမေ့ကို မေ့သွားရော၊ ဒီလိုလုပ်တာ ရှက်စရာမကောင်းဘူးလား၊ မင့်မှာ ကျေးဇူးသိတတ်တယ်ဆိုတာ မရှိတော့ဘူးလား'

'ဒီလိုဆို အမေက ကျွန်တော့်ကို ဘယ်လိုဖြစ်စေချင်နေတာလဲ' ဟု ပီတာက ဒေါသသံဖြင့် မေးသည်။

www.burmeseclassic.com

www.burmeseclassic.com



'ကျွန်တော် တစ်သက်လုံး အိမ်ထောင်မပြုရတော့ဘူး လား၊ ကိုယ့်အခါမှာ ကိုယ့်လမ်းကိုယ် လွတ်လွတ်လပ်လပ် မလျှောက်ရတော့ဘူးလား၊ အမေ့အနေနဲ့ ကျွန်တော့်ကို ...မြဲတမ်း ချင်ခွင်ပိုက်ထားနိုင်မယ်လို့ထော ထင်သလား'

'မင်းအသက်ဟာ အခုမှ နှစ်ဆယ့်သုံးနှစ်တောင် မပြည့် သေးဘူး၊ ဗီစကားမျိုးတွေ ပြောနေတာ ကောင်းသလား၊ အခုမှ စတွေ့တဲ့မိန်းကလေးတစ်ယောက်ကို ချက်ချင်းကြိုက်ရ ချစ်ရတယ်ဆိုတာကတော့ ဟုတ်ရဲ့လား'

'ဒီလိုမပြောပါနဲ့အမေရာ'

'ပြောရလိမ့်မယ်ပီတာ၊ ဒီကိစ္စကို အမေအခု တစ်ခါတည်း ...ချင်းရလိမ့်မယ်၊ မင်းဟာ အမေ့အတွက် တစ်ဦးတည်းသော ...ခိုရာ အားထားရာပဲ၊ ငါအသက်အရွယ်မှာ အခုလို မြန်မြန် ...စားကြီး အိမ်ထောင်ပြုမယ်ဆိုတာဟာ ရှူးမိုက်မှု တစ်ခုပဲ'

'ဒါဆိုရင် ကျွန်တော် ဘာလုပ်ရမလဲ၊ ကျွန်တော်တို့ ...ကြားမှာဆော့ အဆင်ပြေနေတာပဲ'

'ဒီလိုဆိုရင် မင်းအမေ မေးတဲ့မေးခွန်းကိုဖြေ၊ ဒီကိစ္စကို ...မင်း ဘယ်လို လုပ်မလဲ'

ပီတာသည် ချောင်ပိတ်ပြီး အဖမ်းခံရသလို ဖြစ်နေသည်။ ...သူ့အမေသည် အဆင်ခြင်တရား နည်းလှချေသည်။



ညှိနှိုင်းမည်ဆိုပါစေလည်း ရမည်မဟုတ်၊ ရိုစီက သူ့ အပေါ် ဘယ်လောက်ချစ်သည်ကို ပြောပြပါစေလည်း ပို၍ ဆိုးလာပေတော့မည်။

ပြီးတော့ ရိုစီ၏အဖေ မစ္စတာ တာလီထ သူ့အား ဆေး ခန်းဖွင့်ပေးဖို့ မည်မျှလောက်အထိ စိတ်ဝင်စားနေပါသည် ပြောလျှင်လည်း ပို၍ဆိုးဖို့သာရှိ၏။

အနာဂတ် ဘဝအတွက် အလားအလာကောင်း အား လုံးကို သူ လက်လွှတ်လိုက်ရတော့မှာလား။

'တစ်ခုတော့ရှိတယ်အမေ' ဟု ပီတာက ပြောသည်။

'အမေပြောတာက ကျွန်တော့်အသက်ငယ်သေးလို့ အခု မစဉ်းစားသင့်သေးဘူးတဲ့၊ ဒါဆိုရင် နောက် ဘယ်နှစ် အတွင်းမှာ စဉ်းစားမယ်ဆိုရင်'

လူစီက သူ့သားအား စိုက်ကြည့်နေသည်။ 'မင်း ဒီစကားမျိုးတွေကို ထပ်မပြောပါနဲ့တော့' ဟု ပြောသည်။

'သူ့ကို စွန့်လိုက်ပါ၊ အမေတို့ သားအမိကြားကို သူစိမ်း တစ်ရံဆံဝင်မလာပါစေနဲ့'

ပီတာသည် ချိတ်ချော်ဖြစ်နေဆဲ ထို့နောက် ချက်ချင်းမင် အဖြေပေးသည်။

www.burmeseclassic.com

www.burmeseclassic.com



'ကောင်းပြီအမေ၊ အမေကြိုက်သလိုပဲ ရှိပစေတော့' ငြိမ်ဆိတ်သွားသည်။ လှစီသည် သူ့သားအား စူးစိုက်ကြည့်ကာ အတန်ကြာမျှ အကဲခတ်နေသည်။

ထို့နောက် သက်ပြင်းတစ်ချက်ချကာ စိတ်အေးသွားဟန် ပြသည်။

ပီတာသည် သူ့သား....၊ သူ့အသား၊ သူ့သွေးဖြင့် ဖြစ်ပေါ်လာသူ၊ အမေကိုတော့ သူ လိမ်လည်လှည့်ဖြားမည် မထင်။ ဤတွင် သူ့ဘက်က အနိုင်ရပြီ။

'နောက်တစ်ခုရှိသေးတယ်ပီတာ' ဟု လှစီက ပြောသည်။

'ဒီကိစ္စဟာ မင်းရဲ့တာဝန်တစ်ခုလဲဖြစ်တယ်၊ အမေ လုပ်သင့် လုပ်ထိုက်တဲ့ အခွင့်အရေးတစ်ခုလို့လဲ ထင်တယ်'

'ဟုတ်ကဲ့အမေ'

'အမေ ဒီအခန်းထဲက ထွက်မသွားခင် အမေ့ကို ကတိတစ်ခု ထပ်ပေးပါ၊ မင်းလုပ်သင့်တဲ့အလုပ်ပါ၊ နေ့သိ စတက်ဖွိဒ်ရှိုင်းယားနယ်ကအလုပ်ကို မင်းလျှောက်ပါ၊ အမေတို့ ဘဝသစ်တစ်ခု ထူထောင်ဖို့ အချိန်ကျနေပြီ'

နောက်တစ်ကြိမ် ဘိတ်ဆိတ်သွားပြန်သည်။ ထို့နောက်တော့ ပီတာသည် မျက်လွှာကိုချလိုက်သည်။



'ကောင်းပြီ အမေ၊ ကျွန်တော်လျှောက်မယ်' ဟု ပြောသည်။

'အမေမလုပ်ပုံက ကျွန်တော့်ကို မယုံသလိုပဲ'

'ဒီနှစ်ချက်ကို မင်း ကတိ ပေးထားပြီးပြီနော်'

'ဟုတ်တယ်၊ ကျွန်တော် ကတိပေးပြီးပြီ'

ပီတာသည် စတက်ဖို့ဒ်ရှိုင်းယားမှ အလုပ် အတွက် လျှောက်လွှာကို ချက်ချင်း ရေးပေးသည်။

လှစီ စိတ်ထဲတွင်တော့ ဘာ့ကြောင့်ရယ်မသိ၊ ဤအလုပ်ကို သူ့သားမလွဲမသွေရလိမ့်မည်ဟု သိနေသည်။

သူသည် ဆေးရုံမှအိမ်အပြန် လမ်းခုလတ်ရှိ စာတိုက်ပုံးထဲသို့ သူကိုယ်တိုင်ကို လျှောက်လွှာကို ထည့်ပစ်ခဲ့လေသည်။

* * *

www.burmeseclassic.com

www.burmeseclassic.com

( ၃၀ )

သူလိုချင်သော ဇာတိမျိုးကို ရလာပြီးသည့်နောက်တွင် သည် စိတ်လက်ပေါ့ပါးသွားသည်။

သူ မထွက်ခဲ့သည်မှာ ကြာပြီဖြစ်သော အပန်းဖြေခရီးကို က်ရန် စီစဉ်သည်၊ ပိဘာ့အလုပ်များသဖြင့် မလိုက်နိုင်။ ကြောင့် သူ တစ်ယောက်တည်း ခရီးထွက်ရန် စီစဉ်ရ ည်။

ရုံးမှလည်း လိုက်လျောခဲ့ကြ၏။ ဒွန်းကမ်းခြေမှ သူ့မိတ် ောင်းအခန်းပိုင်ရှင် မစ္စတာ့တလည်း သူ့အတွက် နေ့ရာ

www.burmeseclassic.com

www.burmeseclassic.com



ထိုင်ခင်းကို သူစိတ်တိုင်းကျဖြစ်အောင် စီစဉ်ပေးသည်။ သူ
သို့ဖြင့်သူသည် ဒွန်းပင်လယ်ကမ်းခြေသို့ ရောက်ခဲ့ရလေ၏။

သူ ခရီးထွက်လာချိန်အထိ စတာက်ဖို့ဒ်ရှိုင်းယားမှ ပြန်
မလာသေး။ သို့သော်လည်း ထိုအလုပ်ကို သူ့သားရလိမ့်မ
ဟူသော ယုံကြည်ချက်လည်း ပျက်သွားခြင်းမရှိ။ ယခင်
ထက်ပင် တိုး၍ ခိုင်မာလာသည်။

သူ ဘူတာဆင်းသောနေ့က သူ့သားပီတာသည် မီးရထ
ပေါ် ရောက်သည်အထိ လိုက်ပို့ခဲ့ရ၏။ ရထားထွက်သ
အခါ မျက်နှာငယ်ကလေးနှင့် ရပ်ကျန်ခဲ့သော သူ့သား
ဖြန်လည်မြင်ယောင်မိသည်။

သူ့သားသည် သူ့ထံ ပြန်ရောက်လာပြီ၊ လိမ်မာ
သား။ အကျိုးနှင့် အကြောင်းနှင့် ယှဉ်၍ပြောသည့် အ
လိုက်နာတတ်ရုံမျှမက သူ့အမှားကို ချက်ချင်းပင် ပြင်ခဲ့သ
မဟုတ်ပါလား။

သူ ရောက်သွားသည့်အခါ ဒွန်းကမ်းခြေသည် မျ
ပြောင်းလဲလျက်ရှိသည်။ တည်းခိုရိပ်သာတွေ တိုးလာ
အားလုံး သစ်လွင်တောက်ပထာ လှနေကြသည်။

မစ္စတာ့ဒီအတော့ မပြောင်းလဲသေး။ ယခင်က လို
ဖြစ်သည်။ သူ့အား ဖက်လှဲတကင်း ဆီးကြိုနှုတ်ဆက်သ



'ရှင် အတော်ကြီးကို ပြောင်းသွားတာပဲ' ဟု မစ္စတာ့ဒီက
ပြောသည်။

'ဟုတ်တာပေါ့လေ၊ ကျွန်မတို့မှာက ကိုယ့်ဘဝနဲ့ကိုယ်
ရုန်းကန်နေကြရတာ မဟုတ်လား'

'ဟုတ်ပါတယ်'ဟု လူစီက အလိုက်သင့် ပြန်ပြောသည်။

'အခုတော့လဲ ကျွန်မမှာ ဇီရုန်းကန်မှုတွေက လွတ်သွားခဲ့
ပါပြီ'

မစ္စတာ့ဒီက ဝမ်းသာကြောင်း ပြောသည်။ နှစ်ယောက်
သား ရှေးဟောင်း နှောင်းဖြစ်များကို ပြောဖြစ်ကြသည်။
ပီတာအကြောင်းကိုလည်း မေးသည်။

'ရှင်လဲပဲ ဒီသားအတွက် အတော်ကို ရုန်းကန်လှုပ်ရှားခဲ့ရ
တာပဲနော်၊ အေးလေ...အခုတော့ အဆင်ပြေသွားပြီပေါ့၊
ရှင့်သားက ရှင့်ကို ကျေးဇူးပြန်ဆပ်လိမ့်မယ်လို့ ကျွန်မ မျှော်
လင့်ပါတယ်'ဟု မစ္စတာ့ဒီက မှတ်ချက်ချသည်။

ရောက်သည့်ညက ခရီးပန်းလာသဖြင့် အစောကြီးအိပ်ရာ
ဝင်ခဲ့သည်။

နှစ်နှစ်ခြိုက်ခြိုက်လည်း အိပ်ပျော်ခဲ့၏။ နောက်တစ်နေ့
နံနက် စောစောစီးစီး အိပ်ရာမှနိုးလာသည့်အခါ စိတ်ရော
ကိုယ်ပါ ကြည်လင်ပေါ့ပါးနေသည်။

www.burmeseclassic.com

www.burmeseclassic.com



မနက်စာစားပြီးလျှင်ပြီးချင်း အပြင်ထွက်၍ သူ့သာ
ပို့စာကတ်လေးတစ်ခု ပို့သည်။

ကတ်ပေါ်တွင် 'စတုက်ဖို့ဒ်ရှိုင်းယားကသတင်း
သေးဘူးလား' ဟု ရေးလိုက်သည်။

တစ်ယောက်တည်း လာရခြင်းဖြစ်၍ တစ်ခါတစ်စ်
အထီးကျန်နိုင်သလို ခံစားရသော်လည်း စိတ်ကတော့
လင်ရွှင်ပျနေသည်။

လမ်းလျှောက်လိုက်၊ ထမ်းခြေတုင်ထိုင်၍ လေညင်းခံလို
ပတ်ဝန်းကျင်မှ ကြည့်စရာများကို လိုက်ကြည့်လိုက်နှင့် အ
ဖြုန်းရသည်။

တစ်ခါတစ်ရံကျတော့လည်း အနီးအနား ဆိုင်များ
သွား၍ စိတ်ဝင်စားဖွယ်ရာများကို ကြည့်သည်။ ဝယ်
အခါဝယ်သည်။

ရံဖန်ရံခါ ပီတာအား သတိရသော်လည်း ကတိ
ရပြီးကတည်းက သူ့သားအပေါ် ယုံကြည်စိတ်ချမှု အပြ
အဝရှိနေပြီဖြစ်သဖြင့် စိုးရိမ်ပူပန်ခြင်း မဖြစ်တော့။

သို့သော်လည်း သူ့အနားတွင် သူ့သားသာရှိနေလျှင် မည်
ပျော်စရာကောင်းမည်နည်းဟုတော့ မတွေးဘဲမနေနိုင်။



ဤသို့ဖြင့် တစ်ရက်ပြီးတစ်ရက် ကုန်လွန်လာခဲ့သည်။ နေ
ခဥ်လိုလို စားဖတ်လိုက်၊ လမ်းလျှောက်လိုက်၊ ကျောက်ဆောင်
အကွယ်တွင်ထိုင်လိုက် လုပ်နေရသည်မှာ ကြာတော့လည်း
ငြီးငွေ့စရာ ဖြစ်လာသည်။

ပီတာ့ထံမှ ဘာသတင်းမှမကြားရ။ ဘာလို့ပါလိမ့်။ စာ
လေးတစ်စောင်ပင် ရေးဖော်မရ။

မကြာမီ သီတင်းတစ်ပတ်ကုန်သွားသည်။ သူ ပြန်ရမည့်
ရက်ကိုပင် လူစီ လက်ချိုး၍ ရေတွက်နေမိ၏။

ပြန်ရက်မတိုင်မီ တစ်ရက်အလို တစ်မနက်ခင်းတွင် လူစီ
သည် မနက်စာစားပြီးလျှင်ပြီးချင်း အပြင်သို့ လမ်းလျှောက်
ထွက်လာသည်။

သူသည် စိတ်ပြေလက်ပျောက် သဘောဖြင့် မြို့ထဲအထိ
...ားကာ တစ်လမ်းဝင်တစ်လမ်းထွက် လျှောက်လာခဲ့သည်။
နောက်တစ်ရက်ဆိုလျှင် သူ့သားထံ သူပြန်ရတော့မည် ဟူ
သော အတွေးဝင်လာသည့်အခါတိုင်း သူ့စိတ်သည် ကြည်
လင်လန်းဆန်းလာစမြဲ။

မည်သို့ပင်ဖြစ်စေ၊ ယနေ့မနက် သူ လမ်းလျှောက်သည်
မှာ များသည်။ အတော်ဝေးဝေးအထိ ရောက်သဖြင့် အခန်း
သို့ အပြန်နောက်ကျသည်။

BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com



သူ ပြန်ရောက်သည့်အခါ နေ့လယ်စာ စားချိန် ဖြစ်နေ
လေပြီ။

ခန်းမထဲရောက်၊ ကုတ်အင်္ကျီကိုချိတ်နေခိုက်တွင် တစ်ဘက်
အခန်းထဲမှ မစ္စတ္တဲဒီ ထွက်လာပြီးပြောသည်။

'စာတစ်စောင် ရောက်နေတယ်၊ ဆောင်းမီးဖို ပေါ်
ပေါ်မှာ တင်ထားတယ်'

မစ္စတ္တဲဒီ ပြောလိုက်သည့်စာကို ချက်ချင်းသွားယူသည်
အလုပ်နှင့်ပတ်သက်ပြီး ပီတာက ရေးလိုက်သည့်စာဖြစ်ရမည်
ဟူသောအတွေးဖြင့် လူစီသည် မျှားစွာဝမ်းသာလျက်ရှိ၏

သူသည် စာကိုဖောက်၍ ကပျာကယာ ဖတ်သည်။ စော
စောက မျက်နှာတွင် ထင်ဟပ်နေသည့် အလင်းရောင်သည်
ချက်ချင်း ကွယ်ပျောက်သွားသည်။ တစ်မျက်နှာလုံး ဖွေး
ဆုတ်သလို ဖြစ်လာသည်။

ရိုစီ၏နာမည်သည် စာထဲတွင် အကြိမ်ပေါင်းများစွာ ထ
တလဲလဲရေးထားသည်။ စာကိုင်ထားသော လူစီ၏လက်သည်
တုန်ယင်လျက်ရှိ၏။

သူသည် ရိုစီနှင့်ခရီးထွက်သွားကြောင်း၊ ရိုစီ၏ ဖခင်
သူ့အတွက် လန်ဒန်မြို့ပေါ်တွင် ဆေးခန်းတစ်ခန်း ဝယ်ပေး



သဖြင့် နှစ်ဦးစပ်တူ ဆေးကုလုပ်ငန်းကို သူ လက်ခံလိုက်
ကြောင်း။

သူ့သားသည် သူ့အား စွန့်ခွာသွားခဲ့လေပြီ။ မိခင်အား
ပစ်ထားခဲ့လေပြီ။

လူစီသည် မလှုပ်မယှက်ရပ်နေရာမှ တစ်ကိုယ်လုံး တုန်ယင်
ဖောက်လာသည်။

သူသည် သူတို့လုပ်ချင်ရာ လုပ်ဖို့အတွက် တစ်နေရာသို့
ရှောင်ဖယ်ပေးသည့် အဖြစ်မျိုးနှင့် ရင်ဆိုင်ခဲ့ရလေပြီ။ သူ့
သားသည် သူ့နောက်ကွယ်၌ သူလုပ်လိုရာလုပ်ပြီး ဝေးရာသို့
ရှောင်ထွက်သွားခဲ့ပြီ။

နှစ်ပေါင်းများစွာ မိမိရုန်းကန်ခဲ့ရသမျှ၊ အနစ်နာခံခဲ့ရ
သမျှ၊ ကိုယ်ကျိုးစွန့်ခဲ့ရသမျှ၊ ဒုက္ခခံရသမျှတို့သည် သဲထဲ
ရေသွန်ဖြစ်ရပြီ။

သူ့သားသည် သူ့အား အသုံးချသွားခဲ့၏။ သူ့အား
လိမ်ညာ လှည့်စားသွားခဲ့၏။ ဘေးသို့ တွန်းဖယ်ပစ်ခဲ့၏။

သူသည် သူ့သားအား အခြားမိန်းမ တစ်ယောက်၏
လက်တွင်းသို့ လွှဲပြောင်းပေးဖို့ အတွက် အခက်အခဲပေါင်း
များစွာနှင့် ဆင်းရဲဒုက္ခပေါင်းများစွာ၏ ဒဏ်ကို ခါးစည်း၍
ခံခဲ့ရ၏။

www.burmeseclassic.com

www.burmeseclassic.com



ဤဖြစ်ရပ်သည် သည်းမခံနိုင်လောက်အောင် ပြင်းထန်ကြီးမားသည့် ကိုယ်စိတ်နှစ်ပါး ဆင်းရဲခြင်းဒုက္ခကို ဖြစ်ပေါ်စေခဲ့လေပြီ။

သူသည် အနီးရှိကုလားထိုင်ပေါ်သို့ အတုန့်အယင်ဖြင့် ထိုင်ချလိုက်၏။ လက်ထဲမှစာသည် လွတ်ကျသွားလေသည်။

* * *

BURMESE CLASSIC .com

# စာအုပ်

# သုံး

www.burmeseclassic.com

www.burmeseclassic.com

## (၁)

နောက်ပိုင်းကိုးလမျှအကြာတွင်ဖြစ်၏။ လူစီသည် ဖလား ၁ ါးလမ်းထဲရှိ ယခင်တိုက်ခန်း၊ မီးဖိုခန်းထဲ၌ ထိုင်နေသည်။ တိုက်ခန်းသည် ဟိုကုန်းက ပုံစံအတိုင်းပင် ဖြစ်သည်။

ပြောင်းလဲမှုဟူ၍ အနည်းမျှသာ ရှိ၏။ အခန်းထဲတွင် အိမ်ထောင် ပရိဘောဂ ပစ္စည်းဟူ၍လည်း ဘာတစ်ခုမှ မည်မည်ရရ မရှိ။

အရောင် အဆင်းကလည်း ယခင်အလိုပင် မှိုင်းခြောက်ခြောက်၊ ပြတင်းပေါက်များလည်း ဖုန်အလိမ်းလိမ်း ဖုံးနေသည်။

www.burmeseclassic.com

www.burmeseclassic.com



ဤမျှလောက် ညစ်ပတ်ဖေါ့ရပြီး၊ ဤမျှလောက် ကျဉ်း မြောင်းသော အခန်းမျိုးတွင် သူ အခုလို ဆက်လက်နေထိုင် ရလိမ့်မည်ဟု သူ လုံးဝ မတွေးခဲ့မိ။

သူ၏လက်ရှိအခြေအနေသည် စိတ်ကူးပင် မထည့်ခဲ့သည့် အနေအထား ဖြစ်၏၊ အခုကျတော့လည်း ဤပတ်ဝန်းကျင် သည် သူ့စိတ်ကို ဒုက္ခမပေးတော့။

သူ့အနေဖြင့် ဤ ပတ်ဝန်းကျင်ကို ကြည့်၍ စိတ်ဆင်းရဲ ခြင်း၊ မသာယာခြင်း စသည်များလည်း မဖြစ်တော့။

ဒွန်းကမ်းခြေသို့ အပန်းဖြေခရီး ထွက်ခဲ့ရစဉ်က ကြုံခဲ့ရ သည့် နောက်ဆုံးနေ့ကို သူ သတိရမိ၏၊ သူ့တွင် ရှိရှိသမျှ မျှော်လင့်ချက်အားလုံး ပျက်သုဉ်းခဲ့ရသည့်နေ့ ဖြစ်၏၊ ထို နေ့တွင် သူ့ဘဝသည် ပျက်စီးခဲ့ရ၏၊ အပျက်ဆီးခံခဲ့ရ၏၊ သူ့လောက် မိုက်မဲသူသည် ဤလောကတွင် ရှိအံ့မထင်၊ သူသည် သူ့ဘဝရွှေရေးကို မတွေး။

သူ့သားအပေါ် ယုံကြည်ကိုးစားစိတ်ဖြင့် သူ့ ဘဝကို ဆင်းရဲခြင်းတည်းဟူသော ရွှံ့နွံ အတွင်း၌ နှစ်မြှုပ်ထားခဲ့၏၊ အခုတော့ သူ့ဘဝသည် ရွှံ့ဗွက်အိုင်အတွင်း ရုန်းထွက်၍ မရနိုင်တော့သည့်အဖြစ်သို့ ရောက်ခဲ့ရလေပြီ။

သူသည် သူ့စားပွဲ၌ထိုင်၏ ရွှေးဟောင်း နှောင်းဖြစ် များကို ဆင်ခြင်စဉ်းစားလျက်ရှိ၏၊



သူသည် နေ့လယ်စာ စားပြီးစ ဖြစ်သည်၊ သူသည် သူ့ နံဘေး၌ ချထားသောစာကို ယူ၍ နောက်တစ်ကြိမ် ဖတ်သည်၊ စာမှာ သူ့သားပီတာထံမှ မနေ့က ရခဲ့သည့် စာဖြစ်၏။

ချစ်သောအမေ

'အမေ့စာကိုရတယ်၊ အမေအားလုံး အဆင်ပြေ ကြောင်းသိရလို့ ဝမ်းသာပါတယ်၊ ကျွန်တော်တို့လဲ အားလုံးအဆင်ပြေကြပါတယ်၊ အလုပ်ကလဲ အဆင် ပြေနေပါတယ်၊ အခု ကျွန်တော် ဂုဏ်သရေရှိအမျိုး သမီး လူနာတစ်ယောက်ကို ကုသပေးနေရပါတယ်။ အမေသိရင် ဝမ်းသာ လိမ့်မယ်လို့ ထင်တယ်။ အမေလဲ ကြားဖူးမှာပါ၊ သူ့နာမည်က 'လေဒီ မက္ကာသီ' တဲ့၊ ဆေးခန်းကို သူတစ်ခေါက်လာရင်း ဆေးဖိုးဝါး ဂိနီစက်တောင်ပေးတာ၊ ဒီလောက် ထိ ပေးတယ်ဆိုတာ သိရရင် အမေယုံမှာတောင် မဟုတ်ဘူး၊ ဒါဆိုရင် ကျွန်တော့်အလုပ် ဘယ်လောက် အထိ တိုးတက်နေပြီဆိုတာ အမေခန့်မှန်းနိုင်မှာပါ၊ နောင်မကြာခင်မှာ အမေဟာ အမေ့သားကို ထိပ်တိုက်ကြဲ ဆရာဝန်တွေ စုနေတဲ့ ဟာလေလမ်းထဲမှာ မြင်ရတွေ့ရတော့မှာပါ၊ အဲဒီရက်ဟာလဲ မဝေးတော့ ဘူးလို့ ထင်ပါတယ်။

www.burmeseclassic.com

www.burmeseclassic.com



'လော်လောဆယ်မှာတော့ ကျွန်တော်တို့ သည်းခံရမှာပေါ့။ ကျွန်တော့်အမေကို ကျွန်တော်တို့နဲ့ အနီးအနားမှာ နေစေချင်တဲ့ဆန္ဒ ရှိနေတုန်းပါပဲ။ ဒါပေမယ့် အခု အခိုက်အတန့်မှာတော့ အခက်အခဲကလေးတွေက ရှိနေသေးတယ်။ အမေအခုထက်ထိ အလုပ် လုပ်နေရတာကိုလဲ မမြင်ချင်တော့ဘူးအမေ။ ဒါပေမယ့် ကျွန်တော်ရသမျှငွေကို ဆေးခန်း လုပ်ငန်းထဲမှာ ပြန်နှံပြီး မြှုပ်နှံနေရတော့ မလွယ်ဘဲဖြစ်နေပါတယ်။ ကျွန်တော်တို့ အခြေအနေကို ခိုင်မာတောင့်တင်းအောင် လုပ်ဖို့အလဲ လိုအပ်သေးတယ် မဟုတ်လား။

'ရှိစီအဖေကတော့ သိပ်ကို ကောင်း ပါတယ် အမေ။ ပြီးခဲ့တဲ့ အပတ်ကပဲ သူ ကျွန်တော့်တို့ဆီ အလည်လာသွားသေးတယ်။ သူ့ ခမျာ ကျွန်တော်တို့ အတွက်ဆိုရင် ဘာမဆို အကုန်လုပ်ပေးတာပဲ။ အမေ ကျွန်တော်တို့ဆီကို ရောက်လာမယ့်ရက်လဲ ဝေးမှာ မဟုတ်တော့ပါဘူး အမေ။ အမေ့ဘဝတစ်လျှောက်လုံး လွတ်လွတ်လပ်လပ်နဲ့ အေးအေးချမ်းချမ်း နေသွားနိုင်ဖို့ စီမံပေးရမှာဆိုတော့ ချက်ချင်းတော့ မဖြစ်နိုင်ဘူးပေါ့။ အမေကလဲ အဲဒီဘဝမျိုးကို ထမ်းတနေမယ်ဆိုတာ ကျွန်တော် သိထားပါတယ်။



'ရှိစီကလဲ အမေ့ကို သတိရပါတယ်....တဲ့။ သားကလဲ အမေ့ကို သတိရနေပါတယ်။

'အမေချစ်သောသား
ပီတာ

လူစီသည် စာကို ထည့်ငြိမ်အေးဆေးစွာပင် ဖတ်သည်။

အခုတလော သူ့ သားသည် ယူထံသို့စာရေးတိုင်း ဤလေသံမျိုးချည်း ရေးသည်။

ဤစာမျိုးကို တစ်ပတ်တစ်ကြိမ်ခန့် ဖတ်နေရသောအခါ ရှိးလာသည်။ သို့သော်လည်း လူစီသည် သူ့ သားစိတ်ချမ်းသာစေရန်အတွက် စာကိုတော့ မှန်မှန်ပြန်ရေးသည်။

သူ့ သား၏စာကို ဖတ်လိုက်လျှင် မအေကိုအလွန်ချစ်သောသားဟု ဆိုနိုင်မှယ်ရာရှိ၏။

ပေးထားသည့် ကတိတွေကလည်း အများကြီးဖြစ်သည်။ သူပေးသည့် ကတိများအပေါ်တွင် သူကိုယ်တိုင်ကရော ယုံကြည်မှုရှိပါရဲ့လား။ မိမိကရော ဘယ်လိုလဲ။

www.burmeseclassic.com

www.burmeseclassic.com



သံသယကင်းစွာဖြင့် ယုံကြည်ပါရဲ့လား။ လူစီအနေဖြင့် အတိအကျမပြောနိုင်။ စိတ်ထဲကတော့ နောင်ဆယ်နှစ်ကြာ ကာလအတွင်း တွင်လည်း သူ သားသည် ဤကဲ့သို့သော ကတိမျိုးတွေကိုပင် ပေးနေလိမ့်မည်ဟု ထင်မိ၏။

သို့သော်လည်း ဤထင်မြင်မှုနှင့်ပတ်သက်၍ ထူးဆန်းသည့် ခံစားမှု တစ်ခုမဟုတ် ရှိနေသည်။

ဤထင်မြင်မှုကြောင့် သူ့စိတ်သည် ယခင်ကလို ဒေါသ မဖြစ်။ ဘယ်လို ခံစားမှုမှုဝင်မလား။

သည်းခံ ခွင့်လွှတ်သည့် စိတ်သာလျှင်ရှိသည်။ ဟိုတုန်းက တော့ သူသည် ဒါမျိုးကို သည်းခံခွင့်လွှတ်တတ်သည့် မိန်းမ တစ်ယောက် မဟုတ်။

သူ့အတွေးသည် လွန်ခဲ့သော ကိုးလက မမေ့နိုင်လောက် အောင် ဖြစ်ခဲ့ရသည့် နေ့တစ်နေ့ဆီသို့ ပြန်ရောက်သွားသည်။

ထိုနေ့က သူ့စိတ်သည် ဆောက်တည်ရာ မရနိုင်လောက် အောင်ပင် ထိခိုက်ကြေကွဲခဲ့ရ၏။

အိမ်ပြန်ရောက် တော့လည်း သူသည် အပယ်ခံ လူတစ် ယောက်လို ဖြစ်နေသည်။

ပြင်းထန်သော အထီးကျန်နိုင်မှုကို ခံစားခဲ့ရ၏။



သူ့ကိုယ်သူ ဘယ်လိုနေ၍ ဘယ်လိုထိုင်ရမည်ကိုပင် မစဉ်း ...တော့။ သူ့စိတ်သူ မထိန်းချုပ်နိုင်လွန်းသဖြင့် လမ်း ...သို့ ကက်ကာ ခြေဦးတည်ရာ လျှောက်သွားပြီး အချိန် ...န်းနေခဲ့ရသည် မဟုတ်ပါလား။

တစ်ခါတစ်ရံကျတော့လည်း သူ့ကိုယ်သူ စိတ်မှမှန်ရဲ့ ...းဟု တွေးမိသည်။

ယုံကြည်မှုဟူသမျှ ကင်းမဲ့နေသည့် အခြေအနေသို့ရောက် ...သဖြင့်လည်း သူ့စိတ်သူ ပြန်လည်တည်ငြိမ်သွားအောင် ...ည်ဆောက်၍မရ။

'ဘယ်သူမပြု မိမိမှု' ဟု သူ့ကိုယ်သူ ထင်သည့်အခါထင် ...ည်။

နှစ်ပေါင်းများစွာ ကိုယ်ကျိုးစွန့်ပြီး အနစ်နာခံခဲ့ရသမျှ ...တွက် သူ့မှာဘာအကျိုးကျေးဇူးတွေ ရရှိခံစားခဲ့ရပါလိမ့်။

ဤသို့တွေးမိသည့်အခါ ပူနွေးသော မျက်ရည်များသည် ...ည်နိုင်အောင် ကျဆင်းလာခဲ့ရ၏။

အိမ်ပြန်ရောက်သည့်နေ့မှာ စနေနေ့ဖြစ်၏။ သူသည် ...တော်ညနက်သည်အထိ တစ်လမ်းဝင် တစ်လမ်းထွက် ...လျှောက်သွားနေသည်။

www.burmeseclassic.com

www.burmeseclassic.com

[illegible]ရောက်၍ အိပ်ရာဝင်ပြန်တော့လည်း အိပ်မရ၊ [illegible]သည်အထိ တလူးလူး တလွန့်လွန့်ဖြင့် အချိန်ကု[illegible] ခဲ့ရသည်။ နောက်တစ်နေ့ တနင်္ဂနွေနေ့တွင်လည်း ထို[illegible] အတိုင်းပင် ဖြစ်၏။

တနင်္လာနေ့ကျတော့ အလုပ်ခွင်သို့သွားရသည်။ မသွ[illegible] ၍လည်းမဖြစ်။

သူ့ဘဝသည် ဤအလုပ် အပေါ်တွင် တည်ရှိနေသ[illegible] မဟုတ်ပါလား။

သူ့ဘွင်မှီခိုစရာ အားထားစရာ ဟူ၍ တစ်ဦးမျှမရှိ၊ [illegible] ခန်းထဲ ဝင်သွားသည့်အခါ သူ ရင်မဆိုင်လိုသော အကြ[illegible] များနှင့် ရင်ဆိုင်ခဲ့ရပြန်သည်။

အားလုံးက သူ့အား အားတုံ့အားနာ ဖြစ်ဟန်ဖြင့် [illegible] ပွင့်လင်းလင်း မကြည့်၊ ခိုး၍ ကြည့်ကြသည်။ ကြည့်ပြန်တေ[illegible] လည်း သနားကရုဏာ မကင်းသည့် အကြည့်၊ ဤ အကြ[illegible] မျိုးကို သူ မခံယူလို။

'မင့်ကို တို့ပြောခဲ့တယ်မဟုတ်လား၊ မင်းဆမှသတိမထ[illegible] ခဲ့ပဲကို' ဟု မပြောသော်လည်း ပြောနေသည့်နှယ် ခံစား[illegible] သည်။



ထိုနေ့အဖို့ သူသည် ရုံး၌ကြာကြာမနေ၊ ချက်ချင်းပင် အိမ်ခန်းခ ကောက်ဖို့ ထွက်လာခဲ့၏။

အခုန်တော့ သူ မသွားချင်ဘဲ သွားနေရခြင်း၊ သူ မလုပ်လိုဘဲ လုပ်နေရခြင်း ဖြစ်ပါ၏။ ထိုနေ့က သူ့သားထံမှ ရောက်လာသည့် ပို့စကတ်များ။

သူတို့၏ဟန် နီးမွန်းခရီးကို ဘရစ်တာနီနယ်သို့ ထွက်ခဲ့ကြောင်း၊ သူရော ရှိစ်ပါ အလွန်ပျော်ကြကြောင်း၊ ပြီးတော့ ရှိစ် အလွန်အချက်အပြုတ် တော်ကြောင်းစသည်တို့ဖြစ်သည်။ ဤကားသူ့သားထံမှ လာသည့်စကားများ ဖြစ်သည်။

ထို့နောက်တော့ သူ့သားထံမှ ပို့စကတ်တွေ အမြဲ ရောက်သည်။

'သားဟို့ရောက်နေတဲ့နေရာက ရှုခင်းပေါ့၊ ဘယ်လောက် လှသလဲ အမေ' ဟူသော အရေးမျိုးမှတစ်ပါး အခြား ဘာမှ မပါ။

ဤသို့ဖြင့် လူစီသည် တနင်္ဂနွေနေ့ရောက်လျှင် အလုပ် နားလိုက်၊ တနင်္လာနေ့မှစ၍ စနေနေ့အထိ အလုပ်သွား လိုက်နှင့် တစ်ရက်ပြီးတစ်ရက် ကုန်လွန်လာခဲ့၏။

www.burmeseclassic.com

www.burmeseclassic.com



သူ မနေလိုသော ဘဝထဲမှာပင် နစ်မြုပ်ကာ သံသ
လည်လျက်ရှိ၏။

သူ့သား စာမေးပွဲအောင်၍ အလုပ်အကိုင်နှင့် ဖြစ်လ
သည့်အခါ ဤဘဝမှ လွတ်မြောက်လိမ့်မည် ဟူသော မျှေ
လင့်ချက်ဆုတော့ ဘယ်ထိ ရောက်သွားသည်ကို သူ မ
တော့။

သူသည် လက်ထဲမှ သူ့သား၏ စာကို ပြန်ခေါက်လိုက
သည်။ ထိုင်ရာမှထ၍ အခြားစာများနှင့်ရော၍ သိမ်းလို
သည်။

ထို့နောက် နွေးကွေးလေးလံလွန်းလှသော ခြေထော
များကို ဒရွတ်ဆွဲကာ ရုံးသို့ထွက်လာခဲ့သည်။

ရုံးရောက်သည့်အခါ သူ့စားပွဲတွင်ထိုင်၍ သူ့ပစ္စည်
များကို စစ်သည်။ နောက်ဆုံးတွင် မစ္စတင်တိုထံ သွား၍ မေ
သည်။

'သူ့အခန်းထဲမှာ မစ္စတာရက်ထရေး ရှိသလား'

'ရှိတယ်'ဟု မစ္စတင်တိုက မော့ကြည့်ပြီး ပြောသည်။

လူစီသည် အပေါ်ထပ်ရှိ မစ္စတာရက်ထရေး အခန်းသို
တက်သွားသည်။ ငါးမိနစ်ခန့် အကြာတွင် ပြန်ဆင်းလာ
သည်။



'သူ ရှိတယ်မဟုတ်လား'ဟု မစ္စတင်တိုက ဆီးမေးသည်။

'ရှိတယ်၊ လူစီ အလုပ်ထွက်တော့မယ်လို့ အသိပေးခဲ့ပြီး
ပြီ....'

'ဘာလဲ၊ မင်း လန်ဒန်ကို လိုက်သွားတော့မလို့လား' ဟု
မစ္စတင်တိုက ခရွတ်သည်။

'ကောင်းပါတယ်၊ နေ့ခက်ဆုံးကျတော့လဲ ကိုယ့်သားဆီပဲ
သွားရမှာပေါ့'

လူစီက အတန်ကြာမျှ ငြိမ်နေသည်။

'လူစီ အဲဒီကိုမသွားဘူး'ဟု ပြောသည်။

'လူစီ ဒီ...ထဲမှာ ဒီအရပ်ကအပြီးထွက်သွားဖို့ စီစဉ်ထား
တယ်'

သူသည် စားပွဲပေါ်မှ ပစ္စည်းများကို စနစ်တကျ ပြန်
သိမ်းသည်။

'ကဲ....လူစီ သွားတော့မယ်၊ အားလုံးပြီးစီးအောင် လုပ်
ထားခဲ့ပြီးပြီ'

'မင်း ဘာလုပ်မယ်လို့ စိတ်ကူးထားသလဲ' ဟု မစ္စတင်တို
က စိုးရိမ်မကင်းသံဖြင့် မေးသည်။

www.burmeseclassic.com

www.burmeseclassic.com



'လှစီ အစီအစဉ်တော့ လုပ်ထားပြီးပြီ' ဟု လှစီက မဝေ မရှာပြောသည်။ ထို့နောက် ခေါင်းတစ်ချက် ညိတ်၍ နှုတ်ဆက်ကာ ရုံးခန်းထဲမှ ထွက်လာခဲ့သည်။

အဝင်ဝတွင် ခင်ဗီနှင့်ဆုံမိသော်လည်း နှုတ်ဆက်ရုံမျှသာ နှုတ်ဆက်သည်။

သူ့အလုပ်မှထွက်မည့်အကြောင်းကို အသိမပေး၊ ရုံးခန်းထဲရောက်၍ မစ္စဘင်တိုက ပြောလိုက်ခါမှ အကြောင်းစုံသိရသော ခင်ဗီသည် အံ့အားသင့်နေသည်။

'ဘယ်လို ဖြစ်တာလဲ၊ သူ ဘာ လုပ်မယ် လို့ ပြောသွားသလဲ'

'မသိဘူး၊'

'စိတ်မကောင်းစရာပဲ၊ သူ့ ခမျာ လေထဲတိုက်အိမ်ဆောက်သလို ဖြစ်ခဲ့ရရှာတယ်'

ခင်ဗီသည် အတန်ကြာမျှ ငြိမ်ဆိတ်နေသည်။

'သူ့စိတ်ဟာ ဘာသာရေးဘက်ကို ယိုင်သွားပြီ ထင်တယ်' ဟု ထင်မြင်ချက်ပေးသည်။

'ရှင်က ဘာ့ကြောင့် အဲသလို ပြောနိုင်ရတာလဲ'



'သူ့ မျက်နှာကို ကြည့်ရင် သိနိုင်တာပဲ၊ သူ့ အသက်အရွယ်နဲ့ အခြေအနေကလဲ အေးချမ်းရာရှာရမယ့် အနေအထားမှာ ရှိနေတယ်မဟုတ်လား၊ ဒါဟာ မရှောင်သာတဲ့ အခြေအနေပဲ'

* * *

www.burmeseclassic.com

www.burmeseclassic.com

( ၂ )

လှစီသည်မှာတ်ရထားဂိတ်ဘက်သို့ ခပ်သုတ်သုတ်လျှောက်လာသည်။

လွန်ခဲ့သောလအနည်းငယ်ခန့်က ရင်ထဲ၌ ကိန်းအောင်းလာခဲ့သော ရည်မှန်းချက်သည် အကောင်အထည် ပေါ်လာတော့မည်ဟု သူ တွေးလာသည်။

သူ့ဘဝသည် ပျက်ခဲ့ရပြီးပြီ။ ပျက်သွားသော ဘဝကို ဘယ်လို တည်ဆောက်ရမည်နည်း။ ဘယ်အပေါ်မှာ တည်ဆောက်ရမည်နည်း။

www.burmeseclassic.com

www.burmeseclassic.com



သူ၏လုပ်ရပ်နှင့် ပတ်သက်၍ မစ္စတင်တို့နှင့် အင်ဗီတို့အား အံ့ဩချင်လည်း အံ့ဩကြလိမ့်မည်၊ နှာခေါင်း ရှုံ့ချင်လည်း ရှုံ့ကြလိမ့်မည်။ ရှိပါစေတော့။

သူတို့ ဘယ်လိုပဲထင်ထင်၊ ဘယ်လိုပဲ ယူဆယူဆ၊ သူ ဂရုစိုက်။

အရေးကြီးသည်မှာ သူ့ဘဝကို အသစ်တစ်ဖန် ပြန်လည် တည်ဆောက်နိုင်ရန်သာ ဖြစ်၏။

သူသည် ဆယ်ဗင်ဆင့်လမ်းမှတ်တိုင်သို့အရောက်တွင် ခုတ်ထားပေါ်မှ ဆင်းလာခဲ့ပြီး ဗလားဝါး လမ်းဘက်သို့ လျှောက်လာခဲ့သည်။

အိမ်ရောက်လျှင်ရောက်ချင်း ကပျာကယာ စားသောက်ပြီး မျက်နှာသစ်၍ လက်ဆေး၍ အပြင်ပြန်ထွက်သည်။ လှေကားမှအဆင်းတွင် လူစီသည် ဘက်စီတို့အခန်းဘက်သို့ တစ်ချက် လှမ်းကြည့်သည်။

ဘက်စီသည် သူ့အမေထံပြန်သွားပြီ။ သူ့ ယောက်ျားအတော့ အရက်နှင့်သာအဖော်လုပ်၍ ကျန်ရစ်ခဲ့သည်။ သူသည် သက်ပြင်းတစ်ချက် ချလိုက်၏။ သူသည် ဘက်စီ အဖြစ်ကို တွေးမိတိုင်း စိတ်မကောင်း ဖြစ်ရ၏။



သူသည် ဂါးနက်ပန်းခြံဆီသို့ ရောက်လာသည်။ ပန်းခြံကို ဖြတ်ထွက်လိုက်သည့်အခါ တစ်ဘက် မျက်နှာချင်းဆိုင်ရှိ စိန့်မရီဘုရားရှိခိုးကျောင်းသို့ ရောက်သည်။

သူ့စိတ်သည် အနည်းငယ်မျှ ကြည်လင်သလို ဖြစ်လာသည်။ သူ့စိတ်အာရုံသည် သူ ကြုံရဖူးသည့် နာမ်လောက၏ ထူးခြားမြင့်မြတ်မှု တစ်ခုဆီသို့ ပြန်ရောက်သွားသည်။ ထို အတွေ့အကြုံကို သူ ခံမှု၍မရ၊ လှိုင်းလုံးကြီး တစ်လုံး သူ့ အပေါ် ကျလာသည်နှင့် တူသည်။

သူသည် လှိုင်းလုံးကြီးအောက် ရောက်သွားပြီး ထိုမှ တစ်ဆင့် လှိုင်းပုတ်ဒဏ်ဖြင့် ရေစီးကြောင်းတစ်ခုတွင်၊ ကျရောက် မျောပါသွားသည်နှင့်လည်း တူသည်။

သူ့ဘဝလမ်းကြောင်းသည် ရုတ်တရက်ချက်ချင်း ပြောင်းသွားသလို ခံစားခဲ့သည် မဟုတ်ပါလား။

ထိုအဖြစ်ကို လွန်ခဲ့သောကိုးလ၊ တစ်ခုသော တနင်္ဂနွေနေ့က ကြုံခဲ့ရခြင်းဖြစ်၏။

ထိုစဉ်က သူသည် အခုလို မှောင်မည်းနေသည့် ဘုရားရှိခိုးကျောင်းထဲသို့ အမှတ်မထင် ဝင်သွားခဲ့မိကြသည်။

သူသည် ဘုရားသခင်၏ ရုပ်တုဟည်းပြပလ္လင်ရှေ့၌ ဒူးထောက်ထိုင်ပြီး ဝတ်ပြုခဲ့သည်။

www.burmeseclassic.com

www.burmeseclassic.com



ဆုတောင်းဆုမှုပြုခဲ့သည်။ ထို့နောက် ဘုရားသခင်၏မျက်နှာတော်ကို မော့ကြည့်မိသည်။

ဘုရားသခင်၏မျက်လုံးအစုံသည် သူ့အား စိုက်ကြည့်နေသည် ဟု စိတ်ထဲတွင် ခံစားလာရသည်။

မျက်လုံးအစုံသည် အလွန်စိတ်ထိခိုက် ဝမ်းနည်းကြေကွဲနေခြင်းကိုလည်း ဖော်ပြနေသည်။

မိမိအဖြစ်ကို သိနေသဖြင့် မိမိအဖြစ်ကိုကြည့်ကာ ဝမ်းနည်းကြေကွဲနေသည့်ပုံမျိုး ဖြစ်၏။ ကြည့်ရင်းနှင့်ပင် လူစီ့တစ်ကိုယ်လုံး တုန်ယင်လှုပ်ရှားလာသည်။

အသေအချာကြည့်လိုက်သည့်အခါ ဘုရားသခင်၏ မျက်ခုံးများသည် တွန့်နေကြသည်။

ပါးနှစ်ဖက်သည် ချိုင့်ဝင်နေကြသည်။ နှုတ်ခမ်းများသည် ပွင့်နေကြသည်။

ကိုယ်စိတ်နှစ်ပါး ဆင်းရဲခြင်းဒဏ် ခံစားနေရသည်ကို ဖော်ပြသည့်နှယ်ရှိသည်။

တစ်ကိုယ်လုံးကို ချုံကြည့်လိုက်သည့်အခါတွင်မူ သေခြင်းတရားကို လက်မြှောက်အရှုံးပေးထားရသည့် လက္ခဏာများ ပီပြင် ပြတ်သားစွာ ဖော်ပြနေသည်။



သို့သော်လည်း မျက်နှာတော်သည် သေသွားသည့် အရိပ်အငွေ့ကို ဖော်ပြခြင်းမရှိ ကြည်လင် သန့်စင်ကာ ဝင်းလက်နေသည်။

ရှင်သန်ခြင်းကို အထင်အရှား ပြသလျက်ရှိ၏။

မျက်နှာတော်သည် ခံစားမှု ဝေဒနာနှင့် ပေါင်းစပ်နေသော ကရုဏာတရားကိုလည်းကောင်း၊ သနား ကြင်နာမှုနှင့် ပေါင်းစပ်နေသည့် ကြံ့ခိုင်ဟင်းမာမှုကိုလည်းကောင်း ဖော်ပြလျက်ရှိသည်။

သခင်ယေရှု၏ မျက်နှာတော်များကို သူ အကြိမ်ပေါင်းများစွာ မြင်ဖူးခဲ့ပါ၏။ သို့သော်လည်း ဤမျက်နှာမျိုးကို ဘယ်တုန်းကမှ မတွေ့ဖူးခဲ့။ ယခုတစ်ကြိမ်သည် ပထမဆုံးအကြိမ်ဖြစ်၏။

သခင်ယေရှု၏ မျက်နှာတော်သည် သူ၏ ဆင်းရဲဒုက္ခများကို နားလည်နေခြင်း၊ တစ်ခုတည်းကိုသာ ဖော်ပြနေသည်မဟုတ်၊ သူ့အား သနားကရုဏာ၊ ငြိမ်သက်ငြိမ်းချမ်းမှုနှင့် မေတ္တာကိုပါ ပေးအပ်နေသည်ဟု ခံစားနေရသည်။

ဘုရားသခင်သည် သူ့အား စောင့်မျှော် နေသည်မှာကြာပြီ။ အခုမှပင် ဘုရားသခင်၏ စောင့်မျှော်နေမှုကို သူ့စိတ်က သိမြင်နားလည်လာရခြင်း ဖြစ်၏။

www.burmeseclassic.com



ဘုရားသခင်၏ မျက်နှာတော်ထက်မှ အလင်းရောင်သည် သူ့ဆီသို့ ဖြာဆင်းလာနေသည်ဟုလည်း ထင်မိ၏။

ထိုစဉ်က လူစီသည် သူ့ခံစားမှုနှင့် ဘုရားသခင်အပေါ် ၌သာ လုံးဝ အာရုံညွတ်လျက်ရှိသည်။

စိတ်ထဲမှလည်း 'အို.... ဘုရားသခင်၊ နောက်ဆုံးတွင် တပည့်တော်မသည် အရှင့်ထံ ရောက်လာရပါပြီ၊ အရှင်သည် တပည့်တော်မအတွက် ရသက်ပန် အားကိုးရာ ဖြစ်လာ ပါပြီ။ တပည့်တော်မသည်လည်း အရှင်၏ ရသက်ပန် တပည့်တစ်ဦး ဖြစ်လာရပါပြီ' ဟု ပြောမိသည်။

ထိုနေ့က သူသည် ဒူးထောက်ထိုင်၍ အာရုံပြုနေခြင်း ဖြစ်သည်။

ဦးခေါင်းကိုငုံ၍ မျက်စိများကိုလည်း မှိတ်ထားသည်။

သူသည် ပထ်ဝန်းကျင်မှ ဘုရားဝတ်ပြုနေသူများကိုလည်း မမြင်။ တရားဟောနေသည်ကိုလည်း မကြား။ ဘုရားရှိခိုး ကျောင်းထဲ၌ နောက်ဆုံး သူတစ်ဦးတည်း ကျန်ရစ်ခဲ့သည် ကိုပင် မသိ။

အခုလဲ သူသည် ဘုရားရှိခိုး ကျောင်းထဲသို့ ရောက်ခဲ့ ရပြန်ပြီး သူ့အား ကူညီစောင့်ရှောက်ခဲ့သောဘုန်းတော်ကြီး



သာဂျွန်ဟယ်လ်ဘောနှင့် စကားပြောလို၍ လာခဲ့ခြင်း ၏။

သူ့တွင် ဆုံးဖြတ်ချက်တစ်ခု အခိုင်အမာရှိထားပြီး ဆုံးဖြတ်ချက်အရ ဤတစ်လအကုန်တွင် ဒါဆင်အင်မရွှာ အိမ့် အလုပ်ထွက်ရန်လည်း အသိပေးခဲ့ပြီးပြီ။

ဤဆုံးဖြတ်ချက်နှင့် ပတ်သက်၍ ဘုန်းတော်ကြီး တယ်လ် ကိုပင် ယခုရိပ်အမြွက်မျှ အသိပေးထားခဲ့ပြီးပြီ။ ယခု ဤကိစ္စကို ဖာသာတယ်လ်ဘောအား ထပ်မံတင်ပြရန် ရှိတော့သည် မဟုတ်ပါလား။

ဖာသာတယ်လ်ဘောက သူ့အား တံခါးဖွင့်ပေးသည်။

'ငါလဲ မင်းလာမယ်ပြောထားလို့ စောင့်နေတာ' ဟု သည်။

'မင်း ဆုံးဖြတ်ပြီးပြီလား'

'ဟုတ်ကဲ့ပါ...ဖာသာ'

'ငါပြောထားတဲ့ အချက်တွေကိုရော စဉ်းစားပြီးပြီလား'

'စဉ်းစားပြီးပါပြီ'

'မင်းကိုယ်မင်း ဘုရားသခင်လက်ကို လုံးဝအပ်နှံတော့မယ် ပါတော့'

www.burmeseclassic.com

www.burmeseclassic.com



'မှန်ပါတယ်...ဖဒသာ'

'ဒါဆိုရင်တော့ ငါ့ဘက်က ကူညီနိုင်တာ ကူညီရမှာပေ
တစ်ခုရှိတာက ဘုရားသခင်ရဲ့ သာသနာ့ဝန်ထမ်းတွေအဖ
ချမှတ်ထားတဲ့ စည်းမျဉ်းစည်းကမ်းတွေဟာ မင်းနဲ့
တော်ဖို့တော့ ရှိပါတယ်၊ ဒါပေမယ့်'

'ဖဒသာ... ဘာမိလိုက် သီလရှင်ကျောင်းနဲ့ စကားပြေ
ပြီးပြီလား'

'အေး... ပြောပြီးပြီ၊ သူတို့ရဲ့စည်းကမ်းတွေက အ
ပြင်းထန်ကျပ်တည်းတယ်၊ မင့်အသက်က ကြီးနေပြီ ဆိုတေ
လိုက်နာနိုင်ပါ့မလားလို့ တွေးပြီးပူမိတယ်၊ ပြီးတော့ မင်
အဆင့်အတန်းနဲ့ မင်းရဲ့အသက်အရွယ်ကိုကြည့်ပြီး သူတို့
က လက်ခံနိုင်ပါ့မလား ဆိုတာလဲ စဉ်းစားရလိမ့်မယ်'

လူစီသည် စိုးရိမ်မကင်းဖြစ်သည့်မျက်နှာထားဖြင့် ဖဒ
အား စိုက်ကြည့်နေသည်။

'နောက်တစ်ခု အခက်အခဲက မင်း လေ့ကျင့်သင်ကြ
ရမယ့် သီလရှင်ကျောင်းက ဘယ်လ်ဂျီယံနိုင်ငံ ဘရပ်ဆ
မြို့မှာ၊ မင်း အဲဒီကိုသွားပြီး အနည်းဆုံး သုံးနှစ်တိတိ
လိမ့်မယ်၊ အဲဒီမှာ ပြီးသွားမှသာ မင်းကိုစွကို ဒီနိုင်ငံထဲ
ပို့ပေးမှာ'



ဓိကိစ္စဟာ မဖြစ်လောက်ပါဘူး ဖဒသာ' ဟု လူစီက
ပြန်ပြောသည်။

'ကျွန်မ အရာရာတိုင်းကို စွန့်လွှတ်ဖို့ အဆင့်ပြင်ထားပြီး
ပါပြီ'

'မင့်ရဲ့ အလိုဆန္ဒက အဓိကမဟုတ်တော့ဘူး ဆိုတာလဲ
မင်းသိထားရတော့မယ်' ဟု ဖဒသာက ပြောသည်။

'သီလရှင်ဘဝကို ဝင်ပြီဆိုကတည်းက မင့်ရဲ့အလိုဆန္ဒ
အားလုံးကို မေ့ပစ်ရမှာ၊ အဲဒီတော့ အခု ဖဒသာဂျင်နရယ်
ဆီကို ငါ စာရေးထားပြီးပြီ၊ သူ ဆီမှာ သူတို့ရဲ့လုပ်ရိုးလုပ်စဉ်
လုပ်ထုံးလုပ်နည်းတွေအရ အစစ်ဆေးခံရလိမ့်မယ်'

'ဟုတ်ကဲ့ပါ ဖဒသာ'

'မင်းအနေနဲ့ မွေးစာရင်းလက်မှတ်၊ ဘာသာဝင် အတည်
ပြုချက်လက်မှတ်၊ ဆေးလက်မှတ်နဲ့ မင့်ယောဇကျော်းရဲ့ ဒေသ
စာရင်းလက်မှတ်တွေယူသွားရမယ်၊ ပြီးတော့ ထောက်ခံစာ
နှစ်စောင်ပါရမယ်၊ တစ်စောင်ကတော့ ငါ့ဆီကရမှာပါ၊
နောက်တစ်စောင်ကတော့ အကောင်းဆုံး ဖြစ်သွားအောင်
ငါ အကြံပြုချင်တယ်၊ ဆရာတော်မူးဆီကယူရင် ကောင်း
လိမ့်မယ်'

www.burmeseclassic.com

www.burmeseclassic.com



'ကျွန်မ ချက်ချင်းစာရေးပြီး တောင်းပါ့မယ်၊ ကျွန်မတယ်တော့လောက် သွားနိုင်လိမ့်မယ်လို့ ခန့်မှန်းပါသလဲ'

'ဖာသာကျွင်နရယ်က မင့်ဆီကို စာရေးလိမ့်မယ်၊ တဆယ်လို့ လက်ခံပြီဆိုရင် တစ်လလောက် အကြာမှာ မင်းသူတို့လက်ထဲရောက်သွားမှာပဲ'

'ကျေးဇူးတင်ပါတယ်ဖာသာ'

'မလိုပါဘူးကွယ်'

ဖာသာတယ်လ်ဘော့က ပြန်ခွင့်ပြုသည့်အနေဖြင့် ခေါင်းတစ်ချက်ဆတ်ပြသည်။

လူစီသည် တံခါးဝဆီသို့ ဖြည်းဖြည်းသာသာ လျှောက်လှာခဲ့သည်။

ဘုရားရှိခိုးကျောင်းထဲမှ အဖြတ်ဘွင် ဘုရားသခင်၏ မလွှင်ရှေ့၌ ဒူးထောက်၍ထိုင်ကာ အာရုံပြုနေသေးသည်။

မိမိအား ဘုရားသခင်က လက်ခံဖို့လည်း ဆုတောင်းသည်။

စောစောပိုင်း အခါက ဘုရားသခင်အပေါ် ဥပေက္ခာပြုမိခဲ့သမျှကို ခွင့်လွှတ်ရန်လည်း အသနားခံသည်။



သူသည် သွက်လက်ပေါ့ပါးသောစိတ်ဖြင့် အိမ်ဘက်သို့ပြန်လာခဲ့သည်။ ထူးဆန်းလှပါကလားဟူသောအတွေးသည် သူ့ခေါင်းထဲသို့ ဝင်ရောက်လာသည်။

လူစီမူးတစ်ယောက် သီလရှင်ဘဝသို့ ကူးပြောင်းရောက်ရှိဖို့ နီးကပ်လာနေပြီ မဟုတ်ပါလား။

* * *

www.burmeseclassic.com

www.burmeseclassic.com

( ၃ )

လူစီသည် ဘုန်းကော်ကြီး တယ်လ်ဘော့ အကြံပြုသည့်အတိုင်း ခဲအိုအက်ဒ်ဝပ်ထံ အကျိုးအကြောင်း စာရေးပြီး ထောက်ခံစာတောင်းသည်။

ထိုအပတ်စနေနေ့တွင် အက်ဒ်ဝပ်သည် လူကိုယ်တိုင်လိုက်လာသည်။

စာသာပြန်လိမ့်မည်ဟု မှတ်ထင်မိသော လူစီသည် များစွာ အံ့အားသင့်လျက် ရှိနေလသည်။

'ကိုယ်တိုင်မလာလို့မဖြစ်ဘူး လူစီ' ဟု အက်ဒ်ဝပ်က ပြောသည်။

www.burmeseclassic.com

www.burmeseclassic.com



'ငါမှာ အလုပ်တွေ သိပ်များနေတယ်၊ ဒါပေမယ့် ဒီ... ကလူကိုယ်တိုင် မလာရင်မဖြစ်လို့ လာခဲ့ရတာ၊ မင်း ... လိုက်တဲ့စာထဲမှာ ပါတဲ့အတိုင်းပဲလား၊ မင့်အနေနဲ့ သိ... ဆန္ဒပြင်းပြနေသလား'

'ဟုတ်တယ်၊ ဆန္ဒပြင်းပြလွန်းလို့ပါ'ဟု လူစီက တည်... စွာ ဖြေသည်။

သူ ရောက်လာသည့်အတွက် လူစီ စိတ်ထဲ၌ တယ်... ခံစားရခြင်းမရှိ။ ဟိုတုန်းကသာဆိုလျှင် မိမိ၏ စိတ်ဆ... ခြင်းကို အမြင်ခံရသည့်အတွက် ရှက်စိတ်ဝင်မိလိမ့်မည် ဖြစ်... အခုဖတော့လည်း ထိုစိတ်မျိုး လုံးဝမရှိတော့။

'သိပ် စိတ်အားထက်သန်ပြီး ဈေးလောတကြီး လုပ်ဖို့တော... မသင့်ဘူးလူစီ၊ သိလျှင်လုပ်ရတာ လွယ်တယ်မထင်နဲ့၊ အလွ... ကို ခက်ခဲပင်ပန်းတဲ့ အလုပ်တစ်ခုဆိုတာ သိထားဖို့ လိုတယ်' ဟု အက်ဒ်ဇပ်က ပြောသည်။

'လူစီ ဖြတ်သန်းခဲ့ရတဲ့ ဘဝထက် ပိုပြီး ပင်ပန်းလိမ့်မယ်... မထင်ပါဘူး၊ လူစီကိုရှင်းပြလို့ သိတန်သလောက်လဲ သိထား... ပြီးပါပြီ၊ ပြီးတော့ အခုဟာက ဘုရားသခင်အတွက် အပင်... ပန်းခံရမှာပါ'



'ဒီစိတ်စေတနာမျိုးရှိတာတွေ အလွန် ချီးကျူးထိုက်ပါတယ်၊ ဒါပေမယ့် မင့်အသက်အရွယ်ဟာ ဒီကိစ္စကို အိပ်မက်တောင် မမက်သင့်တော့ဘူးလို့ ဆိုရလိမ့်မယ်'

ဘာ့ကြောင့် ဒီအသက်အရွယ်ကို အဓိကထား၍ ပြောနေတာပါလိမ့်ဟု လူစီ တွေးမိသည်။

သူ့အသက်သည် အခုမှ လေးဆယ့်နှစ်နှစ်မျှသာ ရှိသေးသည် မဟုတ်ပါလား။ အက်ဒ်ဇပ်ကတော့ လူစီ အရိပ်အခြေကိုကြည့်ကာ သူ့စကားကို ဆက်သည်။

'ငါ မင့်ကို ပြောသင့်တယ်ဖင်တာလေးတွေတော့ ပြောရဦးမယ်လူစီ၊ မင်းဟာ အသက်အတော်လေးရတဲ့ အထိ ဘဝကို တပင်တပန်း ရုန်းကန်ခဲ့ရတယ်'

'ဒါပေမယ့် ရလာတဲ့အကျိုးကျေးဇူးက မင်းဒုက္ခကြီးခဲ့သလောက် ထိုက်ထိုက်တန်တန်မဖြစ်ခဲ့ဘူး၊ အသက် ငယ်ငယ်လေးနဲ့ အိမ်ထောင်ကျသွားတာမို့ အခြေအနေက ပိုပြီးဆိုးသွားတာပဲ၊ တို့တောင် အတော်ကို အံ့သြခဲ့ရတဲ့ အပြစ်တစ်ခုပါ'

'ဒါပေမယ့်၊ ဘယ်လိုလုပ်ပြီး အပြစ်တင်လို့ရမှာလဲ၊ ဒါဟာ သဘာဝပဲမဟုတ်လား၊ သူ့အနေနဲ့ ... ကျ အိမ်ထောင်ပြုမှာ မသဲ့ဘူး၊ အဲဒီကျတော့လဲ မင်း သူ့ကို လက်

www.burmeseclassic.com

www.burmeseclassic.com



လွှတ်လိုက်ရမှာပဲ မဟုတ်လား၊ မြန်မာ နေ့တယ်ဆိုတာ တွက်နေလို့ အလကားပဲ၊ သူ အခုရတဲ့ မိန်းမလေးဟာလဲ မဆိုးလှပါဘူး၊ ရုပ်ရည်ကလဲချောတယ်၊ ဘာသာလဲတူတယ်၊ ငွေကြေးလဲ ချမ်းသာတယ်၊ အခုဆိုရင် လန်ဒန်တက်ပြီး ဆေးကုခန်းဖွင့်နိုင်တယ်ဆိုတာ အင်မတန်ကောင်းတာပဲ၊ သူငါ့ဆီ ရေးလိုက်တဲ့စာအရဆိုရင် ဝင်ငွေ တော်တော်ကောင်းတာပဲ၊ မကြာခင်မှာ မင့်ကိုလဲ ကောင်းကောင်း ထောက်ပံ့လာနိုင်မှာပါ၊ မင်းဟာ သူ့အတွက် အများကြီး အနစ်နာ ခံထားရတဲ့လူပါ၊ အားလုံးက သိနေတာပဲ၊ မင်း သည်းခံပြီး နေလိုက်ရင် မကြာခင် သူ့ဆီက ကျေးဇူးတုံ့ပြန်မှုကို ရလာဖို့ ရှိနေတာပဲ ကွယ်'

'အခုကိစ္စမှာ အတိတ်ဖြစ်ရပ်တွေကို ထည့်စဉ်းစားဖို့ မလိုဘူးလို့ လှစီထင်တယ်' ဟု လှစီက အေးအေးဆေးဆေး ပြန်ပြောသည်။

'အခုဟာက အနာဂတ်အရေးပါ'

'ဟုတ်ပါတယ်၊ ငါနားလည်ပါတယ်၊ ဒါပေမယ့် ဘာဘာဝ ကျတဲ့ ဆန္ဒကျွင်စိတ်တစ်ခုက မင့်ကို အခုလို လုပ်ချင်အောင် လှုံ့ဆော်နေတယ်လို့ ထင်တယ်၊ ပြောရမယ် ဆိုရင်တော့ မင်းမသိအောင် မင့်ကွယ်ရာမှာ လက်ထပ်လိုက်တဲ့ကိစ္စဟာ မင့်အတွက် နာကြည်းစရာတစ်ခု ဖြစ်ချင်လဲဖြစ်ပေမပေါ့'



လှစီက ခေါင်းယမ်းသည်။

'အခုအချိန်ထိ လှစီ့အပေါ်မှာ နားမလည်သေးပါလား၊ အခုကိစ္စဟာ လှစီ့အတွက် စိတ်ချမ်းမြေ့စရာတစ်ခု ဖြစ်နေတာ အမှန်ပဲ အက်ဒ်ဝပ်' ဟု ပြောသည်။

'ဟုတ်ပါတယ်၊ မင်းဆိုလိုတာ ငါ နားလည်ပါတယ်။ ဒီစွန့်လွှတ်မှုကို လုပ်နိုင်လိမ့်မယ်လို့ မင်း ပိုင်ပိုင်နိုင်နိုင် ဆုံးဖြတ်ပြီးပြီလား၊ လောကီကို လွယ်လွယ်ကူကူနဲ့ စွန့်လွှတ်နိုင်ဖို့ဆိုတာ လွယ်တဲ့ကိစ္စမဟုတ်ဘူး လှစီ'

'ဘာလောကီလဲ၊ ဆင်းရဲသား ရပ်ကွက်ထဲက ဒီအိမ်နဲ့ ဆင်းရဲဒုက္ခများလှတဲ့ ငါ့ဘဝ၊ ငါ ဒါတွေကို ဘာကြောင့် မစွန့်လွှတ်နိုင်ရမှာလဲ'

စသဖြင့် လှစီတွေးသည်။

'လှစီ စွန့်လွှတ်နိုင်တယ်၊ စွန့်လဲ စွန့်မယ်' ဟု လှစီက ပြောသည်။

'မင်းမသိဘူးလှစီ၊ သီလရှင်ဘဝဟာ မင်းအသက် ငယ်ငယ် အတည်းက ဖြည်းဖြည်းချင်း ပုံသွင်းယူမှရတာ၊ အခု မင့်အသက် အရွယ်ကျတော့ မလွယ်တော့ဘူး၊ မင့်ကို အစော် ဆားခံနေရသလို၊ အနှိပ်အစက်ခံနေရသလို၊ ဂုဏ်သိက္ခာ

www.burmeseclassic.com

www.burmeseclassic.com



တင်းမဲ့အောင် အလုပ်ခံနေရသဲလို၊ မင်းခံစားနေရမှာ သေ
ချာတယ် လှစီ'

'လှစီ့ဘဝဟာ ဘာများထူးလို့လဲ' ဟု လှစီက ပြန်မေး
သည်။

'အခု အပြင်မှာနေတော့လဲ အဲသလို အလုပ်ခံနေရသလို
ပါပဲ'

အက်ဒ်ဝပ်သည် လှစီအား စိတ်ပျက်သည့် မျက်နှာထား
ဖြင့် ကြည့်နေသည်။ ဘာ့ကြောင့် ဒီစိတ်ကူးကို သူရသွား
တာပါလိမ့်။ ဒီဟာကို မိုက်မဲမှုတစ်ခုလို သူမမြင်ပါလား
စသည်ဖြင့်လည်း တွေးနေသည်။

'နက်နက် နဲနဲစဉ်းစားစေချင်တယ် လှစီ' ဟု အက်ဒ်ဝပ်က
ထပ်ပြောပြန်သည်။

'မင့်ကိစ္စမှာ ငါအမြဲတစေ ဝင်ပါချင်တဲ့စိတ် မရှိပါဘူး။
ဒါပေမယ့် ငါဟာ ဘုန်းကြီးတစ်ပါးဖြစ်နေတော့ သာသနာ့
ဘောင်အကြောင်းကို ငါကောင်းကောင်းသိတယ်၊ အဲဒီတော့
မင်း သီလရှင်ဝတ်ဖို့ကို ငါအနေတော့ မထောက်ခံနိုင်ဘူး'

'ဖာသာတယ်လ်တော့ကတော့ လှစီ့မှာ သီလရှင်ဖြစ်
နိုင်တဲ့အရည်အသွေး ရှိတယ်လို့ ပြောတယ်၊ သူကတော့
သီလရှင် လောကထဲ ဝင်ဖို့ အကြံပြုတယ်'



'တယ်လ်ဘော့၊ ဟုတ်လား' ဟု အက်ဒ်ဝပ်က ရေရွတ်
သည်။

'သူက အယူဝါဒ သိပ်ပြင်းထန်လွန်းလို့ ဂိုဏ်းအုပ်ဆရာ
တော်ကြီးက မျက်ခြည်မပြတ် စောင့်ကြည့်ခံနေရတဲ့ ဘုန်းကြီး
တစ်ပါး၊ သူပြောတိုင်း လိုက်လုပ်နေလို့ မဖြစ်နိုင်ဘူး'

လှစီက အက်ဒ်ဝပ်အား စူးစူးရဲရဲကြည့်နေသည်။

'ရှင်တို့ ကျွန်မကို ဘုရားသခင်ရဲ့ အလုပ်အကျွေးတစ်
ယောက် မဖြစ်အောင် ဝိုင်းပြီး ပိတ်ပင်နေကြတာလား'

'မဟုတ်ဘူးလှစီ၊ မင့်ကို မိုက်မဲမှုတစ်ခုမကျူးလွန်မိအောင်
ဆယ်ဆယ်နေတာ၊ မင်းဟာ အဖော် ခေါင်းမာတာပဲ၊
ခင်ခြင် စဉ်းစားတတ်တဲ့ လူတိုင်းဟာ မင်းကို ငါပြော
သလို ပြောကြမှာပဲ၊ ဒါကို မင်း စဉ်းစားသင့်တယ်'

'ဝမ်းနည်းပါတယ် အက်ဒ်ဝပ်၊ ကျွန်မတော့ ဆုံးဖြတ်
ချက်ကို မပြင်နိုင်ပါဘူး'

နှစ်ဦးစလုံး အချိန်အတော်ကြာမျှ ငြိမ်ဆိတ်နေကြသည်။
အက်ဒ်ဝပ်သည် စိတ်မကောင်း ဖြစ်သည့် မျက်နှာထားဖြင့်
လှစီအား ကြည့်နေသည်။

'ကောင်းပြီလေ၊ မင့်သဘောအတိုင်းသာ လုပ်ပါ၊ ဒါပေ
မယ့် ငါကြိုတင်ပြီး သတိပေးခဲ့တယ်ဆိုတာကိုတော့ မမေ့ပစ်

www.burmeseclassic.com

www.burmeseclassic.com



စေချင်ဘူး၊ ကဲ...သွားမယ်၊ မင့်ဆန္ဒအတိုင်း အောင်မြင်ပါ စေလို့ ဆုတောင်းပါတယ်'

လှစီတာ တံခါးဝအထိ လိုက်ပို့သည်။ လှေကားမှ ဖြည်း ဖြည်းချင်း ဆင်းသွားနေသော ဖက်စ်ပဝ်အား မျက် တစ်ဆုံး မျှော်ကြည့်နေသည်။ ထို့နောက် တံခါးကို ပြန်ပိတ် လိုက်သည်။

* * *

( ၄ )

လှစီ့အဖို့တော့ သူ့အား သီလရှင်လောင်းအဖြစ် လက်ခံ မည်ဟူသော ပြန်ကြားစာရလိုက်သည့်အခါ အတိုင်းအဆ မသိ ဝမ်းသာသွားသည်။

ဖာသာဂျင်နယ် ရေးလိုက်သည့်စာတွင် လှစီ၏ အသက် အရွယ်အရ သူတို့ဘက်မှစဉ်းစားစရာ ရှိနေသော်လည်း လှစီ၏ စိတ်ထက်သန်မှုနှင့် ကယ်လ်ဘော့၏ ထောက်ခံချက်များကို အကြောင်းပြု၍ လက်ခံခြင်းဖြစ်ကြောင်း ဖော်ပြထားလေ သည်။

www.burmeseclassic.com

www.burmeseclassic.com



လူစီသည် ချက်ချင်းပင် ထွက်ခွာရန် ပြင်ဆင်သည်။ ဤပတ်ဝန်းကျင်ကို ခွဲခွာသွားရန်မှာ သူ့အတွက် များစွာ ဝန်မလေးလှ။

ဤပတ်ဝန်းကျင်တွင် ဆင်းရဲဒုက္ခခံ၍ နေထိုင်လာခဲ့သည်မှာ နှစ်ပေါင်းများစွာ ကြာခဲ့ပြီဖြစ်၍ ငြီးငွေ့နေပြီ မဟုတ်ပါလား။

မည်သို့ပင်ဖြစ်စေ၊ သူ ဤနေရာမှ အပြီးအပိုင် ထွက်ခွာတော့မည်ကို သူ့သား မီတာထံစာရေး၍ အကြောင်းကြားခြင်းမပြု။ လန်ဒန်ရောက်ခါမှပင် သူကိုယ်တိုင်အသိပေးတော့မည်ဟု ဆုံးဖြတ်ထားသည်။

သူ သိလရှင်ဝတ်မည့်ကိစ္စမှာလည်း မည်သူ့ကိုမှ ထိခိုက်နစ်နာစရာအကြောင်းမရှိ။

သူနှင့် အနီးစပ်ဆုံးလူများမှာ သူ့မောင် ရစ်ချတ်နှင့် ယောင်းမအီဗာ။ သူ့ခဲအိုဂျိုးနှင့် ယောင်းမပေါလီ၊ ပြီးတော့ သူ့ခဲအိုအက်ဒ်ဝပ်။ အပြေး ရေပါမှ ဤလူစုသာလျှင် ရှိ၏။

သူ့ဘဝ အပြောင်းအလဲဖြစ်မှုသည် ဤလူစုအား နည်းနည်းကလေးမှ ထိခိုက်နစ်နာစရာ အကြောင်းမရှိ။



ဤသို့ဖြင့် မတ်လတစ်ရက်နေ့နံနက်တွင် လူစီသည် လန်ဒန်သွား မီးရထားနှင့် လိုက်ပါလာခဲ့သည်။

သူသည် နေ့လယ်စာမစား၊ သတင်းစာမဖတ်၊ ဘယ်သူနှင့်မှ စကားမပြော။ သူ့ထိုင်ခုံတွင် နှုတ်ဆိတ်၍ထိုင်ကာ လိုက်လာခဲ့သည်။

ညနေခြောက်နာရီတွင် မီးရထားသည် အီယူစတန်ဘူတာသို့ ဆိုက်သည်။ သူသည် ရထားပေါ်မှ အေးအေးဆေးဆေး ဆင်းကာ အလုပ်သမားတစ်ဦးငှား၍ ပါလာသည့်ပစ္စည်း အနည်းငယ်မျှကို သယ်ခိုင်းသည်။

အလုပ်သမား၏အကူအညီဖြင့် ကားတစ်စီးငှား၍ ရိုးဝါးသမ်းရှိ ဟိုတယ်တစ်ခုဆီသို့ လာခဲ့သည်။

သူ့သားထံ သွား၍တည်းဖို့ လုံးဝ စိတ်မကူး။ သူ့ချွေးမ ဗီအား မတွေ့လို မမြင်လို၍ မဟုတ်၊ သူ့စိတ်သည် သူ့ချွေးမအပေါ်၌ ယခင်ကလို မဟုတ်တော့။ မနာလိုဝန်တိုစိတ်တို့၍ လုံးဝ ကင်းစင်နေပြီ။

သို့သော်လည်း သူ့သားတွင် သူ့ကြောင့် အနေရအထိုင်ရ ခက်ကြမည်ကို မလိုလား။

ဟိုတယ်သို့ရောက်၍ နေသားတကျ ဖြစ်သည့်အခါ လူစီသည် အောက်ထပ်သို့ဆင်း၍ သူ့သားထံ ဖုန်းဆက်သည်။

www.burmeseclassic.com

www.burmeseclassic.com



ဖုန်းနံပါတ်ကို တယ်လီဖုန်းလမ်းညွှန် စာအုပ်ထဲမှ အလွယ်တကူရှာတွေ့၍ ဆက်နိုင်ခဲ့ခြင်းဖြစ်၏။

တစ်ဘက်မှ ဖုန်းကိုင်သူမှာ သူ့သားပီတာ ကိုယ်တိုင် ဖြစ်နေသည်။

လူစီ အသံကို ကြားလိုက်သည့်အခါ ပီတာသည် အကြီးအကျယ် အံ့အားသင့်လျက် ရှိလေသည်။

'ဟာ...အမေ၊ အမေ့လန်ဒန်ရောက်နေတယ်၊ ဟုတ်လား။ ဘယ်လို ဖြစ်တာလဲ၊ ဘာကိစ္စ လာတာလဲ' ဟု တအံ့တဩ မေးသည်။

'မင်း အမေနဲ့ လာတွေ့လှည့်ပါဦး၊ အဲဒီကျမှ အားလုံး ပြောပြမယ်'

ပီတာသည် တစ်ခဏမျှငြိမ်နေသည်။ ထို့နောက် 'အမေ အိမ်ကိုလာပါလား'ဟု ပြောသည်။

'အမေ ဘာပြုလို့ ကျွန်တော့်ဆီ ကြိုတင် စာမရေးတာလဲ'

'အမေ မင့်ကို ဗိုညနေခင်းမျှော်နေမယ်'ဟု လူစီက ပြောကာ ဖုန်းကို ပြန်ချလိုက်သည်။

နောက် နာရီဝက်ခန့် အကြာတွင် ပီတာ ရောက်လာသည်။



'ဘာ့ကြောင့် ကြိုမပြောတာလဲ'ဟု အပြစ်တင်သည်။ သူ့အမေ လန်ဒန်ကို ဘာ့ကြောင့်လာသည်ဖြစ်သော အကြောင်းရင်းကို သိသွားသည့်အခါ 'အမေရယ်၊ ကျွန်တော့်ကို ကြိုတင်ပြီး ဘာ့ကြောင့် အသိမပေးတာလဲ'ဟု မေးသည်။

'မင့်ကိစ္စတွန်းကရော၊ မင်း အမေ့ကို အသိပေးခဲ့လို့လား' ဟု လူစီက ပြုံး၍ ပြန်မေးသည်။

ပီတာ့ မျက်နှာသည် နီရဲသွားသည်။ အတန်ကြာမျှ ခေါင်းငိုက်စိုက်ကျနေသည်။

'အမေ့ကို ခေါ်ခဲ့ဖို့ ရှိစိတ မှာလိုက်တယ်၊ ကျွန်တော်တယ်ပြောတာပါ အမေ၊ အမေ့ကိစ္စကလဲ မဟုတ်သေးပါဘူး၊ ဇီအသက်အရွယ် ဘူမှုဆိုတော့ လွယ်မှာ မဟုတ်ပါဘူး၊ လူမှာအဆော ဘယ်လိုထင်ကြမလဲ'

'ငါ့သား ဘယ်လို ခံစားရမယ်ဆိုတာ အမေနားလည်ပါတယ်၊ ဒါပေမယ့် အမေသွားဖို့ ဆုံးဖြတ်ပြီးနေပြီ'

'မဟုတ်သေးပါဘူး အမေရယ်၊ အိမ်ကိုလိုက်လာပြီး ကျွန်တော်တို့နဲ့ခဏနေပါ၊ ဒီကိစ္စကိုထပ်ပြီး စဉ်းစားပေးပါ၊ ဒါ့ကြောင့်ပဲ အမေ့ကိုခေါ်ခဲ့ဖို့ မှာလိုက်တယ် အမေ'

'ထပ်ပြီး စဉ်းစားစရာမလိုတော့ပါဘူး သားရယ်' ဟု လူစီက အေးအေးသာသာ ပြန်ပြောသည်။

www.burmeseclassic.com

www.burmeseclassic.com



'ရှိစေနဲ့ တွေ့ဖို့ဆိုလဲ မလွယ်တော့ပါဘူး၊ အမေက မနေ
ဖြန့်နဲ့ သန်ဘက်ခါ တစ်ရက်ရက်သွားတော့မှာ'

ပီတာသည် သူ့အမေအား အသနားခံသည့် မျက်
ထားဖြင့် စိုက်ကြည့်နေသည်။

'အမေ ကျွန်တော့်ကိုတော့ အပြစ်မတင်ပါနဲ့။ ဒီကိစ္စယ
ဖြစ်တတ်တဲ့သဘောပါ'

'အမေ မင့်ကို လုံးဝ အပြစ်မတင်ပါဘူး၊ ဘာအပြစ်ရှိလို့
တင်ရမှာလဲ၊ အမေ အခု ဘယ်လောက် ပျော်နေတယ်ဆိုတာ
မင်း မသိပါဘူး'

'ကျွန်တော် အမေ့အတွက် အများကြီး လုပ်ပေးဖို့ စိတ်
ထားပါတယ် အမေရယ်' ဟု ပီတာက စိတ်ထိခိုက်သံဖြ
ပြောသည်။

'ကျွန်တော် အမေ့ဆီ စာရေးပြီး ပြောထားခဲ့ပါတယ်
အချိန်ပဲ စောင့်ရမှာပါ၊ အချိန်ကျလာရင် အမေ့အတွက်
အားလုံး လုပ်ပေးမှာပါ'

'အမေ့မှာ လိုတာလေးတွေ ရှိနေတယ်'ဟု လူစိ
ပြောသည်။

'ငွေနည်းနည်းပါးပါးတော့ လိုလိမ့်မယ်'



ပီတာ၏ မျက်လုံးအစုံတွင် မျက်ရည်များ စို့လာသည်။

သူ့အမေ သူ့အား အပြီးအပိုင် စွန့်ခွာသွားတော့မည့်
အဖြစ်ကို တွေ့မိသည့်အခါ စိတ်ထိခိုက်ရပြန်သည်။

နောက်ဆုံးအကြိမ်အဖြစ်ဖြင့် သူ့အမေအား ထပ်၍တား
မြန်သည်။

မရတော့သည့်အဆုံးတွင် အိတ်ဆောင် စာအုပ်လေး
ဆို ထုတ်ကာ အထဲမှ ငွေစက္ကူအချို့ကို ထုတ်၍ သူ့အမေ
လက်ထဲ ထည့်ပေးသည်။

'အမေ လိုအပ်တာ အားလုံး ဝယ်သွားပါ၊ သား တတ်
နိုင်သရွေ့ ပေးတာပါ၊ ဒါဟာ မဖြစ်လောက်ပါဘူး'

လွန်ခဲ့သော ကိုးလကသာ ဤငွေပေးလျှင် သူလက်ခံ
လိမ့်မည် မဟုတ်။ ခါးခါးသီးသီး ငြင်းပယ်ခဲ့လိမ့်မည်ဖြစ်၏။
အခုတော့ အေးအေးဆေးဆေးပင် လက်ခံသည်။

သူ့အတွက်မဟုတ်၊ ဘုရားသခင်အတွက် လက်ခံခြင်းဟု
သူ့စိတ်တွင် ခံယူထားသည် မဟုတ်ပါလား။

ပီတာက ထိုင်ရာမှ ထရပ်သည်။

'သွားတော့မယ်အမေ၊ မနက်ဖြန်ကျမှ ထပ်ခေါက်ထပ်
လာခဲ့မယ်' ဟု ပြောသည်။

www.burmeseclassic.com

www.burmeseclassic.com



လှစီက ပြုံး၍ သူ့သားနဖူးကို အသာအယာနမ်းပြီး ... ဆက်သည်။

သူ့သားထွက်သွားသည့်အခါ လှစီသည် အတန်ကြာ ... မလှုပ်မယှက်ထိုင်နေသေးသည်။

ထို့နောက် အောက်ထပ်သို့ဆင်း၍ ညစာစားသည်။

သူ့စိုးသူ ကောင်းစွာ ထိန်းနိုင်သော အခြေအနေ ... ရောက်နေပြီဖြစ်၍ ထိုညက နှစ်နှစ်ခြိုက်ခြိုက်ပင် အိပ်ပျော် ... သည်။

နောက်တစ်နေ့ ညနေတွင် ပီတာ ရောက်လာပြန်သည်။

သူ့အမေအား ကြည့်၍ ဝမ်းနည်းကြေကွဲခြင်း ဖြစ်နေ ... ရ၏။ သူပေးခဲ့သောငွေ လောက်ရဲ့သားဟုမေးသည်။

နောက်ထပ် လိုဦးမလားဟု မေးကာ ထပ်ပေးရန် ... ပြင်သည်။

လှစီက လက်မခံ။ အခုအချိန်ကျမှ သူ့မှာ ဘာများ ... စရာရှိပါတော့မည်နည်း။

ပီကာက မျက်ရည်လည်ရွဲဖြင့် သူ့အမေအား တားပြ ... သည်။

အမေ့အနာဂတ်အဖို့ သားထားရေးအတွက် သူ့တွင် ... အစဉ်တွေ ရှိနေပါသည်ဟု ဆိုပြန်သည်။

အမှန်က ဆယ်ရှိသော အစီအစဉ်ဖြစ်၍ အမှန်တကယ် ... လည်း လက်တွေ့လုပ်မှာပါဟု ပြောသည်။

လှစီက သူ့သားအား ဖျောင်းဖျသည်။

နေ့ဂက်ဆုံးတွင် ပီတာအား မနက်ဖြန်မနက်ကျလျှင် ဗွစ်တိုး ရီးယား ဘူတာသို့ သူကိုယ်တိုင် ထားနှင့်လိုက်ပို့ပေးမည်ဟု အတိပေးကာ ပြန်သွားသည်။

သို့သော်လည်း လှစီ့စိတ်ထဲက သူ့သားလာဖြစ်မှာမဟုတ် ပါဘူးဟု ထင်သည်။

ထိုအထင်သည် မှန်နေ၏။

နောက်တစ်နေ့မနက်တွင် တယ်လီဖုန်း၊ သတင်းတစ်ခု လှစီ့ထံ ရောက်လာသည်။

အရေးကြီးသော လူနာတစ်ယောက် သွားကြည့်နေရ၍ သူ မလာနိုင်ကြောင်း၊ ဘူတာသို့ လာတွေ့မည်ဖြစ်ကြောင်း ပီတာက မှာသည်ဟု သတင်းက ဆိုသည်။

သို့သော်လည်း ပီတာသည် ဘူတာသို့လည်း ရောက်မ လာပေ။

www.burmeseclassic.com

www.burmeseclassic.com



မည်သို့ပင်ဖြစ်စေ၊ လှစီကတော့ ဗိုတာ ပေါက်မလာသည့်အတွက် ဝမ်းသာသည်။

သူ့ဘာသာသူ တစ်ဦးတည်း အေးအေးဆေးဆေးနေ သွားလို့ ရသည်ဟု တွက်သည်။

ဤသို့ဖြင့် မီးရထား အဆင့်ဆင့်စီးကာ ခရီးဆက်ခဲ့ရသော လှစီသည် ဗိုဗာဆိပ်တမ်းမှနေ၍ ပင်လယ်ကိုဖြတ်ခဲ့သည်။

ထို့နောက် မီးရထားပေါ် ရောက်ပြန်သည်။ နောက်ဆုံးတွင် သူစီးလာသော ရထားသည် ဘရပ်ဆဲလ်ဘူတာသို့ ဆိုက်သည်။

ဘူတာတွင် လှစီအား သီလရှင်နှစ်ပါး လာကြိုသည်။

'ရှင် အင်္ဂလန်က လာတာမဟုတ်လား' ဟု သီလရှင် ပါးက မေးသည်။

လှစီက ခေါင်းညိတ်သည်။

ထိုအခါသီလရှင်က 'ကျွန်မနာမည် ဂျို့စ်ဖင်းပါ၊ သူ မာသာအီးခင်နျူးရယ်လို့ ခေါ်ပါတယ်၊ ကျွန်မက သီလရှင် လောင်းတွေကို အုပ်ချုပ်ရသူပါ' ဟု ပြောသည်။

စစ္စတာဂျို့ဖင်းသည် အရပ်မနိမ့်မမြင့်၊ အသားညိုညို နှာတံပေါပေါ၊ မျက်လုံးစိမ်းစိမ်း၊ သွက်လက် ဖျတ်လတ်ပြီး ဇာလေးဆန်သော အမူအရာ ရှိသည်။



သူ့အမူအရာမျိုးကို လှစီမြင်ဖူးခဲ့သလိုလိုရှိသဖြင့် စဉ်းစားသော်လည်း စဉ်းစား၍မရ။

မာသာအီမင်နူးရယ်မှာ အသားဖြူဖြူ၊ အရပ်မြင့်မြင့်၊ မျက်လုံးပြာပြာ ဖြစ်သည်။

မျက်နှာထားသည် စည်းကမ်းကြီးရုံမျှမက တင်းကျပ်မည့် ဖရိုပ်အခွေ့များ ယှက်သန်းနေသည်။

သူတို့သည် ဘူတာထဲမှထွက်ကာ အသင့်စောင့်နေသည့် အငှားမြင်းရထားပေါ်သို့ တက်ကြသည်။

လှစီသည် မျက်လွှာကိုချ၍ လိုက်ပါလာနေသော်လည်း သီလရှင်များက သူ့အား အထူးအဆန်းတစ်ခုသဖွယ် လေ့လာ အကဲခတ်နေကြသည်ကိုမူ စိတ်ထဲက သိနေသည်။

မည်သို့ပင်ဖြစ်စေ၊ သူ ရောက်လိုသောခရီးကို နောက်ဆုံးတွင် ရောက်ရတော့မည်ဖြစ်၍ စိတ်ချမ်းသာစမှု ဇာတော့ အပြည့်။

* * *

www.burmeseclassic.com

www.burmeseclassic.com

( ၅ )

ဆင်တီယင် သီလရှင်ကျောင်းသည် တောင်ကုန်း ထိပ်ပေါ်၌ တည်ရှိသည်။

အဆောက်အအုံပုံစံသည် ရှေးဆန်သော်လည်း ကြီးမားခံ့ညားသည်၊ ကျယ်ဝန်းသည်။ ပတ်ပတ်လည်မှာ ကာရံထားသည့် အုတ်တံတိုင်းကြီးများသည် ထည်ဝါလှရုံမျှမက ခိုင်မာတောင့်တင်းလှ၏။

ကျောင်းထဲသို့ ရောက်သည်နှင့် တစ်ပြိုင်နက် လှုပ်ရှားကြွလာသည့် မစ္စတာဂျိုးစ်ဖင်းနှင့် မာသာအိမ်ရှင်းရယ်လ်

www.burmeseclassic.com

www.burmeseclassic.com



တို့အား သူ့အား ညှော်ခန်းတစ်ခန်းထဲ၌ နေရာချထားပေးပြီး ကျောင်းအုပ်ကြီးထံ သတင်းပို့ရန် ထွက်သွားကြသည်။ လှစီသည် အခန်းတွင်းမှ ရှိးရှိးရှင်းရှင်း အပြင်အဆင် အခင်းအကျင်းများကို ပိုက်စိတ်တိုက်၍ ကြည့်နေသည်။

နံရံပေါ်တွင် ရေပေါ်၌လမ်းလျှောက်နေသော ယေရှုခရစ်ပုံတစ်ပုံ ချိတ်ဆွဲထားသည်။

စားပွဲကုလားထိုင် စသည်များမှာ သန့်ရှင်းတောက်ပနေကြသည်။

မကြာခင် ဧည့်ခန်းတံခါးပွင့်သွားပြီး အသက်ခပ်ကြီးကြီး အမျိုးသမီးကြီးတစ်ယောက် ဝင်လာသည်။

သူ့နောက်မှ ဂျို့စ်ဖင်းနှင့် မာသာအီမင်နူရယ်လ်တို့ ပါလာကြသည်။

အမျိုးသမီးကြီးမှာ အရပ်တောင်တောင်မောင်းမောင်း၊ ကိုယ်လုံးတုတ်ခိုင်ခိုင်၊ အသားဖြူဖြူ၊ ခံ့ညားသော အမူအရာရှိသည်။ သူသည် လှစီထံလျှောက်လာပြီး လက်ဆွဲနှုတ်ဆက်သည်။

လှစီက ထိုင်ရာမှ ထရပ်သည်။ ကျောင်းအုပ်ကြီး မာရီဂျင်နရယ် ရှေ့မှောက်၌ သူ ရောက်နေပြီကို သိသဖြင့် တရိုတသေ တလေးတစား ဆီးကြိုလိုက်ခြင်းဖြစ်၏။



'မင့်အသက် မငယ်တော့ဘူး' ဟု မာရီဂျင်နရယ်က ပြောသည်။

'ခရီးပန်းလာသလား'

'မပန်းပါဘူးရှင်'

'နားဖို့ လိုဦးမလား'

'မလိုပါဘူး မာသာ'

'မင်း ရောက်လာတာ အချိန်ကောင်းပဲ၊ ညပိုင်းကျမှ ရောက်ရင် မင့်ကို အခုလို မတွေ့နိုင်ဘူး၊ မင်း ဒီည ဧည့်ခန်းဆောင်တွေရဲ့ အပေါ်ဘက်က အခန်းတစ်ခန်းမှာ အိပ်ရမယ်'

မာသာက သူ့နောက်မှာ သီလရှင်များအား လှည့်ကြည့်သည်။

'အခုအချိန်ကစပြီး မစ္စတာဂျို့စ်ဖင်းဟာ မင်းရဲ့ အုပ်ထိန်းသူဖြစ်သွားပြီ' ဟု ဆက်ပြောသည်။

'သီတင်းပတ် အတော်ကြာကြာ သီလရှင်ကျောင်းဘဝနဲ့ နေချင်နေရလိမ့်မယ်၊ သီလရှင်လောင်းဘဝမှာ မာသာအီမင်နူရယ်လ်ရဲ့ ညွှန်ကြားမှုကို နာခံရမယ်'

www.burmeseclassic.com

www.burmeseclassic.com



စကားအဆုံးတွင် မေရီဂျင်နရယ်သည် ခေါင်းတစ်ချက် ဆတ်၍နှုတ်ဆက်ကာ အခန်းထဲမှ ထွက်သွားသည်။

စစ္စတာဂျို့စ်ဖင်းသည် လူစီ့ထံ လျှောက်လာပြီး လူစီ၏ လက်ကို အသာအယာဆွဲ၍ 'ကဲ...လာ၊ အဝတ်လဲကြရ အောင်'ဟု ပြောသည်။

နောက်တစ်ခန်းထဲ ရောက်သည့်အခါ စစ္စတာဂျို့စ်ဖင်း က သီလရှင်အဝတ်များ လဲဝတ်ပေးသည်။

မာသာအီဗင်နူရယ်လ်က ဘေးမှ ရပ်ကြည့် နေသည်။ အဝတ်လဲပြီးချိန်ခန့်တွင် ခေါင်းလောင်းထိုးသံ တစ်ချက် ကြားလိုက်ရ၏။

'ကဲ...ထတော့'ဟု စစ္စတာဂျို့စ်ဖင်းက ပြောသည်။ လူစီ သည် ယောင်တီးယောင်နှဖြင့် ထရပ်သည်။

'ကျွန်မ ဘာလုပ်ရမှာလဲ'ဟု လူစီက မေးသည်။

'ဘာမှလုပ်စရာ မလိုပါဘူး'ဟု ဂျို့စ်ဖင်းက ဖြေသည်။

'ဘုရားရှိခိုး၊ ကျောင်းထဲရောက်ရင် ဘုရားသခင် ရှေ့ မျှော်မှာ ဒူးထောက်ထိုင်နေရုံပဲ၊ ကျွန်မတို့က 'ဓမ္မတေး ဆိုကြမယ်၊ ရှင်လဲလိုက်ဆိုနိုင်မယ့် ဓမ္မတေးပါ'



သူတို့သည် ဘုရားရှိခိုးကျောင်းထဲသို့ ဝင်သွားကြသည်။ လူစီသည် ဘုရားသခင်ရှိရာစင်ရှေ့၌ ဒူးထောက်၍ ထိုင်ကာ ဘုရားသခင်အား အာရုံပြုသည်။

ထိုအခိုက်မှာပင် စန္ဒရားသံနှင့် အတူ ဓမ္မတေးသံများ ကြားရ၏။ သူ့အားကြိုဆိုသည့် အထိမ်းအမှတ်အဖြစ် သီဆို နေကြခြင်း ဖြစ်ပေသတည်း။

ထို့နောက် စစ္စတာဂျို့စ်ဖင်းက သူ့အား ထနိုင်းသည်။

'ရှင် ဒီည ဘုရားဝတ်ပြုဖို့ မလိုသေးဘူး၊ ခရီးပန်းလာလို့ နားခွင့်ရတယ်'ဟုပြောကာ သူ့အား 'မယ်သီလရှင်လောင်း အခန်း'သို့ လိုက်ပို့ပေးသည်။ အခန်းမှာ အောက်ထပ်တွင် ရှိ၍ သစ်သားလှေကားကြီးမှ ဆင်းသွားရသည်။ တန်းစီ၍ တည်ရှိနေကြသော အခန်းများမှာ သေးသေးကျဉ်းကျဉ်း ဖြစ်သည်။

အခန်းထဲတွင် အမှောင်ထုသည် ကြီးစိုးလျက်ရှိ၏။ စစ္စတာဂျို့စ်ဖင်းက ဖယောင်းတိုင်တစ်တိုင်ကို မီးညှိကာ အခန်း ထိုပြသည်။

အခန်းထဲတွင် အိပ်ရာဖုံ တစ်ခု၊ ဗီရိုတစ်လုံး၊ ရေဆေးရာ တစ်လုံးနှင့် ခေါင်းရင်းဘက်တွင် လက်ဝါးကပ်တိုင်တင် ထားရသော ခရစ်တော်၏ပုံတစ်ပုံ။

www.burmeseclassic.com

www.burmeseclassic.com



'အခန်းကတော့ ကျဉ်းကျဉ်းပဲ'ဟု စစ္စတာဂျိုစ်ဖင်းက ပြောသည်။

'သီလရှင်ကျောင်း တစ်ယောက်အနေနဲ့ ဖယောင်းတိုင် တစ်တိုင်ရမယ်၊ ဒါဟာ တစ်ပတ်စာပဲ၊ ည ကိုးနာရီတိတိမှာ အိပ်ရာ ဝင်ရမယ်၊ ဖယောင်းတိုင်ကို ငြိမ်းရမယ်၊ ဒါဟာ ကျောင်းရဲ့စည်းကမ်းပဲ၊ စည်းကမ်းကိုတော့ လိုက်နာရမယ်၊ ကျွန်မ ပြောထားတဲ့အတိုင်းပဲ၊ ဒီည ခရီးပန်းလာတဲ့ အတွက် နားခွင့်ပေးတယ်၊ မနက်ဖြန်ကစပြီး သင်စရာရှိတာ သင်ယူရ မယ်'

စစ္စတာဂျိုစ်ဖင်းက နှုတ်ဆက်အော အခန်းထဲမှထွက်သွား သည်။

အခန်းထဲတွင် သူ တစ်ယောက်တည်း။ သူ ပင်ပန်းလာ သည်မှာအမှန်။ အပြာအယာ အဝတ်များကိုချွတ်အော အိပ်ရာ ဝင်သည်။

ဖယောင်းတိုင်မီးကို မမှုတ်ခင် သူသည် စင်ပေါ်မှ ဘုရား သခင်၏ရုပ်ပုံတော်ကို တစ်ချက်မျှ လှမ်းကြည့်လိုက်သည်။

*

( ၆ )

နံနက်လေးနာရီခွဲအချိန်တွင် ထွက်ပေါ်လာသည့် ကျောင်း င်း ခေါင်းလောင်းသံကြောင့် လှူစီသည် အိပ်ရာမှ လန့်နိုး သည်။

အမှောင်ထုသည် မပြယ်သေး၊ လှမ်းခြုံဆဲဖြစ်၏။

သူ့ခေါင်းသည် လေးလံထိုင်းမှိုင်းလျက်ရှိသည်။

ရှုတ်တရက်သော် ဘာကိုမှ ပီပြင်စွာ မတွေးနိုင်။

'ငါ ဘယ်ရောက်နေပါလိမ့်' ဟူသော အတွေးသာလျှင် င်လာသည်။

www.burmeseclassic.com

www.burmeseclassic.com



ထိုအခိုက်တွင် အပြင်မှ တခေါက်ခေါက် ခေါက်လို[က်] သည့်အသံ ကြားရသည်။

သူရောက်နေသည်မှာ သီလရှင်ကျောင်း။ သူ့ဘဝသည် သီလရှင်လောင်း။ သူသည် ကျောင်းမှ စည်းကမ်းကို လိုက် နာရမည်။

အခုဆိုလျှင် သူ အိပ်ရာထနောက်ကျနေပြီ။

သီလရှင်လောင်းဘဝ ပထမနေ့ရာမှာပင် ကျောင်းစည်း ကမ်းကို ဖောက်ဖျက်မိပြီ။

သူသည် အိပ်ရာပေါ်မှ ခုန်ထကာ ဖယောင်းတိုင်[ကို] ထွန်းသည်။

မျက်နှာ ကမျာကယာသစ်ကာ အဝတ်လဲသည်။

ငါးနာရီထိုးပြီး ဆယ့်ငါးမိနစ် အလွန်တွင် ခေါ[င်း] လောင်းသံ ထပ်ကြားရပြန်သည်။

ချက်ချင်းပင် တံခါးဖွင့်သံများနှင့် ခြေသံများကြား ရသည်။

လူစီသည် အခန်းထဲမှ ကမျာကယာထွက်ကာ စင်္ကြံလ[မ်း] တစ်လျှောက် သွားနေကြသည့် အခြားသီလရှင်များနောက် လိုက်သည်။



ဘုရားရှိခိုးကျောင်းထဲ ရောက်သည့်အခါ အခြားသီလရှင် လောင်းများနှင့်အတူ ရှေ့ဆုံးတန်း တစ်နေရာ၌ဝင်၍ ဒူး ထောက် ထိုင်ကာ အခြားလူများနည်းတူ ဘုရားသခင်အား အာရုံပြုသည်။

ခြောက်နာရီခွဲ၍ ခေါင်းလောင်း ထပ်ထိုးလိုက်သည့် အခါ တရားပွဲစသည်။

ဘုန်းတော်ကြီးမှာ ပိန်ပိန်ပုပု၊ ခါးကုန်းကုန်းနှင့် အသက် ကြီးလှပြီ။

ရှစ်နာရီထိုးတွင် တရားပွဲပြီးဆုံးသဖြင့် အားလုံး ငြိမ်ဆိတ် စွာ ထွက်လာခဲ့ကြပြီး၊ နံနက်စာ သွား၍စားကြရသည်။

လူစီသည် အခြားသီလရှင်လောင်းများနှင့်အတူ ဝင်ထိုင် ကာ နံနက်စာကို ငြိမ်ဆိတ်စွာ စားသည်။

စားရသည်မှာ အရသာမရှိ။

ခွက်ထဲမှ မည်းနက်နက်အရည်များသည် ကော်ဖီဟု ထင် ရသော်လည်း ကော်ဖီမဟုတ်၊ သကြားလည်းပါသည်မရှိ ရှုအော့ပါသည်။

ရှစ်နာရီခွဲတွင် စားသောက်ပြီး၍ ထိုင်ရာမှထကြသည်။

www.burmeseclassic.com

www.burmeseclassic.com



'ခဏစောင့်ဦး' ဟု စစ္စတာ ဂျို့စ်ဖင်းက လေသံတိုးတိုးဖြင့် ပြောသည်။

'အခု အချိန်ကစပြီး ကျနော်တာဝန်ကို လုပ်ရတော့မယ်'

'ကျွန်မအခန်းတော့ ရှင်းခဲ့ပြီးပြီ'ဟု လူစီက ပြောသည်။

'မဟုတ်ဘူး၊ အဲသလိုလဲမသုံးရဘူး၊ 'ကျွန်မ' လို့ မပြောရဘူး၊ 'ကျွန်မတို့' လို့ သုံးရမယ်၊ အရာရာတိုင်းဟာ 'ကျွန်မတို့' ပစ္စည်း။ ဒါကြောင့် 'ကျွန်မတို့အခန်း' လို့သာ သုံးရမယ်'

လူစီ မျက်နှာသည် နီရဲနေသည်။ 'ကျွန်မ နားမလည်ဘူး စစ္စတာ' ဟု ပြန်ပြောသည်။

'ပြန်မပြောနဲ့' ဟု စစ္စတာဂျို့စ်ဖင်းက ရှင်းပြသည်။

'မေးစရာရှိရင် မေးနိုင်တယ်၊ ဘာကိုမှ ပြန်မပြောရဘူး၊ နှုတ်ဆိတ်ပြီး နာခံရမယ်ဆိုတာ၊ စည်းကမ်းတစ်ခုပဲ၊ ပြီးတော့ စည်းကမ်းဟူသမျှ လိုက်နာရမယ်၊ ပြီးတော့ အထက်လူကို တရိုတသေ ဆက်ဆံပြောဆိုရမယ်၊ အထက်အလူဟာ ဘုရားသခင်က ရှင့်အထက်မှာ ထားပေးထားတာ၊ သူ့ကို ဘုရားသခင်နဲ့အတူတူပဲလို့ အသိအမှတ်ပြုရမည်၊ မိမိကိုယ်ကိုအမြဲ နှိမ့်ချထားပါ။ ဒါဟာပထမဆုံး လိုက်နာရမယ့် စည်းကမ်းပဲ'



လူစီသည် နှုတ်ခမ်းကိုကိုက်ကာ ဦးခေါင်းကိုငုံ့၍ ကြမ်းပြင်ကို စိုက်ကြည့်နေသည်။

စစ္စတာဂျို့စ်ဖင်းကတော့ သူလိုက်နာရမည့် အချက်များကို ပြောပြနေဆဲ၊ ထို့နောက် စားသောက်ခန်းမထဲမှ ထွက်လာကြသည်။

'ပြောတာကို သေသေချာချာ နားထောင် လူစီ' ဟု စစ္စတာ ဂျို့ဖင်းက ပြောသည်။

'ရှင်ဟာ ဘုရားသခင်က ဖန်တီးလိုက်လို့ ဖြစ်လာရတာ၊ ဒါကြောင့်မို့ အနိမ့်ဆုံး အောက်တန်းအကျဆုံး အလုပ်က စပြီး လုပ်နိုင်ရမယ်၊ ပထမဆုံး ကြမ်းစတိုက်ရမယ်'

သူ ဒီကို လာခဲ့သည်မှာ အစေခံအလုပ်မျိုး လုပ်ရန်မဟုတ်၊ ထိုအလုပ်မျိုးတွေကိုလုပ်ဖို့ သီလရှင်မဟုတ်သော စစ္စတာတွေ ရှိနေသည်။

ထိုလူစုသည် ထိုအလုပ်မျိုးတွေကို လုပ်ဖို့ ဝန်လေးကြသူများမဟုတ်၊ သို့ပါလျက် မိမိအနေဖြင့်။

'ဘာရပ်ရှိရယ်၊ ပုံးရယ်၊ သဲရယ် ယူခဲ့ရမယ်၊ [illegible] မြန်မြန်သာ၊ မြန်မြန်လုပ်၊ နောက်ကျနေပြီ' ဟု စစ္စတာဂျိုးစ်ဖင်းက ပြောသည်။

www.burmeseclassic.com

www.burmeseclassic.com



'လှစီ၏မျက်လုံးအစုံသည် မှုန်ရီမှိုင်းနေသည်။

သူသည် မတတ်သာ၍တာဝန်သဖြင့် သူခိုင်းသည့် ပစ္စည်းမျ ကို ယူ၍ စစ္စတာ၏နောက်မှ လိုက်သွားသည်။

သူ သန့်ရှင်းရေးလုပ်ရမည့်နေရာမှာ အိမ်သာများဖြစ်

'မြင်တယ်မဟုတ်လား၊ ဒီအိမ်သာတွေကို သန့်စင်သွ အောင် ဒါနဲ့ပွတ်တိုက်ပြီး ဆေးကြောပစ်ရမယ်'

လှစီအား တစ်စုံတစ်ရာ ပြောလိုသည့်ဟန်ဖြင့် မေ့ကြ သည်။

'ဘာလဲ...'

'ကျွန်မ လုပ်ရမှာ ဒီဟာလား'

'ဟုတ်တယ်၊ ရှင့်ကို ဒါလုပ်ခိုင်းနေတာပဲ၊ ဒါ ဆု ဆရာခင်ရဲ့ ဆန္ဒပဲ'

ပြောပြောဆိုဆို စစ္စတာသည် စကြံဘက်သို့ ထွက်သွ သည်။

လှစီသည် ပထမတော့ ကြောင်တက်တက်ဖြစ်နေ၍ ရပ် မိသည်။ အတန်ကြာမှ သက်ပြင်းတစ်ချက်ချကာ သူ့အလု ကို လုပ်သည်။



ဘာ ခိုင်းခိုင်း ခိုင်းသည့်အတိုင်းလုပ်ရမည်ဟု ဆိုထားသည် မဟုတ်ပါလား။

ဤသို့ဖြင့် အိမ်သာများကို ပွတ်တိုက်ဆေးကြောနေသည် မှာ မွန်းတည့်ချိန်ကျမှပင် ပြီးသည်။ စစ္စတာဂျီဖင်း ပြန် ရောက်လာချိန်တွင် သူသည် ထိုင်ရာမှထပင် ရှိသေးသည်။ နောက်ကျော တစ်ကျောလုံး နာကျင် ကိုက်ခဲလျက် ရှိလေ သည်။

'ပြီးပြီလား'

'ပြီးပြီ'

ဂျီဖင်းအား စစ်ဆေးသည်။ မျက်နှာတွင် မကျေနပ်သည့် အရိပ်အငွေ့များ ယှက်သန်းနေသည်။

'လုပ်ထားတာ မသေသပ်ဘူး၊ ကျွန်မကတော့ မကြိုက် ဘူး'ဟု ပြောသည်။

လှစီအား ပြန်ပြောရန် နှုတ်ခမ်းများကို လှုပ်သည်။ သို့သော် လည်း သူ့စိတ်သူချုပ်တည်းကာ ပါးစပ်ကို ပြန်ပိတ်ထားလိုက် သည်။

'ဒီမှာမြင်လား၊ သဲတွေ၊ ဆေးထားတာ မပြောင်ဘူး၊ ဒီလိုသာ လုပ်ရင် ရှင့်ကို ဆရာ့သခင်မ မေတ္တာဆေးမှာ

www.burmeseclassic.com

www.burmeseclassic.com



မဟုတ်ဘူး၊ ကျွန်မ ရှင့်အနားမှာမရှိလဲဘဲ ဘုရားသခ
တော့ ရှင့်ကို အမြဲစောင့်ကြည့်နေတာ၊ ဒါကို နားလည်
မယ်'

စကားဆုံးသည်နှင့် တစ်ပြိုင်နက် စစ္စတာသည် မျှ
လှည့်ကာ ထွက်သွားသည်။ လူစီသည် ယောင်နနဖြင့် နော
မှ လိုက်သွားသည်။ စားသောက်ခန်းထဲတွင် အခြားသီ
ရှင်လေးလောင်းများ ပြန်ရောက်နေကြသည်ကို တွေ့ရ၏။ သူ
သည် စကားလည်းမပြော၊ လူစီကိုလည်းမကြည့်၊ လူစီသ
မျက်လွှာကိုချကာ ကြမ်းပြင်ဆီသို့ ကြည့်နေသည်။

အားလုံးစားပွဲတွင် ဝင်ထိုင်ကြသည်။ စားပွဲထိုး စစ္စတ
တစ်ဦးက ငါးချဉ်ကြော် ပန်းကန်များနှင့် ပေါင်မုန့်မျ
ထည့်ထားသည့် လင်ပန်း လာချပေးသည်။

စစ္စတာဂျို့စ်ဖင်းက ငါးအကြီးဆုံးအကောင် ထည့်ထာ
သည့်ပန်းကန်ကိုရွေးယူလိုက်ပြီး ကျန်ပန်းကန်များကို လူစီ
ဘက်သို့ ထိုးပေးသည်။ လူစီသည် ဆာလောင်လျက် ရှိသေ
လည်း သူ မကြိုက်သော အစာဖြစ်၍ ရုတ်တရက် မစားနိုင်
လက်တွန့်လျက်ရှိသည်။

သို့သော်လည်း အခြားလူများက မညည်းမညူ စားနေ
ကြသည်ကိုမြင်သည့်အခါ သူပါ စားရလေတော့သည်။



စားသောက်အပြီးတွင် စစ္စတာဂျို့စ်ဖင်းက လူစီအား
အခြား သီလရှင်လောင်းများနှင့် မိတ်ဆက်ပေးသည်။ သီလ
ရှင်လောင်းများသည် ငါးဦးရှိသည်။

သူတို့သည် လူစီအား ကြည့်နေကြသော်လည်း လျှာကို
တော့မလှုပ်ဝံ့။ စစ္စတာဂျို့စ်ဖင်းက 'မာဂရက်၊ အင်မီလီ၊
သီရီဆာ၊ ပါဘရီရယ်နဲ့ ဝစ်လ်မိုင်း' ဟု နာမည်တစ်ဦးချင်းစီ
ခေါ်၍ မိတ်ဆက်ပေးနေခြင်း ဖြစ်၏။

ဂါဘရီရယ်ဆိုသူ အရပ်မြင့်မြင့်နှင့် သီလရှင်လောင်းက
တော့ ပါးစပ်မှ အသံထွက်ကာ လူစီအား နှုတ်ဆက်စကား
ပြောသော်လည်း ကျန်လူစုကတော့ မလှုပ်။ မည်သို့ပင်ဖြစ်
စေ၊ စစ္စတာဂျို့စ်ဖင်း၏ အားပေး တိုက်တွန်းမှုနှင့် လိုက်
လျောမှုများကြောင့် သူတို့အားလုံး အပြန်အလှန် စကား
ပြောဆိုခွင့်တော့ ရကြသည်။

ထို့နောက် သူတို့သည်လူစုခွဲကာ ကိုယ့်တာဝန်ကို ပြန်ဝင်
ကြရသည်။

တစ်နေ့ခင်းလုံး သူ့ အချိန်နှင့်သူ ခေါင်းလောင်းသံကို
ကြားနေရ၏။ ခေါင်းလောင်းသံအရ ထိုင်လိုက်၊ ထလိုက်၊
အလုပ်လုပ်လိုက်၊ နားလိုက်၊ ဘုရားရှိခိုးကျောင်းထဲ ဝင်၍
ဘုရားရှိခိုးလိုက်၊ တရားနာလိုက်၊ ဆုတောင်းပွဲ လုပ်လိုက်။

www.burmeseclassic.com

www.burmeseclassic.com



ညစ်နှာရှိခဲ့သည့်အခါတွင်မှ လှုစီသည် သူ့အခန်းထဲ မြန်ရောက်ရသည်။

တစ်ယောက်တည်းဖြစ်၏။ ထိုအခါကျမှပင် တစ်နေ့လုံး တင်းကျပ်နေခဲ့သော စိတ်သည် ပြေလျော့သွားသည်။ စိတ် သက်သာရာရပြီ ဖြစ်သဖြင့် သက်ပြင်းရှည်ကြီးကို ချ၍ သူ့စိတ်ကို တည်ငြိမ်အေးဆေးသွားအောင် အားထုတ် ရသည်။

သူ ကျော်လွှားဖြတ်သန်းသွားရမည့်ခရီးလမ်းတွင် အခက် အခဲပေါင်းများစွာကို ပြက်ပြက်ထင်ထင် မြင်နေရပြီ။ သူ သည် သူ့ဘဝတစ်လျှောက်လုံး ဘယ်သူ၏ အနိုင်အကျော် ကိုမှ ခေါင်းငုံ့၍ခံခဲ့သူမဟုတ်၊ အခုတော့ဖြင့် ရေငုံနှုတ်ပိတ် လုပ်အာ ဦးခေါင်းလျှိုနေရပြီ။ ပြောသမျှ ဆိုသမျှ ခိုင်း သမျှကို ခေါင်းငုံ့ခံနေရမည့်ဘဝ ဖြစ်၏။

ဤအခက်အခဲများကို ကျော်လွှား နိုင်ပါမည်လော။ ကျော်လွှား နိုင်အောင်တော့ သူ မကြိုးစား၍ မဖြစ်။ ဤ အခက်အခဲများကို လက်မြှောက် အရှုံးပေးလိုက်ပါမူ သူ့ ဘဝသည် ဒုန်ရင်းသို့ပြန်သွားရပေလိမ့်မည်။

အခန်းထဲတွင် မှောင်မည်းလျက်ရှိသည်။ သူသည် ပြတင်း ပေါက်မှနေ၍ အပြင်သို့မျှော်နေမိသည်။



အပြင်ဘက်တွင်လည်း အမှောင်ထုသာလျှင် လွှမ်းခြုံကြီး စိုးလျက်ရှိ၏။ သူ့ဒါးနှစ်ဘက်တွင် စိုစွတ်လျက်ရှိသည်။ ထို့ နေ့ကို သူသည် အဝတ်များလဲကာ အိပ်ရာဝင်သည်။

ယနေ့ ညတော့ နိုက်တင်းဂေးလ်ငှက်၏ တေးဆိုသံကို မကြားရ။ ပါးလွှာသော နှုတ်ခမ်း၏ တစ်ဘက်သော အခန်းထဲမှ သီလရှင်ကျောင်း ဝစ်လ်မိုင်း၏ ဟောက်သံကိုသာ ကြားနေရ လေသည်။

* * *

www.burmeseclassic.com

www.burmeseclassic.com

## ( ၄ )

လူစီသည် သီလရှင်လောင်းဘဝမှလွတ်မြောက်ခဲ့ပြီဖြစ်၏။

သို့သော်လည်း သူ ရင်ဆိုင်နေရသည့် အခက်အခဲများကိုမူ စိတ်ပင်ပန်းကြီးစွာဖြင့် ကျော်လွှားနေရဆဲဖြစ်သည်။

အခု သူရောက်နေသောဘဝသည် ဘာသာရေး ဘဝမှ ဟွတ်ပါလေစွဟူသော သံသယသည်လည်း သူ့ရင်ထဲ၌ ကိန်းအောင်းနေဆဲဖြစ်၏။

အထူးသဖြင့် သီလရှင်လောင်းဘဝ၌ သူလုပ်ခဲ့ရသည့် အလုပ်များနှင့် စီမံခန့်ခွဲရေးပိုင်းမှ တာဝန်ရှိသူ သီလရှင်

www.burmeseclassic.com

www.burmeseclassic.com



များ၏ ဆက်ဆံရေးများသည် သူ့အဖို့ ဘဝင်မကျစရာ ဖြစ်ခဲ့ရ၏။

ဤကြား ထဲမှပင် ကျောင်းအုပ်ကြီးဖြစ်သော မာသာမာရီ အိမ်နူရယ်လ်၏ ပြုမူဆက်ဆံမှုများသည် သူ့အတွက် စဉ်းစား တွေးတောစရာများ ရှိနေသည်။

ယနေ့မနက်သည် တစ်ပတ်တစ်ကြိမ် ပြုလုပ်နေကျအတိုင်း ပြီးခဲ့သောအပတ်အတွင်းက ကျူးလွန်ခဲ့မိသည့် အပြစ်များ ဝန်ခံရသော နေ့ဖြစ်သည်။

ဤအလုပ်သည် သောကြာနေ့တိုင်း ပြုလုပ်ရသော အလုပ်ဖြစ်၍ မာသာမာရီအိမ်နူရယ်လ် ကိုယ်တိုင် ကြားနာ၍ အပြစ်ဒဏ်ချမှတ်လေ့ရှိ၏။

ဤအလုပ်မျိုးသည် လိုအပ်သည်ဟု လူစီယူဆသော်လည်း လုပ်နည်း လုပ်ဟန်များကို အလေးအနက်ထား၍ စဉ်းစားဆင်ခြင်လိုက်သည့်အခါ၊ လူစီ့အနေဖြင့် နားမလည်နိုင်ဖြစ်ရလေသည်။

ဤအလုပ်မှာ စည်းကမ်းဖောက်ဖျက်မှုများကို လူသိရှင်ကြား ထုတ်ဖော်ပြောကြား၍ အရေးယူခြင်းဖြစ်၏။

တရားရုံးတစ်ရုံး ပုံစံမျိုးဟုဆိုလျှင် မှားမည် မဟုတ်ပေ။



သို့သော်လည်း လုပ်နည်းလုပ်ဟန်ကို လူစီနားမလည်နိုင်ဖြစ်လျက်ရှိသည်။

ကျောင်းစည်းကမ်းဟူသမျှ ဘုရားသခင် ချမှတ်ထားသည့် စည်းကမ်းများဟု လက်ခံထားငြိမ်ခံကြရ၏။

ဤအခြေခံ သဘောတရားသည် မှန်ပါ၏လော။

လူစီသည် ထိုအခတွေးဝင်လာသည့်အခါ ဦးခေါင်းကို ယမ်းလိုက်မိသည်။

ငါ ဘာ့ကြောင့် ဒါတွေတွေးမိတာလဲ။

ဗီအတွေးမျိုးတွေ ဝင်လာချင် ဆောင်းပါ့မလား စသည်ဖြင့် စဉ်းစားမိသည်။

ထိုအချိန်မှာပင် မာသာမာရီအိမ်နူရယ်လ်သည် အခန်းထဲသို့ ဝင်လာပြီး သူ့အတွက် သီးသန့် ချထားပေးရမည့် ကုလားထိုင်ဆီသို့ လျှောက်သွားသည်။

သူ့နေရာရောက်၍ သူထိုင်ခါမှပင် မတ်တတ်ရပ်၍ စောင့်ကြိုနေသူများက ထိုင်ကြရသည်။

သို့သော်လည်း သူထိုင်ပြီဆိုရုံမျှဖြင့် ထိုင်ကြရသည် မဟုတ်၊ သူက ထိုင်ခွင့်ပြုမှ ထိုင်ကြရခြင်း ဖြစ်၏။

www.burmeseclassic.com

www.burmeseclassic.com



'ဟဲ...စတော့'

ဘာရီအိဗင်နူရယ်လ်၏နှုတ်မှ အမိန့်ပေးသံ ထွက်လာသော အခါ သီလရှင်တစ်ဦးသည် သူ့ရှေ့သို့သွား၍ ဒူးထောက်လိုက် သည်။

လက်နှစ်ဘက်ကိုယှက်၍ ဦးခေါင်းကိုငုံ့ကာ သူ ပြုမှားခဲ့ မိသည့်အပြစ်ကို ထုတ်ဖော်ဝန်ခံသည်။

'ကျွန်တော်မ....စည်းကမ်း တစ်ခုကို ဖောက်ဖျက်မိပါ တယ်၊ ကျွန်မ အဝတ်ချုပ်နေတုန်းမှာ ကျွန်မကြောင့် အပ် တစ်ချောင်း ကျိုးသွားခဲ့ပါတယ်'

ဤသီလရှင်လေးအား အပြစ်ပေးသည်။ နောက်အခါ အပ်ကို မကျိုးအောင် သတိထားဖို့ပြောသည်။ ထို့နောက် နောက်တစ်ဦး....

'ကျွန်တော်မ ယဉ်ကျေးသိမ်မွေ့မှု ဆင်းစွာနဲ့ လမ်းမြန် မြန် လျှောက်မိပါတယ်'

'ပြီးတော့ကော....'

'ပြီးတော့ ဘာမှပြောစရာ မရှိပါဘူး'

'မနေ့က မင့်ဗီရိုထဲကို စစ်ကြည့်တော့ လက်ကိုင်ပဝါ နှစ်ထည်ကိုခေါက်ပြီး မျက်နှာသုတ်ပဝါအောက်မှာ ထား ခဲ့ရတယ်၊ ဒါဟာ စည်းကမ်း ဖောက်ဖျက်တာပဲ၊ လက်ကိုင်ပဝါဟာ မျက်နှာသုတ်ပဝါရဲ့ အပေါ်မှာပဲ ရှိရ မယ်'

ဤအတွက်လည်း အပြစ်ဒဏ်ချမှတ်ခြင်း ပြုသည်။ လက် ကိုင်ပဝါကို မျက်နှာသုတ်ပဝါအောက် မတော်တဆထားမိ ခြင်းသည် မည်မျှလောက်အထိ ကြီးလေးသော အပြစ်ပါလိမ့် ဟု လူစီ မတွေးဘဲမနေနိုင်။

အို....ငါ ဘာပြုလို့ ဒီလိုတွေးမိပြန်တာလဲ၊ ဒီလိုတွေးတာ မကောင်းပါဘူး ထင်ပါရဲ့။ ဒါဟာ ဒုစရိုက်မှုတစ်ခုကို ကျူး လွန်တာများ ဖြစ်လေမလား။

နောက်တစ်ဦး၏အသံကို ကြားရပြန်သည်။ ပန်းကန်ထဲမှ အစာကို ကုန်အောင်မစားဘဲ ချန်ထားခဲ့မိ၍၊ နောက်တစ်ဦး အတော့ စိတ်အပန်းဖြေချိန်တွင် အများနည်းတူ မရယ်မပြုံး မိ၍၊ နောက်တစ်ဦးအတော့ ရေအိုးမတော်တဆ လွှတ်ကျပြီး ကွဲသွား၍....။

နောက်ဆုံးတွင် လူစီအလှည့် ရောက်လာသည်။ သူ လည်း အပန်းဖြေချိန်တွင် အများနေသလို မနေမိ၍....။

'နောက်ထပ်ပြောစရာ ဘာရှိသေးလဲ'ဟု မာသာမာရီအိ ဗင်နူရယ်လ်က မေးသည်။ လူစီက အဖြေမပေး။



www.burmeseclassic.com

www.burmeseclassic.com



'ဒီနေ့ မင်းရဲ့ဆပ်ပြာခွက်ထဲက ဆပ်ပြာတုံးမှာ ဒပိုင်းစ နှစ်စ ကွဲထွက်နေတာ တွေ့ခဲ့တယ်၊ ဒါလဲ စည်းကမ်းဖောက် ဖျက်မှုတစ်ခုပဲ'

လူစီက ဖျတ်ခနဲမော့ကြည့်သည်။

သူ့ မျက်လုံးများသည် မကျေနပ်မှုကို ဖော်ပြမိလေ သလား။

သူသည် သူ့စိတ်သူ ထိန်းချုပ်ထားသည်။ ထို့နောက် ဒူးထောက်ထိုင်နေရာမှ ထရပ်လိုက်သည်။

• • •

( ၈ )

သီလရှင်ကျောင်းကွင်းရှိ ဥယျာဉ်တွင်းမှ မက်မွန်သီးပင် များသည် အဖူးအပွင့်များဖြင့် ဝေဆာလျက် ရှိကြသည်။ ပြောင်းလဲလာသော ရာသီဥတုသည် သာတောင့် သာယာ လှချေသည်။

သို့သော်လည်း ယင်းသာယာမှုများသည် လူစီနှင့် များ ... အလှမ်းဝေးလျက်ရှိကြ၏။ သူ့အဖို့ တစ်ချိန်က မက်...ခဲ့ သည့် အိပ်မက်တစ်ခုလို ဖြစ်နေသည်။

ရာသီပြောင်းလာသည်နှင့်အမျှ လူစီ၏ရုပ်ရည် အသွင် ...ပြင်သည်လည်း ပြောင်းလဲသွားခဲ့ပြီ။

www.burmeseclassic.com

www.burmeseclassic.com



မည်မျှလောက်အထိ ပြောင်းလဲသွားသည်ကိုမူ သူ အ… အကျမသိ၊ ကျောင်း၏ စည်းကမ်းအရ မှန်ထားခွင့်လ… မရှိ၊ ခန္ဓာကိုယ် အခြေအနေ စစ်ဆေးခွင့်လည်း မရှိ၊ လူ… အနေဖြင့် သူ့ကိုယ်သူ တစ်နေ့ထက် တစ်နေ့ တိုး၍တို… ပိန်လာနေသည်ကိုမူ သတိထားမိ၏။

သူ့တွင် အသားအရေ ခြောက်ခန်းလာနေသည်ကို… သော်လည်း စိတ်ထိခိုက်ခြင်းတော့ မဖြစ်။

အမှန်တော့ စားရသောက်ရသည်မှာလည်း အဆင်မပြေ… သူ စားနေကျအစားအစာမျိုး မဟုတ်သဖြင့် မစားနိုင်သ… ထများ၏။ အများအားဖြင့် အရသာရှိရှိမရှိရှိ အတင်းမျို… နေရသည့်အဖြစ်နှင့် ကြုံနေရ၏။

သို့သော်လည်း သူ ပိန်ချုံးလာရသည်မှာ ဤအကြော… သည်အဓိကမဟုတ်၊ အဓိကမှာ စိတ်ဆင်းရဲမှု ဖြစ်သည်။ ထို… သို့ တွေးလိုက်မိသည့်အခါ သူသည် အက်ဒ်ဝပ်အား သတိ… သည်။

အက်ဒ်ဝပ်သည် သူ့အားမသွားမီ တားခဲ့သည်မဟုတ်… လော။

ဘေးလူများက သူ့အား နေကောင်းရဲ့လားဟုမေးလို… သည့်အခါတိုင်း 'ကောင်းပါသည်'ဟုသာ ဖြေခဲ့၏။ အ…



…တော့လည်း သူသည် စိတ်ပဋိပက္ခကြားတွင် ရုန်းကန် လှုပ်ရှားနေရသဖြင့် စိတ်လွတ်လပ်မှုနှင့် စိတ်အေးချမ်းမှုများကို ယုံဝ မခံစားရတော့သည်မှာ ကြာခဲ့ပြီ။ ဤချို့ယွင်းချက်ကြောင့်လည်း သူ့ကျန်းမာရေးသည် တစ်နေ့တခြား ယိုယွင်းလာရခြင်းပေတည်း။

ဟိုတစ်ချိန်က ဘာသာရေးနှင့် ဆက်စပ်ပတ်သက်၍ ယုံကြည်မှုတစ်ခုရှိခဲ့၏၊ မက်ဗိုးနား ကဲ့သို့ အလွန်ရိုးသား ဖြူစင်သော သူတော်စင် အမျိုးသမီးများကို အမြဲတစေ စိတ်ကူးထဲ၌ ပုံဖော်ခဲ့ဖူးသည်။ သိမ်မွေ့နူးညံ့သော မျက်နှာနှင့် ချိုသာအေးမြသော စကားများကိုသာ ပြောတတ်သည့် အမျိုးသမီး။ သို့သော်လည်း လက်တွေ့ဘဝတွင် သူ တွေ့နေရသည်မှာ မာရီအီဗင်နူရယ်လ်လို အမျိုးသမီးသာဖြစ်၏။

သူသည် မာသာအီမင်နူရယ်လ်အကြောင်းကို တွေးလိုက်တိုင်း ဘဝင်မကျဖြစ်ရ၏။ သူ လုပ်ပုံကိုင်ပုံ ပြုမူပြောဆိုပုံများသည် ချစ်ခင်နှစ်သက်စရာ မရှိဟု တစ်ခါတစ်ရံတွင် မုန်းတီးရွံရှာစိတ်ပင် ဖြစ်မိ၏။

ထိုအခါ သူ့တစ်ကိုယ်လုံး တုန်ယင်လာသည်။ ဤအတွေးမျိုးကို သူ မတွေးအပ်ဟု ထင်မိ၏။

သူသည် လက်ထဲမှ အဝတ်ကို ချုပ်နေသော်လည်း စိတ်ကတော့ ပျံ့လွင့်လျက်ရှိသည်။

www.burmeseclassic.com

www.burmeseclassic.com



မာသာအိမ်မင်နူရယ်လ်သည် သူ့အား မျက်ခြည်မပြတ် စို
ကြည့်နေသည်ဟု စိတ်ထဲက သိနေသည်။ သူသည် လူလူချ
ကြောက်စိတ်ရှိခဲ့သူ မဟုတ်။

ယခုမာသာအိမ်မင်နူရယ်လ်နှင့်ကျခါမှ ကြောက်ရွံ့ထိ
လန့်ခြင်း ဖြစ်ရမည်လော။ သူ့အနေဖြင့် ဘုရားသခင်မှ
ပါး အခြား ဘယ်သူ့ကိုမှ ကြောက်စရာမလိုဟု ထင်၏။

'အဝတ်ချုပ်နေတာ ပြီးပြီလား'

မာသာအိမ်မင်နူရယ်လ်၏ အသံသည် ငြိမ်ဆိတ်နေသော
အခန်းထဲတွင် ကျယ်လောင်စွာ ထွက်ပေါ်လာသည်။

'ဟုတ်ကဲ့....ပြီးပါပြီ မာသာ' ဟု လူစီက ဖြေသည်။
မျက်လုံးများဆာသော မာသာအိမ်မင်နူရယ်လ်၏ မျက်နှာ
မကြည့်။

မာသာအိမ်မင်နူရယ်လ်သည် ထိုင်ရာမှ ထလာပြီး လူစီ
လက်ထဲမှ ချုပ်ထည်ကိုကြည့်သည်။

'မင်း နားမလည်ဘူးလား၊ မင့်ကြောင့် ဒီအဝတ်စ ပျ
သွားပြီ၊ တစ်ထည်လုံး ညစ်ပတ်ကုန်ပြီ'

ကျောင်း၏စည်းကမ်းအရ သူ ဘာပြောပြော မိမိဘက်
ဖြန့်ချ၍ပြောပိုင်ခွင့်မရှိ။ 'ဟုတ်ကဲ့ မာသာ' ဟူသော စကား
တစ်ပါး အခြား ဘာကိုမှ ပြော၍မရ။



သူသည် သတိမှတ်ထားသည့်အတိုင်း ပြန်ပြောရန် တန်
ပြင်လိုက်သည်။ သို့သော်လည်း မတရားမှုဟူသမျှကို ငြိမ်ခံ
ရမည်ဟူသော သတ်မှတ်ချက်အပေါ် မကျေနပ်သော စိတ်
ဓာ ပြင်းထန်စွာ ဖြစ်ပေါ်လာသည်။

သူသည် မာအိမ်မင်နူရယ်လ်၏ မျက်နှာကို စူးစူးရဲရဲ ပြန်
ကြည့်သည်။

'မာသာတော့ နားမလည်ဘူးလား၊ ဒီအဝတ်စဟာ ကျွန်မ
လက်ထဲ ရောက်ကတည်းက ညစ်ပတ် ပေရေနေတာပဲ' ဟု
တုံ့ပြန်သည်။

အလွန်ကြောက်မက်ဖွယ်ကောင်းသည့် စည်းကမ်းဖောက်
မှုတစ်ခုကို လူစီ ပြုမိခဲ့လေပြီ။

အားမှလူများသည် ထိတ်လန့်ကြောက်ရွံ့စွာ လှုပ်လှုပ်
ရှားရှား ဖြစ်နေကြသည်။

မာသာအိမ်မင်နူရယ်လ်ကတော့ ကျောက်ရုပ်သဖွယ် တောင့်
တောင့်ကြီး ရပ်နေသည်။

သူသည် လက်ထဲမှအဝတ်စကို ခေါက်လိုက်ပြီး လူစီ့အား
လှမ်းပြောသည်။

www.burmeseclassic.com

www.burmeseclassic.com



'ညစာမစားခင် ခြေထောက်တွေကို နမ်းရမယ်၊ ညစာ စားနေချိန်မှာ ဒဏ်ကျေအောင် အပြစ်ပေးခံရမယ်'

လူစီ၏ တစ်ကိုယ်လုံးသည် တောင့်တင်းလျက်ရှိသည်။ သူ့ စကားကို မိမိက နာခံရမည်လော၊ ဤကဲ့သို့သော နှိုင်ငံ မင်းထက်ပြုမှုကို မိမိဘက်က ဦးခေါင်းလျှိုရမည်လော၊ သူ လုပ်ပုံသည် အကျိုးအကြောင်းနှင့်လည်း မယှဉ်၊ တရားမျှတ မှုလည်း မရှိ။

ဤအလုပ်မျိုးကိုဘုရားသခင်လည်း ဘယ်တော့မှမကြိုက်။ ထိုအခိုက်မှာပင် ခေါင်းလောင်းသံ ကြားရသည်။ ညစာ စားရန် အချက်ပေးခြင်းပေတည်း။

လူစီသည် အားလုံးနှင့်ရော၍ထကာ စားသောက်ခန်းဆီ သို့ လိုက်သွားသည်။

အားလုံးစားပွဲတွင် ထိုင်ကြသော်လည်း သူ မထိုင်။ သူ သည် မတ်တတ်ရပ်ကာ မာသာအီမင်နူရယ်လ်ကို စိုက်ကြည့် နေသည်။ မာသာအီမင်နူရယ်လ်က အချက်ပေးလိုက်သည့် အခါ သည်းမခံနိုင်လောက်အောင် ဆိုးဝါးသည့် တောင်း ပန်မှုကို ပြုရသည်။

သူ နမ်းနေသော ခြေထောက်များသည် မာသာအီမင် နူရယ်လ်၏ ခြေထောက်တွေလား။ ဘုရားသခင် ၏ ခြေ ထောက်တွေလား။ လူစီ ဝေခွဲမရ၊



ထို့နောက် သူသည် ဒူးထောက်၍ထိုင်ကာ အမျိုးသမီး နှစ်ဆယ်၏ ရှူးဖိနပ်များကို နမ်းရသည်။

ဒူးထောက်၍ထိုင်လိုက်၊ နမ်းလိုက်၊ ပြန်ထလိုက်၊ လျှောက် သွားလိုက်၊ ပြီးတော့ ဒူးထောက်၍ ပြန်ထိုင်ကာ နမ်းလိုက်။ နောက်ဆုံးတွင် ထိုကိစ္စသည် ပြီးဆုံးသွားသည်။

သူသည် အခန်းအလယ်သို့ သွားကာ စားပွဲကို ကျော ပေး၍ ရပ်လိုက်သည်။ ဒူးထောက်၍ ထိုင်ချလိုက်ကာ လက် နှစ်ဘက်ကို မြှောက်လိုက်သည်။ ဦးခေါင်းကို နောက်သို့ လှန်ထားရသည်။

အချိန်ကြာလာသည့်အခါ ပင်ပန်းနွမ်းနယ်လာ၍ အား ဆုတ်သလို ဖြစ်လာသည်။

လဲကျသွားလေသလား ဟုပင် ထင်မိ၏။ သို့သော်လည်း မာသာအီမင်နူရယ်လ်လို အမျိုးသမီး၏ ရှေ့မှောက်တွင် သူ ဘယ်တော့မှ အရှုံးအလဲမခံ၊ သူ၏ စိတ်ဓာတ်ကြံ့ခိုင်မှုကို ပြရ မည်။

နောက်ဆုံးတွင် ညစာ စားပွဲသည် ပြီးဆုံးသွားသည်။ အားလုံး ထိုင်ရာမှထကာ ထွက်သွားကြသည်။ ထို့နောက် 'တော်လောက်ပြီ' ဟု ပြောလိုက်သော မာသာအီမင်နူရယ်လ် ၏အသံကို ကြားလိုက်ရ၏။

www.burmeseclassic.com

www.burmeseclassic.com



အခန်းထဲမှ မာသာအိမင်နူရယ်လ် ထွက်သွားသည့်အခါ လူစီသည် စားပွဲတွင် ဝင်ထိုင်သည်။ ခါးကုန်းနေသောမိန်းမ ကြီးသည် သူ့အတွက် ညစာလာချပေးသည်။

ဤမိန်းမကြီးနှင့် စကားပြောချင်စိတ်သည် လူစီ့ရင်ထဲတွင် ပြည့်သိပ်နေသည်။ သို့သော်လည်း မပြောနိုင်။ အခုလို အချိန်တွင် စကားမပြောရဟု တားမြစ်ထားသည် မဟုတ်ပါလား။

သူသည် တစ်ယောက်တည်းထိုင်၍ ညစာကို ငြိမ်ဆိတ်စွာ စားသည်။ စားသောက်၍ ပြူတင်းပေါက်မှအပြင်သို့ လှမ်းကြည့်လိုက်သည့်အခါ မိုးရွာနေသည်ကို မြင်ရသည်။

အတော်ကြီးသည်းသောမိုးဖြစ်၍ ဥယျာဉ်ထဲ၌ အလုပ်လုပ်နေကြသော သီလရှင်ငယ်များသည် ကျောင်းဆောင်သို့ အပြေးအလွှား လာနေကြသည်ကိုပင် တွေ့ရ၏။

သူသည် ကျေနပ်ခြင်းနှင့် မကျေနပ်ခြင်း တည်းဟူသော စိတ်ပဋိပက္ခကို ရင်ဝယ်ပိုက်ကာ သီလရှင်များ အပန်းဖြေရာ အခန်းထဲသို့ ဝင်ခဲ့သည်။

သူ ဝင်သွားသည့်အခါ ဘယ်သူကမှ သူ့အား မကြည့်ကြ။ သူ့အား ဆီးရှုနှုတ်ဆက်လျှင် စည်းကမ်းတစ်ခုကို ချိုးဖောက်ခြင်းပင် ဖြစ်သည်။



သူမလည်း ဘာတွေပဲဖြစ်ခဲ့ဖြစ်ခဲ့၊ ဤအခန်းထဲ၌ ထိုင် အများနှင့်ရောကာ စကားပြောရမည်၊ ပြုံးရယ်ရမည်။ အား စေ့စေ့စပ အရှက်ရအောင်၊ ဂုဏ်သိက္ခာ ကင်း အောင် လုပ်ထားသည်များကို ရှေ့တန်းတင်မထား၊ မေ့ ရမည်။

သူ ထိုင်လိုက်ချိန်တွင် သီလရှင်တစ်စုသည် ရယ်မော ကြသည်။ လူစီကတော့ ခပ်တည်တည်ပင် ဝင်ထိုင်သည် ဘယ်သူတွေပြုံးပြုံး၊ သူမပြုံး။ ဘယ်သူတွေရယ်ရယ်၊ သူ မရယ် အပြင်ဘက်တွင် မိုးသည် သည်းထန်စွာ ရွာနေဆဲ။

သူသည် သူ့ယုံကြည်ချက်အပေါ် အခိုင်အမာပင် မည်။ သူ လုပ်စရာရှိတာ ဆက်လုပ်မည်။ သူ နိုင်ရမည်။

www.burmeseclassic.com

www.burmeseclassic.com

( ၉ )

တစ်ရက်တွင် မမျှော်လင့်သောဖြစ်ရပ်တစ်ခုသည် ပေါ်ပေါက်လာသည်။

ထိုနေ့က သီလရှင်မျှော်း အပန်းဖြေနေချိန်တွင် လူစီသည် မာသာမာရီအီမင်နူရယ်လ်နှင့် ထိပ်တိုက်တွေ့ကြရပြန်၏။

'အားလုံးက မင့်ကို သိပ်ပြီးပိန်သွား၊တယ်လို့ ပြောနေကြပြီ၊ မင်း နေမကောင်းဖြစ်နေပြီ မဟုတ်လား' ဟု မာသာ အီမင်နူရယ်လ်က မေးသည်။

လူစီက မာသာ၏စွမ်စုံချက်ကို ချက်ချင်းပင် ငြင်းဆန်သည်။ သူ ကျန်းမာသည်ဟု အခိုင်အမာ ပြန်ပြောသည်။

www.burmeseclassic.com

www.burmeseclassic.com



အများအတွက် ချမှတ်ထားတဲ့စည်းကမ်းနည်းလမ်းတွေ
အတိုင်း လိုက်နာနေထိုင်နိုင်ဖို့အတွက် လူတစ်ယောက်ဟာ
ကျန်းမာနေဖို့လိုတယ်၊ ဒီကိစ္စမှာ ခြွင်းချက်ထားလို့မရဘူး။
ကျန်းမာရေး သိပ်ညံ့ပြီး မာန်မာနကလဲကြီးမယ်၊ မေခက်မာ
ယ်ဆိုရင် ဘာသာရေး နယ်ပယ်မှာ သာသနာ့ ဝန်ထမ်း
ကောင်းတစ်ယောက် မဖြစ်နိုင်ဘူး'

မာသာပြောသလို သူသည် မာန်မာနကြီးမားသလား။
မာက်မာနေပါသလား ဟု လူစီတွေးကြည့်သည်။

ဤကျောင်းသို့ ရောက်ပါပြီဆိုကတည်းက အကြောင်းမရှိ
ကြောင်းရှာ၍ မေးခဲ့မသော အဖြစ်ဒဏ်ဟူသမျှကို သူ
ခါင်းငုံ့၍ ခံခဲ့၏။

နုးများကိုထောက်၍ သူခိုင်းသမျှလုပ်ခဲ့ရ၏။ သို့ပါလျက်
င့် ယခုလို စွပ်စွဲလာပြန်၏။

သူသည် စကားတစ်ခွန်းမှ မပြောဘဲ ငြိမ်နေသည်။

သူ့ ဘာတွေပဲပြောပြော၊ မိမိတွင် ခိုင်မာသော ယုံကြည်
က်ရှိနေပြီလား။ ဤသီလရှင်ကျောင်းသို့ သူရောက်လာ
င်းသည် မည်သည့်အတွက်မှ မဟုတ်၊ ဘုရားသခင်အတွက်
လုပ် လုပ်ဖို့ဖြစ်သည် မဟုတ်ပါလော။



ဤသို့ဖြင့် တစ်ရက်တွင် လူစီသည် မမျော်လင့်ဘဲနှင့် ထူး
ဆန်းသော အဖော်တစ်ဦးရလာခဲ့သည်။

အဖော်မှာ သီလရှင် အက်ဒရင်နီဆိုသူဖြစ်၍ အသက်
ခြောက်ဆယ်နီးပါးမျှ ရှိနေပြီဖြစ်၏။

ဤ သီလရှင်ကျောင်းတွင် နှစ်ပေါင်းများစွာ နေလာခဲ့
ရသူဖြစ်၍ သီလရှင်ကျောင်း၏ အကြောင်းကို မကောင်းစွာ
သိသူ ဖြစ်သည်။

သူနှင့် လူစီသည် ခင်မင်ရင်းနှီးလာသည်နှင့်အမျှ မကြာ
ခဏ ဥယျာဉ်ထဲတွင် ဆုံမိပြီး စကားလက်ဆုံ ကျခဲ့ကြသည်။

ပြောကြသည့် အကြောင်းများမှာလည်း သာမန်အသေး
အဖွဲ့များသာဖြစ်၏။

ထို့နောက်၊ ဘုရားသခင်၏ တပည့် သူတော်စင် ဆယ့်
နှစ်ဦး ပွဲတော်နေ့ မတိုင်မီ အကြိုညနေခင်းသို့ ရောက်လာ
သည်။

လူစီ၏မိတ်ဆွေ သီလရှင်အဘွားကြီးအသက်ခြောက်ဆယ်
ပြည့်မည့်နေ့ဖြစ်၏။

www.burmeseclassic.com

www.burmeseclassic.com



ထို့ကြောင့်လည်း လှစိသည် ထိုအကြို့နေတွင် သီလရှင်အဘွားကြီးနှင့် ခါတိုင်းထက် အချိန်ကြာကြာစ စကားပြောနေမိသည်။

အဘွားကြီးကလည်း လှစိအား အမှတ်တရခေါက်ပုံလေး တစ်ပုံပေးသဖြင့် လှစိသည် ခေါက်ပုံကလေးကိုလက်ခံမိသည်။

ခေါင်းလောင်းထိုးသံ ကြားလိုက်သည့်အခါ လှစိသည် အဘွားကြီးအား နှုတ်ဆက်၍ ခေါက်ပုံလေးကို ကိုင်ကာ ဥယျာဉ်ထဲမှ ထွက်လာခဲ့လေသည်။

ဤတွင် မဒသာဒအိမင်နွရယ်လ်နှင့် ဆုံမိသည်။

သူ့အား စူးစူးရဲရဲကြည့်နေသည်ကိုသတိထားလိုက်မိသော် လှစိသည် ခေါက်ပုံကို အိပ်ထဲထည့်လိုက်သည်။

လှစိ့မျက်နှာပေါ်မှ အပြုံးရိပ်သည်လည်း ချက်ချင်းပျောက်ကွယ်သွားသည်။

သူသည် ဘုရားရှိခိုးကျောင်းထဲသို့ ဝင်ခဲ့ပြီး ဘုရားရှိခိုးနေချိန်အထိ စိတ်က ကြည်လင်ဖြောင့်ဖြူးခြင်းမရှိ၊ သူ့အား စိုက်ကြည့်နေသည့် မဒသာဒအိမင်နွရယ်လ်၏ မျက်နှာကိုသာ မြင်ယောင်ပြီး စိတ်မအေးဖြစ်နေရ၏။



ဘုရားရှိခိုးကျောင်းထဲမှ ပြန်ထွက်လာပြီး လှေကားမှ ဆင်းလာသည့်အခါ လှေကားခြေရင်းမှနေ၍ သူ့အား စောင့်နေသော မဒသာဒအိမင်နွရယ်လ်က သူ့အား ထက်ဖြတ်၍ ထားသည်။

'ခဏနေပါဦး၊ ပြောစရာရှိလို့'ဟု မဒသာဒအိမင်နွရယ်လ်က ပြောသည်။

လှစိက ရယ်၍ နားစွင့်နေသည်။

'စစ္စတာ အင်ဒရင်နီနဲ့ ပတ်သက်နေတဲ့ကိစ္စ ပြောမလို့' ဟု မဒသာဒအိမင်နွရယ်လ်က ဆက်ပြောသည်။

'မင်း သူနဲ့ စကားအကြာကြီး ပြောခဲ့တယ်၊ အပန်းဖြေချိန် ဗီလောက်အကြာကြီး တရင်းတနှီး စကားပြောတာဟာ ကောင်းဘူး၊ စစ္စတာ အင်ဒရင်နီဟာ အသက်ကြီးသီလရှင်တစ်ယောက်ဖြစ်လို့ တချို့အခွင့်အရေးတွေ ပေးထားပေမယ့် မင်းကျတော့ အဲဒီအခွင့်အရေးတွေကို ဝင်သုံးပြီး အလွဲသုံးစား လုပ်လို့မရဘူး၊ အဲဒါကို မင်းနားလည်ရဲ့လား'

'ကျွန်မကို စကားပြောခွင့် ပြုသသား'ဟု လှစိက ပြောသည်။

မဒသာဒအိမင်နွရယ်လ်က ခေါင်းကို မသိမသာ ညိတ်ပြသည်။

www.burmeseclassic.com

www.burmeseclassic.com



'ကျွန်မကို စကားစပြောတဲ့လူဟာ စစ္စတာ အက်ဒရင်နီဆိုတာ ရှင်သိရဲ့လား'ဟု မေးသည်။

'ဘယ်သူက စပြောတယ်ဆိုတာ အမိကမကျဘူး'

'ဒီလိုဆိုရင် ကကယ်လို့များ မနှောင်းကစ်ခါ တွေ့ကြုံရင် စစ္စတာအက်ဒရင်နီက ကျွန်မကို စကားပြောဦးမယ် ဆိုပါတော့၊ ကျွန်မ ဘာလုပ်ရမလဲ'

'မင်းက တို့ညွှန်ကြားထားတဲ့အတိုင်း လိုက်နာပေါ့၊ သူ့ကို ဘာမှပြန်မပြောရဘူး'

အမျိုးသမီး နှစ်ယောက်သည် တစ်ယောက်ကို တစ်ယောက် စူးစူးရဲရဲ ကြည့်နေကြသည်။ လူစီ၏ ရင်ထဲတွင် မာသာအီမင်နူရယ်လ်အပေါ် ရှိရှိသမျှ စက်ဆုတ်သောစိတ်သည် ပြင်းစွာဖြစ်ပေါ်လျက်ရှိသည်။

'ရှင်ဟာ ကျွန်မကို ကိုယ်စိတ်နှစ်ပါးဆင်းရဲအောင် လုပ်လာခဲ့တာ သုံးလရှိသွားပြီ၊ ဒါကို ရှင်သတိထားမိရဲ့လား'

'ဘာတွေ လုပ်ခဲ့သလဲ'ဟု မာသာအီမင်နူရယ်လ်က ပြန်မေးသည်။

'ပြောမပြနိုင်လောက်အောင်များတယ်၊ ဘာမှအဓိပ္ပာယ်မရှိတဲ့ဟာတွေကို အကြောင်းပြုပြီး ဒုက္ခပေးနေတာ'

'အဲသလိုထင်ရင် မှားမှာပေါ့၊ ငါလုပ်တာမင်းကောင်းဖို့၊ မင်းအကျိုးအတွက်ပဲ'

'ကျွန်မအကျိုးအတွက်တဲ့၊ ဟုတ်လား'ဟုပြောကာ လူစီက လက်ကစ်ဖဝါးကို မြှောက်၍ ယမ်းလိုက်သည်။ မာသာအီမင်နူရယ်လ်က ဖျတ်ခနဲ နောက်ဆုတ်လိုက်သည်။

'ရှင်က ရှင့်ကိုယ်ရှင်မှ မထိန်းသိမ်းဘဲ'

'ဒီမယ်...ကျွန်မ ဘယ်လိုလူစားလဲဆိုတာ ရှင်မြင်တယ် မဟုတ်လား'ဟု လူစီက ပြောသည်။

'ကျွန်မ အမြဲတမ်း ဦးခေါင်းလျှိုခဲ့ပါတယ်၊ ဒါပေမယ့် ကျွန်မဟာ ရှင့်ထက် အများကြီး အားသာနေတယ်ဆိုတာ ရှင် သတိထားမိရဲ့လား'

မာသာအီမင်နူရယ်လ်၏မျက်နှာသည် ဖြူဖတ်ဖြူရော်ဖြစ်သွားသည်။

'မင်း အခုလို ပြောနေတာ ဘုရားသခင်ကို ဆန့်ကျင်နေတာပဲ၊ မနက်ဖြန်ကျရင် မင်း အပြစ်ဒဏ်ခံရမယ်'ဟု မာသာအီမင်နူရယ်လ်က ပြောသည်။

'အပြစ်ဒဏ်...ဘာအပြစ်ဒဏ်လဲ၊ မနက်ဖြန်ကို မရောက်သေးတာ၊ ဒီစကားပြောနေဖို့မလိုဘူး'

www.burmeseclassic.com

www.burmeseclassic.com



'အချိန်သိပ်နောက်ကျနေပြီ'ဟု မာသာအိမ်နွေရယ်လ်က သတိပေးသည်။ 'အိပ်ချိန်တောင်ရောက်နေပြီ'

နှစ်ယောက်သား တစ်ယောက်မျက်နှာ တစ်ယောက်ကြည့်နေကြပြန်သည်။ ထို့နောက် မာသာအိမ်နွေရယ်လ်သည် မျက်လွှာကို ချလိုက်ပြီး တစ်ဖက်သို့ လှည့်၍ထွက်သွားသည်။

လှစ်သည်လက်များကို ကျစ်ကျစ်ပါအောင်ဆုပ်ထား၍ ကြိတ်ထားသည်။ 'ငါလဲ သည်းမခံနိုင်တော့ဘူး'ဟု တွေးသည်။ 'ငါလုံးဝသည်းမခံနိုင်တော့ဘူး'

သူသည် တံခါးကိုဖွင့်၍ အပြင်ဝရန်တာသို့ထွက်ရပ်သည်။ မခံချင်စိတ်သည် သူ့ရင်ထဲတွင် လှိုင်းထလိုက်ရှိဆဲ။ သူသည် ညဏ်အလှဆီသို့ တွေဝေငေးမောနေသည်။ ထို့နောက် တုန်လှုပ်သောစိတ်ဖြင့် တံခါးကိုပိတ်လိုက်ပြီး အပြင်ဘက်လေထု အတွင်းသို့ တိုးဝင်သွားသည်။

• • •

## ( ၁၀ )

သူသည် အလွန်လျင်မြန်သွက်လက်သောခြေလှမ်းများဖြင့် ဥယျာဉ်တွင်းသို့ဝင်ခဲ့သည်။ သူ့စိတ်သည် တည်ငြိမ်မှုကင်းမဲ့နေဆဲ။ အိပ်မက်မက်ပြီး အိပ်ရာမှထယောင်ထတမ်းနိုးထလာသူနှင့်တူနေသည်။ သူ့ပတ်ဝန်းကျင်သည် တိတ်ဆိတ်ကာ အေးမြလျက်ရှိသည်။ ဒါတွေကိုသူသတိမထားမိ။ သူ့စိတ်ထဲတွင် ဤနေရာ ဤဌာနမှ လွတ်မြောက်လိုစိတ်သာရှိနေသည်။

မြက်ခင်းပြင်ပေါ်တွင် နှင်းများ စိုရွှဲလျက် ရှိသည်။ လျှောက်သွားနေသော သူ့ခြေသံကိုမကြားရ။ သူသည် ခပ်

www.burmeseclassic.com

www.burmeseclassic.com



သွက်သွက်လျှောက်သွားလျက်ရှိသည်။ ဘယ်ကို သွားမှာလဲ၊ သူ့စိတ်သည် တုန်လှုပ်ရုံမျှမက များစွာ ရှုပ်ထွေးလျက်ရှိသဲ၊ သူ့ပတ်ပတ်လည်တွင် နံရံ၊ သစ်ပင်နှင့် ညအမှောင်ထု

သူဘယ်သွားမှာလဲ၊ သည်နေရာကိုလာပြီး ဘာလုပ်မှာလဲ။ သူသည် ပတ်ဝန်းကျင်ကို လှည့်ကြည့်သည်။ ကျယ်ဝန်းသော ကောင်းကင်ပြင်ကို မော့ကြည့်သည်။ မှုန်မွှားမွှားလရောင် တလက်လက်တောက်ပနေသောကြယ်များ၊ ထိုအလင်းရောင် နှစ်ခုမှတစ်ပါး အားလုံးမည်းမှောင်နေသည်။

သူသည် အောပတ်ပတ်လည်ကို ထပ်ကြည့်ပြန်သည်။ စိုပြေ ရံနေကြသည့်သစ်ပင်များ၊ ပွင့်ဖူးနေကြသည် ပန်းပင်များ သူရောက်နေသည်မှာပန်းဥယျာဉ် သူသည် မျက်မှောင်ကုပ်၍ စဉ်းစားသည်။ ဘာကြောင့် သည်နေရာကိုရောက်နေရတာ ပါလိမ့်။

စဉ်းစားလို့ ရပြီ။ စိတ်အေးချမ်းမှုကို ရယူ ခံစားလို၍ ဤနေရာသို့ ထွက်လာခဲ့ခြင်း မဟုတ်ပါလား။

သူ့ရှေ့အမှောင်ထုအတွင်းမှ မားမားမတ်မတ်ကြီးရပ်နေသည့် သီလရှင်ကျောင်း။ သူ ဘာကြောင့် သည်သီလရှင်ကျောင်းကို ရောက်လာရတာပါလိမ့်။ အမှန်တော့ သူရောက်လာခြင်းသည် ဘုရားသခင်ထံ လာခြင်းဖြစ်၏။ သူ့ကိုယ်ကို ဘုရားသခင်အား အပ်နှံရန်လာခဲ့ခြင်းဖြစ်၏။ တစ်နည်းအားဖြင့်ဆိုသော် ဘုရားသခင်အား အလုပ်အကျွေးပြုရန် လာခဲ့ခြင်း၊ မဟုတ်ပါလော။

သို့သော်လည်း ဤသီလရှင်ကျောင်းထဲ၌ ဘုရားသခင်နှင့် တွေ့ခဲ့ပါတာလား၊ သူဆင်ခြင်စဉ်စား၍ရသလောက်ဆိုပါက ဘုရားသခင်နှင့်မတွေ့ဟုပင် အဖြေပေးရလိမ့်မည် ထင်ပါ၏။ တကယ်တော့ ဤကျောင်းသည် အမျိုးသမီးများချည်း နေထိုင်ရာနေရာဖြစ်သည်။ အမျိုးသမီးများက အမျိုးသမီးများအား အုပ်ချုပ်ရာဌာနလည်းဖြစ်၏။

အမှန်အားဖြင့် ဤဌာနသည် စိတ်ချမ်းမြေ့စရာဌာန တစ်ခုဖြစ်သင့်၏။ သူမလာခင်က မျှော်လင့်ခဲ့သည်မှာလည်း ထိုအတိုင်းပင်ဖြစ်၏။

သို့သော်လည်း လက်တွေ့တွင်ကား သူထင်သလိုမဟုတ်။

သူ့အတွေ့အကြုံအရပြောရပါမူ ဤဌာနသည် စိတ်အေးချမ်းစရာ နေရာမဟုတ်။ ဘာမဟုတ်သည့်အကြောင်းကလေးများကို ယိုးမယ်ဖွဲ့ကာ အပြစ်ရှာခံနေကြရ၏။

ဘုရားသခင်၏ အလိုဆန္ဒဟု အကြောင်းပြကာ ပြောပိုင်ဆိုပိုင်ခွင့်လည်းမရှိ၊ မွှားမွှားမွှန်မွှန်ပြောသမျှ နာခံ၍ ခိုင်းသမျှ လုပ်နေကြရ၏။

www.burmeseclassic.com

www.burmeseclassic.com



အာ႐ုံလိုးပင် စိတ်၏ညှိုးငယ်ခြင်းဒုက္ခကို ခံယူရာ၊ မလူးသာ မလွန့်သာ ဖြစ်နေကြရ၏။

အထူးသဖြင့် စည်းစာမ်း ဖောက်ဖျက်သည်ဟု ဆိုရာ၊ လူအများ၏ ပေရေညစ်ပတ်နေသော ရှုံ့ဖိနပ်များကို လေးဘက်ထောက်၍ နမ်းရသည့် အလုပ်သည် မကျေနပ်စရာ အကောင်းဆုံး ဖြစ်ချေသည်။

ဘုရားသခင်သည် တစ်ဦးက တစ်ဦးအပေါ် ကြောအာဏာသုံး၍ အတင်းအဓမ္မ နိုင်လိုမင်းထက် ပြုနေခြင်းကို အလိုဆန္ဒရှိပါမည်လော။

လူတစ်ဦး၏စိတ်ကို နာလန်မထူနိုင်လောက်အောင် ချိုးနှိမ်ပစ်ခြင်းသည် ဘုရားသခင်အား ချိုးနှိမ်ခြင်းဟု မဆိုနိုင်ပေဘူးလား။

မိမိအနေဖြင့် အစွမ်းကုန် သည်းခံခဲ့ပြီးပြီ၊ လိုက်လျောခဲ့ပြီးပြီ၊ နာခံခဲ့ပြီးပြီ၊ အခုဆိုလျှင် သူ သည်းခံနိုင်သည့် အတိုင်းအတာကို ကျော်လွန်သွားပြီ။

သူ့ဘဝသည် ဤကျောင်းရောက်ကာမှပျက်ရမည်လော။ သူသည် ဘဝတစ်လျှောက်လုံး မနားမနေ အလုပ်လုပ်၍ တိုက်ပွဲဝင်လာခဲ့သူဖြစ်၏။



မည်သည့် တိုက်ပွဲတွင်မှ သူ့ဘက်က လက်မြှောက် အရှုံးပေးခြင်းမပြုခဲ့။ မတော်မတရား ပြုသည်ဟုထင်လျှင် မြဲလည်ခုခံ၍ တိုက်ခိုက်ခဲ့၏။ အခုလည်း ဤတိုက်ပွဲတွင် သူ့ဘက်ကမမှား။ ထို့ကြောင့် အရှုံးမပေးနိုင်၊ အရှုံးပေးလိမ့်မည်လည်း မဟုတ်။

ဤတိုက်ပွဲတွင် သူ့ဘက်က တခုခုတော့ လုပ်မှဖြစ်တော့မည်။ အများနည်းတူ ငုံ့ခံနေ၍တော့ဖြစ်မည်မဟုတ်။ ဘုရားသခင်ကလည်း မိမိဘက်က ရပ်တည်လိမ့်မည်ဟုမင် ယုံကြည်သား၏။

ဘုရားသခင်သည် မိမိ၏မေတ္တာနှင့် စေတနာတို့ကို မသိမမြင်ဘဲ နေလိမ့်မည်မဟုတ်။

'အို.... အဘဘုရားသခင်၊ တပည့်တော်မအား တရားသဖြင့် ဖြစ်အောင် ကူညီတော်မူပါ၊ ဤနေရာသို့ တပည့်တော် လာရောက်ခြင်းသည် အရှင်ဘုရား၏ မေတ္တာ၊ ဂရုဏာကို ရယူခံစားလို၍ ဖြစ်ပါသည်ဘုရား'

လူစီသည် ကောင်းကင်ဆီသို့ မော့ကြည့်ရာ၊ ဘုရားသခင်အား အာရုံပြုသည်၊ အသံထွက်၍ ဆုတောင်းသည်။

သို့သော်လည်း ကောင်းကင်ဆီမှ မည်သည့်အဖြေမှ မရ

www.burmeseclassic.com



သူသည် ပင်ပန်းနွမ်းနယ်နေသော ခြေထောက်များကို တရွတ်ဆွဲကာ သစ်ပင်များကြားမှ ဖြည်းညှင်းစွာလျှောက်သွားသည်။

လသည် တိမ်ထု တစ်ခုနောက်သို့ တိုး ဝင် သွား သဖြင့် ဥယျာဉ်တွင်း၌ မှောင်မည်းသွားသည်။

သူ့နှလုံးသည် တဒိန်းဒိန်းခုန်လျက်ရှိသည်။ ဦးခေါင်းထဲမှ တစစ်စစ်နာကျင်ကိုက်ခဲနေသော ဝေဒနာ။

သူ ဘယ်သွားနေတာလဲ၊ အခု ဘယ်ရောက်နေသလဲ၊ ဘာ့ကြောင့် သွားနေတာလဲ။ ယေရှုသခင်သည် သူ့အား ကူညီမည်မထင်။ သူ့ဆွေမျိုးအပေါ် သူထားခဲ့သည့်အချစ်၊ သူ့သားအပေါ် သူထားခဲ့သည့်အချစ်၊ ပြီးတော့ ယေရှုသခင်အပေါ် သူထားခဲ့သည့်အချစ်၊ အဓိပ္ပာယ်ရှိပါ၏လော။

သူသည် မျက်နှာကို လက်ဖဝါးနှစ်ဖက်ဖြင့် အုပ်ကာ ရှိုက်ကြီးတငင် ငိုကြွေးမိသည်။

သူ တစ်ကိုယ်လုံး တုန်ယင်လာသည်။ ဘုရားသခင်အပေါ် ယုံကြည်ကိုးစားစိတ်သည် ပျက်ပြားချေပြီလော။ ဘုရားသခင်ဆိုသည်မှာ တကယ်တမ်း ရှိမှရှိပါလေစ။ သူ ဘာကိုယုံကြည်ရပါမည်နည်း။



ဝမ်းနည်းကြေကွဲခြင်း၊ ထိတ်လန့်ကြောက်ရွံ့ခြင်းနှင့် ယူကျုံးမရ ဖြစ်ခြင်းများသည် သူ့စိတ်တွင် အထိုက်ဖြစ်ပေါ်လာသည်။

သူသည် ထိုနေရာမှ ထွက်ပြေးရန် တာစူသည်။ အားအင် ချိနဲ့နေသော ခြေထောက်များက သယ်ရှိမရ။ တစ်ကိုယ်လုံး နုံးချိကာ လဲပြိုတော့မည့်နှယ် ခံစားနေရသည်။

ထို့နောက်လည်း သူ အားမလျှော့။ အတင်းပင် ရုန်းကန် လှုပ်ရှားခြင်းပြုသည်။ ရုတ်ချည်း ပြတ်ကျကာ သတိလစ်သွားသည်။

မှန်အိမ်များကိုင်၍ လိုက်လံရှာဖွေနေကြ သူများသည် သူ့အား တွေ့ကြသည်။ ခက်ခဲစွာပင် ဝိုင်းဝန်းပွေ့ချီကာ သီလရှင် ကျောင်းဆီသို့ ပြန်လည် သယ်ဆောင်သွား ကြလေ၏။

* * *

www.burmeseclassic.com

www.burmeseclassic.com

## (၁၁)

သူအိပ်ရာမှ နိုးလာသည့်အခါ နံနက်ခင်းနေရောင်ခြည်သည် သူ့မျက်နှာထက်သို့ သတ်ဆင်းနေသည်ကို တွေ့ရသည်။ သူသည် မျက်လုံးများကို အတ်ခနဲ မှိတ်ထားလိုက်ပြီး အတန်ကြာမှ ပြန်ဖွင့်သည်။

သူ့အိပ်ရာဘေးတွင် ယောက်ျားကြီး တစ်ယောက်ရပ်နေသည်။ သူက လူစီအား အပြုံးဖြင့် နှုတ်ဆက်သည်။

'မင်းအိပ်ရေး ဝဝ အိပ်လိုက်ရလို့ နေကောင်းသွားပြီ'ဟု ထိုလူက ပြောသည်။

www.burmeseclassic.com

www.burmeseclassic.com



လူစီးသည် ဘာမှပြန်မပြောဘဲ ငေးကြည့်နေသည်။ သူသည် အခုထက်ထိ အိပ်ချင်မူးတူးဖြစ်နေဆဲ။ နားထဲတွင် စကားပြောသံများ ကြားနေရသည်။

ယဉ်ကျေးဖွယ်ရာမဲ့သော အပြောအဆိုများနှင့် နှုတ်ဆက်နေသံများ။ ဤနေရာသို့ ဘယ်ယောက်ျားမှ ဝင်ခွင့်ရသည် မဟုတ်။ ယခုလာသူသည် ဆရာဝန်ဖြစ်ရမည်။ သူ့ ဘာဖြစ်လို့ပါလိမ့်။

သူသည်မျက်လုံးအစုံကိုဖွင့်၍ပတ်ဝန်းကျင်ကို ကြည့်သည်။ [illegible] မြင်သည့် [illegible]သည် [illegible]ဝန်ခံစစ္စတာကိုမြင်သည်။ စစ္စတာမှာ ခေါင်းတစ်ချက်ညိတ်၍ ဖော်ရွေသောအပြုံးဖြင့် နှုတ်ဆက်သည်။

ဤအခန်းသည် သူ့အခန်းမဟုတ်။ ကျောင်းတွင်းမှ လူနာခန်းလည်းမဟုတ်။ သူ့အား ဘယ်အခန်းကို ပို့ထားကြသနည်း။ အခန်းမှာ ကျယ်ဝန်းသပ်ရပ်သည်။ စားပွဲကုလားထိုင်များအလည်း ထည်ဝါခမ်းနားသည်။ ကြမ်းပြင်ပေါ်တွင် ကော်ဇောအပြည့်ခင်းထားသည်။

ဗီရိုပေါ်တွင် စက္ကူဝန်းနီနီများ စိုက်ထားသည့် ပန်းအိုး။ အပြည့်ပြည့်နှင့်သူ သိလာသည်။ ညွှန့်ခန်းများ၏ အထက် ထပ်ရှိ အခန်းကြီး တစ်ခန်းထဲ၌ ရောက်နေခြင်းဖြစ်၏။



သူသည် မျက်လုံးများကို ပြန်မှိတ်ထားလိုက်သည်။ သူ တွေးပါသော်လည်း တွေး၍မရ။ တွေးချင်စိတ်လည်း မရှိ သလိုဖြစ်နေသည်။ သူ့ တစ်ကိုယ်လုံးမှာ တုတ်ကြီးကြီးတစ် ချောင်းဖြင့် ဆီး၍အရိုက်ခံထားရသည့်နှယ် တစ်ကိုယ်လုံး နာကျင် ကိုက်ခဲနေသည်။

ခေါင်းကလည်း လေးလံကိုက်ခဲလျက်ရှိ၏။ မျက်ခွံများ ကလည်း လေးလံလိုက်သည့်ဖြစ်ခြင်း။ ပြတင်းပေါက်ဆီမှ ယင်တစ်ကောင်ပျံဝဲနေသည့်အသံ။ သူသည် နောက်တစ်ကြိမ် အိပ်ပျော်သွားပြန်သည်။

သူပြန်နိုးလာသည့်အခါ မှန်းတိမ်စပြုနေပြီ။ အခန်းထဲ တွင် သူတစ်ယောက်တည်း။ ဤတစ်ကြိမ်တွင် အူဥယျာဉ်ထဲ၌ သွားလာလှုပ်ရှားခဲ့သည်များကို ပြန်သတိရလာသည်။ သို့ သော်လည်း တိတိကျကျ မှတ်မိသည်တော့မဟုတ်။ အားလုံး ဟိုတစ်စ သည်တစ်စမျှသာ ဖြစ်သည်။

သူဘာကိုမှ မစဉ်းစားချင်။ အားအင်က ဆုတ်ယုတ်နေ သည်။ သူ့ လက်ကိုပင်မ၍မရ။ ဦးခေါင်းကိုလည်း ထူချင် ပါလျက် ထူ၍မရ။ သူဘာဖြစ်လို့ပါလိမ့်။ သည်လောက်အထိ ဖြစ်ရသလား။

ထို့နောက် ရုတ်တရက် အခန်းထဲ၌ သူတစ်ယောက်တည်း မဟုတ်ဟုထင်လာသည်။ သူ့အား မျက်နှာချင်းဆိုင်၍ ကြည့်

www.burmeseclassic.com



နေသည့် အဘွားအိုတစ်ယောက်။ မျက်နှာသည် ပိန်ချုံးလျက်ရှိ၏။ ပါးနှစ်ဖက်သည် ခွက်ဝင်လျက်ရှိကြသည်။ ပြီးတော့ အရောင်အဆင်းကင်းမဲ့နေသည့်မျက်လုံးများ၊ ဆံပင်တွေကလည်း ဖွေးဖွေးလှုပ်နေသည်။ လက်တွေကလည်း ပိန်လှီလှီ ညှိုးလျ၏။

သူသည် သူ့လက်တစ်ဖက်ကို အမှတ်တမဲ့ မြှောက်ကြည့်မိသည်။ တစ်ဖက်မှအဘွားအိုကလည်း သူ့လိုလိုက်လုပ်သည်။ ထိုအခါကျမှပင် သူ့စိတ်သည် ထိတ်လန့်တကြားဖြစ်ရသည်။ သူမြင်နေရသည်မှာ အခြားလူတစ်ယောက်မဟုတ်။ မှန်ကြီးထဲ၌ ထင်ဟပ်နေသည့် သူ့ရုပ်လွှာ။

လူစီသည် သူ့အကြည့်ကို မျက်နှာကျက်ဆီသို့ လွှဲလိုက်သည်။ သူဘယ်လိုဖြစ်သွားတာပါလိမ့်။ မနေ့တစ်နေ့ကပင် သူ့ရုပ်ရည်သည် နုပျိုလျက်ရှိပါသေး၏။ အခုကျတော့ ဘာ့ကြောင့် ဤမျှလောက် အိုစာကျသွားရပါလိမ့်။ သူ့ရုပ်ရည်သည် ကြည့်ချင်စရာမကောင်းလောက်အောင် အိုမင်းရင့်ရော်သွားပါပကောလား။

အခန်းတံခါးသည် ပွင့်သွားသည်။ ဝင်လာသူများမှာ ဆူပီရီးယားမာရီဂျင်နရယ်၊ လူနာဆောင်တာဝန်ခံ စစ္စတာမာသာနှင့် မာသာအီမင်နူရယ်လ်တို့ဖြစ်သည်။ သူတို့အားလုံး ပြုံးနေကြသည်။



'မင်း နိုးနေပါပကောလား'ဟု မာရီဂျင်နရယ်က သူ့ခုတင်ဆီသို့လျှောက်လာပြီးပြောသည်။ 'လန်းလန်းဆန်းဆန်း ရှိသားပဲ၊ တော်ပါသေးရဲ့'

'မင့်အတွက် အားဖြစ်မယ့် အစားအစာတွေ အားလုံး အဆင်သင့်ရှိတယ်၊ ဝိုင်ရယ်၊ ကြက်ဥရယ်၊ နွားနို့ရယ် အားလုံး ရှိတယ်'ဟု မာရီဂျင်နရယ်က ဆက်ပြောသည်။

'သစ်သီးလတ်လတ်ဆတ်ဆတ်တွေရှိရင် ပိုကောင်းမယ်'ဟု မာသာအီမင်နူရယ်လ်က ဝင်ပြောသည်။

လူစီသည် မျက်တောင်တဖျပ်ဖျပ်ခတ်သည်။ 'သူတို့ ဘာတွေပြောနေကြတာလဲ'ဟု တွေးသည်။ 'ငါ့ကို ဂုဏ်သိက္ခာမဲ့အောင်လုပ်ခဲ့တဲ့မိန်းမက ဘယ်လိုစကားတွေ လာပြောနေတာပါလိမ့်'

မာရီဂျင်နရယ်သည် ထိုင်ရာမှထရပ်ကာ လူနာဆောင်တာဝန်ခံအား လှမ်းကြည့်သည်။ 'တို့များ မင့်လူနာကို ပင်ပန်းအောင် လာလုပ်နေသလိုဖြစ်သွားမှာစိုးရတယ်'ဟု ပြောကာ မာသာအီမင်နူရယ်လ်နှင့် အတူ အခန်းထဲမှ ပြန်ထွက်သွားသည်။

လူနာဆောင် တာဝန်ခံဖြစ်သော စစ္စတာမာသာသည် သစ်သီးများထည့်ထားသည့် ပန်းကန်ပြားကိုယူ၍ လူစီ့ခုတင်

www.burmeseclassic.com

www.burmeseclassic.com



သေးမှစားပွဲပေါ် ချထားသည်။ 'စားချင်ရင် အချိန်မရွေးယူစားပါ'ဟုလည်း လူစီအား ပြောသည်။

လူစီသည် စန္ဒတာမာသာ၏ မျက်နှာကို လှမ်းကြည့်သည်။ 'ကျွန်မ ဒီအခန်းထဲရောက်နေတာ ဘယ်လောက်ကြာပြီလဲ'ဟု မေးသည်။

'တစ်ရက်ပဲရှိပါသေးတယ်၊ မကြာသေးပါဘူး'

'ကျွန်မ ဘာဖြစ်တာလဲ'

စန္ဒတာမာသာသည် လူစီ၏စကားကို မကြားဟန်ပြုနေသည်။ မနီးမဝေးရှိ ဗီရိုဆီသို့သွားရန် ဇွန်းတစ်ချောင်းတွင် ဆေးရည်များ ထည့်ပြီး လူစီ့ထံ ပြန်လျှောက်လာသည်။ 'ကဲ...ဆေးသောက်ဖို့ အချိန်ကျပြီ၊ ဆေးသောက်တော့'ဟု ပြောသည်။

လူစီသည် နောက်ထပ် ဘာမှ မပြောတော့ဘဲ ငြိမ်နေသည်။ သူ့စိတ်အာရုံသည် တစ်နေရာဆီသို့ လွင့်နေဟန်ရှိ၏။ သူ့နားထဲတွင် သီချင်းဆိုသံလိုကြားနေရသည်။ မျက်တောင်များသည် စင်းလာကြသည်။ ထို့နောက် အိပ်မောကျသွားလေ၏။

သူပြန်နိုးလာသည့်အခါ သူ့အနီး၌ထိုင်နေသော စန္ဒတာမာသာကိုမြင်သည်။ လူစီက ကျေးဇူးတင်စကားပြောသည်။



'ရှင်မကြာခင်နေကောင်းတော့မှာပါ'ဟု စန္ဒတာမာသာက ပြန်ပြောသည်။ မနက်နှင့်စာလျှင် အများကြီးပို၍သက်သာလာသည်ဟုထင်သည်။

ခေါင်းထဲတော့ လေးလံထိုင်းမှိုင်းဆဲရှိ၏။ ထိုအခိုက်တွင် မာသာအီမင်နူရယ်လ် ဝင်လာသည်။ အီမင်နူရယ်လ်က စန္ဒတာမာသာအား အခန်းထဲမှထွက်သွားရန် လက်ပြ၍နှင်သည်။

'မင်းနေကောင်းလာပြီပဲ'ဟု မာသာအီမင်နူရယ်လ်ကပြောသည်။ 'မကြာခင်ခရီးသွားလို့ ဖြစ်တော့မှာပါ'

လူစီသည် မာသာအီမင်နူရယ်လ်၏ မျက်နှာကို စူးစိုက်၍ကြည့်နေသည်။ သူ့စကားကို မိမိကောင်းစွာ နားလည်ပါ၏။

ဤလမ်းသည် မိမိအတွက် မရှောင်မတိမ်းသာသည့်လမ်းဖြစ်လာလိမ့်မည်ဟု ကြိုတင်၍ တွက်ထားခဲ့သည် မဟုတ်ပါလော။

'ဒီလိုဆိုရင်လဲ ကျွန်မသွားဖို့အသင့်ပဲ'ဟု လူစီက ပြန်ပြောသည်။

www.burmeseclassic.com

www.burmeseclassic.com



'တို့အားလုံး စိတ်မကောင်းပါဘူး၊ မင့်ကျန်းမာရေးအတွက် ဖြစ်ရတာပါ'

လှစီကပြုံးနေသည်။ မကျေနပ်သောစိတ်သည် သူ့ရင်ထဲတွင် လှိုင်းထလျက်ရှိ၏။

'ကျွန်မ ဗိုကျောင်းကို ဝင်လာတဲ့အချိန်က ကျန်းမာရေးသိပ်ကောင်းခဲ့ပါတယ်၊ ကျွန်မရဲ့ဆေးစာကို ရှင်မှတ်မိတယ်မဟုတ်လား'

'မင့်အသက်ကြောင့်ထင်ပါတယ်၊ အသက်က မင့်အလိုဆန္ဒကို မလိုက်နိုင်ဘူးပေါ့'ဟု မာသာအီမင်နူရယ်လ်က ပြောသည်။

'ကျွန်မရဲ့အလိုဆန္ဒမပြည့်တာဟာ ကျွန်မအသက်ကြောင့်မဟုတ်ပါဘူး၊ ရှင့်ကြောင့်ပါ'ဟု လှစီက အေးအေးသာသာ ပြန်ပြောသည်။

'ကျွန်မ ဒီသီလရှင်ကျောင်းကို လာတာ ဘုရားသခင်ကို အလုပ်အကျွေးပြုဖို့ပါ၊ အလွန် ထက်သန်ပြင်းပြတဲ့စေတနာနဲ့ လာခဲ့တာပါ၊ ဒါပေမယ့် ရှင်ဟာ ကျွန်မရဲ့ ဂုဏ်သိက္ခာကို အမြဲတမ်းချိုးနှိမ်ခဲ့တာပဲ၊ ရှင့်ကြောင့် ကျွန်မမှာ စိတ်ဆင်းရဲ ကိုယ်ဆင်းရဲ အများကြီးဖြစ်ခဲ့ရတယ်၊ ဒါကြောင့်လဲ ကျွန်မ ကျန်းမာရေးဟာ အခုလိုအခြေအနေ ဆိုးသွားရတာပါ'



'မင်း အခုထက်ထိ နားမလည်သေးပါလား'ဟု မာသာအီမင်နူရယ်လ်က ရေရွတ်သည်။

'ငါ့အနေနဲ့ စည်းကမ်း လိုက်နာအောင် လုပ်ရတာပဲ၊ မင်းက နားလည်မှုလွဲပြီး ကိုယ့်ဒုက္ခ ကိုယ်ရှာတာပါ၊ အားလုံးက နားလည်ကြပေမယ့် မင်း နားမလည်ဘူး'

လှစီသည် နှုတ်ခမ်းများကို ကိုက်၍ ငြိမ်ဆိတ်နေသည်။ အစကတည်းက မိမိ မှားလားခြင်းဖြစ်သည်ဟု ထင်မိသည်။

အခုမှတော့ ဤကိစ္စကို ထပ်တလဲလဲ ပြောနေ၍ မဖြစ်တော့ပြီ၊ သူတို့က မိမိအား ပြန်စေလိုလျှင် မိမိ ပြန်ရန်သာရှိ၏။

'ကျွန်မအတွက် စိတ်မပူပါနဲ့'ဟု လှစီက အေးအေးဆေးဆေး ပြောသည်။

'ကျွန်မ သားဆီကို ကျွန်မ စာချက်ချင်းရေးလိုက်ပါ့မယ်'

'မင့်သားဆီကို တို့ စာရေးပြီးပြီ'

လှစီက ဖျတ်ခနဲ မော့်ကြည့်သည်။

'စာရေးရုံနဲ့ မလုံလောက်ဘူး၊ ကျွန်မ မနက်ဖြန် ထွက်သွားမယ်ဆိုတာ ကြေးနန်းရိုက်ပေးပါ'

'အို— ဒီလို ဘယ်ဖြစ်မလဲ၊ အခု ချက်ချင်းပြန်သွားလို့ ဖြစ်နိုင်မယ်မထင်ဘူး၊ လာမယ့် အပတ်ထဲကျမှ ပြန်ပါ'

www.burmeseclassic.com

www.burmeseclassic.com



'ကျွန်မ ဒီမှာ ဆက်မနေချင်တော့ဘူး၊ အမြန်ဆုံးပဲ ပြန်ချင်တယ်'

'မဟုတ်သေးဘူးလေ၊ ရှင်အ အခုမှ နာလန်ထပဲ ရှိသေးတယ်'

'ကျွန်မ ဒီမှာ ဆက်မနေချင်တော့ဘူးလို့ ပြောပြီးပြီပဲ'ဟု လူစီက ခါးခါးသည်း ပြန်ပြောသည်။

'ရှင်တို့ ကြေးနန်း ရိုက်မပေးရင်လဲ ရပါတယ်၊ ကျွန်မ သဘောနဲ့ကျွန်မ မနက်ဖြန်ပြန်မယ်'

အားလုံးက လူစီအား ဝိုင်း၍ဖျောင့်ဖျကြသည်။ နောက်ဆုံး ပြောမရသည့်အခါ အားလုံးကပင် လက်လျှော့လိုက်ကြသည်။

မာရီဂျင်နရယ်သည် စိတ်မကောင်းသော မျက်နှာထားဖြင့် လူစီအား ကြည့်နေသည်။

'မင်း ဒီလောက် ဆန္ဒပြင်းပြနေရင်လဲ တို့ မတားတော့ပါဘူး၊ ဒါပေမယ့် မင့်ရဲ့ ကျန်းမာရေး အခြေအနေအရ အခုချက်ချင်းပြန်ဖို့ မသင့်သေးဘူးတော့ အမှန်ပဲ'ဟုပြောသည်။

လူစီကတော့ ဘာမှပြန်မပြော၊ မျက်လုံးများကို မှိတ်ထားသည်။



သူတို့အားလုံး အခန်းထဲမှ ပြန်ထွက်သွားသည့် အချိန်အထိ မျက်လုံးများကို ပြန်မဖွင့်။ သူသည် ထက်သန်သော စေတနာဖြင့် ဤကျောင်းသို့ ရောက်လာခဲ့၏၊ အခုတော့ ဘုရားသခင်သည် သူ၏စေတနာနှင့်မေတ္တာကို လက်မခံဘဲ ငြင်းဆန်လိုက်လေပြီ။

အပြင်ဘက်တွင် ရာသီဥတုသည် သာယာကြည်လင်လျက်ရှိ၏၊ နေရောင်ခြည်သည် သစ်ပင်များကြားသို့ ဖြာဆင်းလျက်ရှိ၏။

အုပ်လိုက် သင်းလိုက် ပျံသန်းနေကြသော ငှက်များ၏ အသံကိုကြားနေရ၏။

သူ လက်လှမ်းမမီသော နေရာတစ်နေရာ၌ သူ့အတွက် တစ်စုံတစ်ခုများ ရှိလေဦးမလား။ သူသည် ပြတင်းတစ်ဘက်သို့ စောင်းလိုက်သည်။

သူသည် ယုံကြည်မရသော စိတ်ဖြင့် ဝမ်းနည်းပက်လက် ငိုကြွေးလျက် ရှိလေသည်။

* * *

www.burmeseclassic.com

www.burmeseclassic.com

( ၁၂ )

နောက်တစ်နေ့နံနက်သည် လူစီ ပြန်မည်ဟု ဆုံးဖြတ်ထားသောနေ့ ဖြစ်သည်။ လေသည်ထန်လျက်ရှိ၏။ ထင်းပင်များသည် လေတိုက်တိုင်း ယိမ်းနွဲ့လှုပ်ရှားနေကြသည်။

ရာသီဥတုသည် အေးမြလျက်ရှိ၏။ နွေဥတုသည် ဆောင်းဦးပေါက်ရာသီသို့ ကူးပြောင်းလျက် ရှိလေသည်။

လူစီသည် အိပ်ရာမှ စောစောနိုးသော်လည်း ရှင်သာရက်မထသေး။ ရှစ်နာရီ ထိုးခါမှ အိပ်ရာမှထသည်။ သူသည်များစွာ အားနည်းလျက်ပင် ရှိနေသေးသည်ကို သတိထားမိ၏။

www.burmeseclassic.com

www.burmeseclassic.com



သို့သော်လည်း မသန့်ကိုမချ စိတ်ကိုတင်းတာ ဦးခေါင်းကို မော့၍ ဆရတ်လဲသည်။ ထို့နောက် သူ့ကိုယ်သူ မှန်ထဲကြည့်သည်။ ယခင်ကရုပ်နှင့်တော့ ခြားနားလှချေသည်။

'အခု ရှင်အိပ်ရာက နိုးလာတော့ ဘယ်လိုနေလဲ' ဟု စန္ဒာတာမာသာက မေးသည်။

'ဘာမှမဖြစ်ပါဘူး၊ ကောင်းပါတယ်' ဟု လူစီက ပြောသည်။

'ဒီလိုဆိုလဲ ကျွန်မတို့အောက်ကို ဆင်းကြရအောင်'

သူတို့ အောက်ထပ်ဧည့်ခန်းသို့ ဆင်းသွားသည့် အခါ ပုသာအိမ်ရှင်နှုရယ်လ်နှင့် ဂျို စ်ဖင်းတို့ အသင့်စောင့်နေသည်ကို တွေ့ရသည်။

လူစီ ရောက်လာစဉ်က ကြိုဆိုခဲ့သူများသည် အခုအပြန်တွင် သူ့အား နှုတ်ဆက်သူများ ဖြစ်လာသည်။

လူစီ့သေတ္တာသည် ဧည့်ခန်းထဲတွင် အဆင်သင့် ရောက်နေပြီ။ သူ လာစဉ်က ပါလာသော ပစ္စည်းအားလုံးကို သေတ္တာထဲ၌ ထည့်ထားသည်။ စထတ်အစုတ်မှ အစ ချေးခံအင်္ကျီ တစ်ဆုံး ဘာတစ်ခုမှ ပျောက်ဆုံးခြင်းမရှိ။



ထိုစဉ်က သူတွင် ပါလာသည့်ငွေများသည် အနည်းငယ်မျှ မလျော့။ ထိုငွေသည် သူ့အပြန်ခရီးစရိတ်အတွက် လုံလောက်သည့်အပြင် ပိုနေပေသေးသည်။

သူ့အတွက် လက်မှတ်ယူထားပြီးပြီ။ အငှားရထား မှာထားပြီးပြီ။ အားလုံးကို လိုလေသေးမရှိအောင် လုပ်ထားပြီးပြီ။

နောက်ဆုံးတွင် သူသည် ပစ္စည်းများကို စစ်ဆေးပြီး သေတ္တာကိုပိတ်သည်။

'ဆူပီးရီးယားမာဒရီဂျင်နရယ်က သူမအားလို့ မလာနိုင်တဲ့အတွက် စိတ်မကောင်းဖြစ်ရပါတယ်လို့ ပြောတယ်' ဟု မာဒရီ အိမ်ရှင်နှုရယ်လ်က ပြောသည်။

'ရှင် အခုလိုအလျင်စလို ပြန်တာကို သူ သဘောမတူပေမယ့် မတားခဲ့ပါဘူး၊ ခွင့်ပြုခဲ့ပါတယ်'

ကျောင်းတွင်းမှ ခေါင်းလောင်းသံ ကြားရသည်။ သို့သော်လည်း အလှမ်းဝေးနေပြီဖြစ်၍ သဲ့သဲ့လေး ကြားရခြင်းဖြစ်၏

'ရှင့်သားဆီကို ကြေးနန်းလဲရိုက်ပြီးပါပြီ။ အခုမနက်ပဲ ရိုက်လိုက်ပါတယ်'

www.burmeseclassic.com

www.burmeseclassic.com



အပြင်ဘက်တွင် သစ်ရွက်ခြောက်များသည် မြေပေါ်သို့ လွင့်စဉ်ဆက်ဆင်းလျက်ရှိကြ၏။

'ယောဇီအထုပ်က ရှင့်အတွက် နေ့လယ်စာပါ' ဟု စစ္စတာ ဂျိုစ်ဖင်းက သေသပ်လှပစွာ ထုပ်ထားသော အထုပ်ဆလေးတစ်ထုပ်ကို ပမြှောက်ပြပြီး ပြောသည်။

လူစီက ရှုတ်တရက် ခေါင်းထောင်ကြည့်သည်။ 'တကယ် လို့ ခွင့်ပြုနိုင်မယ်ဆိုရင် ကျွန်မ အဘွားကြီး စစ္စတာအက် ဒရင်နီကို နှုတ်ဆက်ချင်တယ်' ဟု ပြောသည်။

စစ္စတာနှစ်ယောက်သည် တစ်ယောက်မျက်နှာ တစ် ယောက် ကြည့်နေကြသည်။

မာသာအီမင်နူရယ်လ်သည် ရေငုံနှုတ်ပိတ် လုပ်နေသည်။ နောက်ဆုံးတွင် ဂျိုစ်ဖင်းက ပြုံးသည်။

'မဖြစ်နိုင်တော့ပါဘူး၊ ဒီနေ့ မနက်မှာ သူ့မွေးနေ့ အ ထိမ်းအမှတ် ပွဲလေးလုပ်ဖို့ စီစဉ်ထားပါတယ်၊ ဒါပေမယ့် ခု မနက်စောစောစီးစီးမှာ သူ သတိလစ်နေတာ တွေ့ရ ပါတယ်၊ ဦးနှောက်ကြောပြတ်လို့ ဆုံးသွားရှာပါပြီ၊ သူ့ကို ကောင်းကင်ဘုံက အပြုံးနဲ့ ဆီးကြိုကြမှာပါ'

လူစီ့မျက်နှာသည် အလွန်စိတ်ထိခိုက် ကြေကွဲခြင်းကို ပြသ်ပြလျက်ရှိ၏။ လူစီ့အဖို့တော့ ဤတစ်ကျောင်းလုံးတွင်



လူ့သားဆန်သော လူဆို၍ ဤစစ္စတာ အက်ဒရင်နီ တစ်ဦး သာ ရှိနေသည်ဟု သတ်မှတ်ထား သဲယောဇဉ် တွယ်ခဲ့မိသည် မဟုတ်ပါလော။ အပြင်မှ ရထားသံ ကြားကြရသည်။

'မြင်းရထားရောက်ပြီ' ဟု မာသာအီမင်နူရယ်လ်က ပြော သည်။

'သေတ္တာကို ရထားသမား သယ်ပေးပါလိမ့်မယ်'

သူတို့သည် အပြင်သို့ ထွက်ခဲ့ကြသည်။ မြင်းရထားမှာ သူရောက်လာစဉ်က စီးခဲ့ရသည့် မြင်းရထားပင်ဖြစ်၍၊ ရထား သမား အဘိုးအိုမှာလည်း ထိုစဉ်က မောင်းခဲ့သူပင် ဖြစ်၏။

မာသာအီမင်နူရယ်လ်က ရထားတံခါးကို ဖွင့်သည်။

'ကျွန်မတို့ ရှင့်ကို ဘူတာအထိ လိုက်ပို့ပေးပါမယ်' ဟု ပြောသည်။

'မလိုတော့ပါဘူး၊ ကျွန်မတစ်ယောက်တည်း သွားရ တာကို ပိုပြီး သဘောကျပါတယ်' ဟု လူစီက ပြန်ပြော သည်။

'ဒါပေမယ့်.... ကျွန်မတို့ကို ညွှန်ကြားထားပါတယ်' ဟု ဂျိုစ်ဖင်းက ဝင်ပြောသည်။

www.burmeseclassic.com

www.burmeseclassic.com



'ကျွန်မကိစ္စမှာ ဘာညွှန်ကြားချက်မှ မလိုတော့ပါဘူး။ ကျွန်မဘာသာ ကျွန်မ လွတ်လပ်စွာ ဆုံးဖြတ်ခွင့် လုပ်ပိုင်ခွင့် ရှိနေပါတယ်'

လှစီက တံခါးကိုဖွင့်၍ မြင်းရထားပေါ် တက်ထိုင်ကာ တံခါးကို ပြန်ပိတ်ထားလိုက်သည်။

မြင်းရထား မှန်ပြတင်းမှနေကြည့်လျှင် အပြင်မှ သီလရှင်နှစ်ဦး၏ မျက်နှာများကို မြင်နေရသည်။

ရထားသမားသည် မြင်းကို ကြာပွတ်နှင့် တစ်ချက်မျှ အသံပေးသည်။ သီလရှင်များ၏ မျက်နှာသည် လှစီ့ မြင်ကွင်းထဲမှ ဝေးကျန်ရစ်ခဲ့လေသည်။

သူချစ်သော ဆောင်နံ့သည် လေထဲတွင် သင်းပျံ့လျက်ရှိ၏။ သူသည် ဝဲယာကိုမကြည့်ဘဲ မြင်းရထား သယ်ရာသို့ လိုက်ပါလာသည်။

နောက်တော့ အပြင်သို့ မျှော်ကြည့်သည်။ လမ်းပေါ်တွင် သွားလာ လှုပ်ရှားနေကြသည့် လူများ။ တဖြည်းဖြည်းနှင့် မြို့ဆင်ခြေဖုံးသို့ ရောက်လာသည်။

ထို့နောက် ဘာရပ်ဆယ်မြို့တွင်းသို့ဝင်သည်။ ထုံးစံအတိုင်း သွားလာနေကြသည့် ခေတ်ရထားများ၊ မြင်းရထားများ



နှင့် လူများ။ ဖွင့်ထားပြီဖြစ်သည့် စတိုးဆိုင်များနှင့် စားသောက်ဆိုင်များ၊ တကယ်သော့ ဤလှုပ်ရှားမှုအားလုံးသည် တန်တစ်ကန်၏ ရေမျက်နှာပြင်ထက်၌ ထင်နေသော အရိပ်များဖြစ်၏။

အောက်ဖက်တွင်မူ ဘာမှ ပီပီပြင်ပြင်မရှိ။

နောက်ဆုံးတွင် မြင်းရထားသည် ဘူတာရှေ့၌ရပ်သည်။ သူ မီးရထားပေါ်သို့ရောက်သည်။ လာလမ်းအတိုင်းပင် သူ ပြန်ရတော့သည်။

သူ ကျော်ဖြတ်လာခဲ့ရသည့် ဘောပိုင်းခဲ့ဒသ၊ လယ်ကွင်းများ၊ လယ်သမားများ၊ တွဲမြောင်းများ။

သူ့ ရှုံးသလား၊ နိုင်သလား။ သူ့အရှုံးဟုပင် တွက်သည်။ အတိတ်ဆိုသည်မှာ မေ့ပစ်ရမည်။ သူ့တွင် အနာဂတ်သည် ရှိနေ၏။ ဂို့အနာဂတ်အတွက်သာလျှင် စဉ်းစားရမည်။

တိုနေး၊ ဘာလောဇိန်း၊ ဘေးဘီးယောဇ် မြို့များကို ကျော်ဖြတ်ခဲ့ပြီး ဘာလေ့စ်သို့ရောက်သည်။ အကောက်ခွန်မှ စစ်ဆေးမှုကို ခံယူပြီး သင်္ဘောပေါ်ရောက်သည်။

သင်္ဘောထွက်လာသည့်အခါ အောက်ထပ်သို့ ဆင်းဘဲ၊ သံလက်ရမ်းကိုမှီ၍ ပတ်ဝန်းကျင်ကို တွေဝေဝေးမောပြီး လိုက်ပါလာသည်။

www.burmeseclassic.com

www.burmeseclassic.com



'မဒမ်' ဟူသော ခေါ်သံကြောင့် နောက်လှည့်ကြည့်သည်။

စားပွဲထိုး၊ အမျိုးသမီးငယ်သည် သူ့အား စိုးရိမ်စိတ်မကင်းသည့် မျက်နှာထားဖြင့် လှမ်းကြည့်နေသည်။

'အောက်ထပ်ကိုဆင်းရင် ပိုကောင်းမယ်' ဟု မိန်းကလေးက ပြောသည်။

'ဒီမှာ နေရတာ ပိုကောင်းတယ်'

'မဒမ်ကိုကြည့်ရတာ နေမကောင်းဖြစ်နေသလိုပဲ၊ ဘာဖန်ဒီနည်းနည်းလောက် ယူမလား'

သူသည် လှစ်ကနဲ ထံမှ အဖြေမရမီ ပြန်ထွက်သွားပြီး ဘရန်ဒီတစ်ခွက် လာပေးသည်။ လှစ်က တစ်ကျိုက်တည်း မော့လိုက်သည်။ တစ်ကိုယ်လုံး နွေးထွေးသွားသည်။ သူတို့က မသွားပါနဲ့ဦးဟု တားခဲ့ကြသည်။

'ရှင် ခရီးသွားလို့ မဖြစ်သေးပါဘူး' ဟုလည်း ဆိုခဲ့ကြ၏။ အခု သူ့တွင် ဘာမှမဖြစ်။ အားလုံး အဆင်ပြေလျက်ရှိ၏။

နောက်ဆုံးတွင် သင်္ဘောသည် ဒိုဗာဆိပ်ကမ်းသို့ဝင်သည်။ အကောက်ခွန်ဌာနမှ စစ်ဆေးခံရသည်။



သူ့တွင် ဘာပစ္စည်းမှမပါ။ သူပိုင်ဆိုင်သောပစ္စည်းဆို၍ 'အထီးကျန်နိုင်မှု' တစ်ခုတည်းသာ ပါလာသည်။

သူ သင်္ဘောပေါ်မှ ဆင်းခဲ့သည်။ ဥဒဟိုသွားလာနေကြသော လူများကြားသို့ ရောက်သွားသည်။

စကားပြောသံများ၊ ရယ်သံများ၊ သူ့ပတ်ဝန်းကျင်တွင် ညံလှုပ်ရှားလျက်ရှိ၏။ သူ့တစ်ကိုယ်လုံး နွေးနေသည်။

သူ့လက်များနှင့် သူ့နဖူးသည် ပူလောင်လျက်ရှိသော်လည်း၊ သူ့ခြေထောက်များကတော့ အေးစက်နေကြသဲ၊ သူ့မျက်နှာသည် ထုံပွကာ နီရဲလျက်ရှိသည်။

သူသည် မီးရထား ပြတင်းပေါက်ကို ပါးတစ်ဘက်နှင့် မှီထားသည်။

မီးရထားသည် အရှိန်မြင်းစွာ ပြေးသွားလျက်ရှိ၏။ လေသည် ငြိမ်လျက်ရှိသော်လည်း မြူနှင်းများ အုပ်ဆိုင်းလာနေသည်။ သူ့တစ်ကိုယ်လုံး အားအင် ဆုတ်ယုတ်နေသည့်နှယ်ခံစားရသည်။

ဘာ့ကြောင့်ပါလိမ့်၊ တစ်နေ့လုံး ခရီးသွားနေရ၍ ထင်ပါ၏၊ ဘေးမှ လူတစ်ယောက်က သူ့အား ကြည့်နေသည် ထင်၏။

www.burmeseclassic.com

www.burmeseclassic.com



ထိုလူက မြတင်းပေါက်တံခါး ပိတ်ပေးရမလားဟု မေး
သည်။

သူ့အား ခေါင်းညိတ်သည်။ ဆောင်းဦးရန့် သည့် သင်းပျံ့
လျက်ရှိ၏။ သူကြိုက်သော အနံ့ပါလား။ ကြွေကျနေ
ကြသည့် သစ်ရွက်ခြောက်များ။

တောအုပ်အတွင်းမှ တလိပ်လိပ်တက်နေသည့် မီးခိုးလုံး
များ။ အစောဆုံးကျဆင်းလာနေသည့် ဆီးနှင်းများ။

အေးစက်နေသည့် ခြေထောက်များ။ နံဘေးတစ်ဘက်
ဖူးဖူးရှရှ ကိုက်ခဲနာကျင်မှု။ အုံ့ခဲနေသည့်ခေါင်း။ ခရီးအချို
ကိုတော့ တဖြည်းဖြည်း နီးကပ်လာနေပြီ။

သူ့သား ပိတ်သည် သူ့အား ဘူတာမှ အဆင်သင့်
စောင့်ကြိုနေလိမ့်မည်။

သူ့တွင် မက်မောတွယ်တာစရာဟူ၍ တစ်ယောက်တည်း
သော ကျန်တော့သည် မဟုတ်ပါလား။

သူပို့ခဲ့သည့် ကြေးနန်းကိုသတိရသည်။ ကြေးနန်း မရိုက်
ခင် ကျောင်းမှရေးခဲ့သည့်စာကိုရကတည်းက သူ့သားသည်
သူ့အကြောင်း သိလောက်ပြီ။



'ညနေခုနစ်နာရီခွဲတွင် ဗွစ်တိုရီးယားဘူတာသို့ ရောက်
မည်၊ အမေ' ဟူသော ကြေးနန်းသည် သူ့သားအတွက်။

လူစီ့နှုတ်ခမ်းများတွင် အပြုံးပန်း ပွင့်လာသည်။ ကြေး
နန်းသာရမှုအတော့ သူ့သား ဝမ်းသာလိမ့်မည်။

သူ့အား ဝမ်းသာဲ့သွားလိမ့်မည်။ သူ့အား လာမကြိုဘဲ
နေလိမ့်မည်မဟုတ်။

'အမေပြန်လာတာ ဘာကြောင့်လဲ၊ အမေ အရှုံးပေးလာ
ပြီလား၊ ဟုတ်မယ်ဆိုတော့မထင်ပါဘူး၊ အမေဟာ ဘယ်တော့
မှ အရှုံးပေးတတ်တဲ့ မိန်းမ တစ်ယောက်မှ မဟုတ်ဘော'
စသည် စသည်ဖြင့် တွေးချင်လည်း တွေးနေလိမ့်မည်။

သူသည် သူ့အတွေးနှင့်သူ ပြုံးမိပြန်သည်။ မှန်ပါ၏၊ သူ
သည် အလျှော့ခေါင်းမပေးသူဖြစ်၏။

ဘယ်တော့မှ လက်မြှောက် အရှုံးပေးသည်ဟု မရှိခဲ့။
မရှောင်သာလျှင် အလှန်မာကျောသည့် အုတ်တံတိုင်းကိုပင်
ခေါင်းနှင့်မြေးဆောင့်မည့် မိန်းမ။

သို့သော်လည်း ပြုံးပြုံး ပြောင်းလဲ၍ မရနိုင်တော့သည့်
အခြေအနေအရ သူ့ချွေးမရိုစီကိုပင် လက်ခံလိုက်တော့မည်။

www.burmeseclassic.com

www.burmeseclassic.com



ထို့ပြင်လည်း သူ့သားချွေးမတို့နှင့် ဆက်စပ်ပတ်သက်နေသမျှ အရာရာတို့ကို သူ လက်မခံ၍ မဖြစ်တော့။

ဥဩမှုတ်သံထွက်ပေါ်လာသည်။ မီးရထားသည် ဗွစ်ထိုရီးယားဘူတာတွင်းသို့ ဖြည်းညင်းစွာ ဝင်သွားသည်။

နောက်ဆုံးကျတော့ ကိုယ့်အိမ် ကိုယ့်ယာကို ပြန်ရောက်ခဲ့ရပြီ။

သူသည် ပလက်ဖောင်းပေါ်မှရပ်စောင့် မျက်စိရှာသည်။ သူ့နှလုံးသားထဲမှ တစစ်စစ်နာကျင်သလိုလို ဖြစ်နေသည်။ နံဘေးတစ်ဘက်မှ အောင့်ခြင်းသည် ထိုနာကျင်မှုကြောင့်လား။ ပီတာယယ်က 'ပြေးလျှင်နာဘတ်သည်'ဟု ပြောဖူး၏။ အခုလည်း သူ ခရီးပန်းလွန်းလို့ နာတာထင်ပါရဲ့။ သူသည် ပလက်ဖောင်းတစ်လျှောက် ခပ်ဖြည်းဖြည်း လျှောက်လာသည်။

ဘူတာထဲတွင် လူပါးသွားပြီ။ အရာရာကို ကောင်းစွာမြင်နိုင်ပြီ။ သူသည် ထပ်တလဲလဲကြည့်သည်။

သူ့သားကိုမမြင်ရ၊ မတွေ့ရ။ တစ်ခုခုကြောင့် နောက်ကျတာထင်ပါရဲ့၊ သူ့သား မလာဘဲတော့ နေမည်မထင်။ ဤအတွက် စိုးရိမ်ကြောင့်ကြခြင်းမဖြစ်၊ သူ့သား ရောက်လာသည်အထိ စိတ်ရှည်လက်ရှည်စောင့်လိုရသည်။



သူသည် စကြံပလက်ဖောင်းပေါ်တွင် အညောင်းအညာပြေသဘောဖြင့် ခေါက်တုံ့ခေါက်ပြန် လမ်းလျှောက်နေသည်။

ရပ်လိုက် နားလိုက် ပြန်လျှောက်လိုက်။

သူ့သား ရောက်အလာကို စောင့်နေယင်း...

* * *

www.burmeseclassic.com

www.burmeseclassic.com

## ( ၁၃ )

BURMESE CLASSIC .com

လူစီ ပလက်ဖောင်းပေါ်၌ လမ်းလျှောက်နေခဲ့သည်မှာ တစ်နာရီတိတိရှိသွားပြီ၊ သူ့သား၏ အရိပ်အယောင်ကို မမြင်ရသေး။ သူ့ဘာသာသူ တစ်ယောက်တည်း သူ့သားဆီ သွားမှုထင်မှ ါရဲ၊

သို့သော်လည်း မသွားဖြစ်အောင် တစ်စုံတစ်ခုသော အရာက တားမြစ်ပိတ်ပင်ထားသလို ဖြစ်နေသည်၊

သူ့လက်ထဲတွင် ဆက်လိပ်ငွေက တစ်ပြားတစ်ချပ်မှမရှိ၊ ဘယ်လိုသွားရပါမည်နည်း။ ခရီးအဝေးသွားသား နီးသလား

www.burmeseclassic.com

www.burmeseclassic.com



သူမသိ။ နောက်ဆုံးတွင် သူ့သားသူ့ထံမလာဘဲ နေလိမ့်မည် မဟုတ်ဟူသော ယုံကြည်မှုကို အခိုင်အမာ ရင်၌ပိုက်ကာ ဆက်၍စောင့်သည်။

သို့သော်လည်း သူ့သားပီတာသည် လာနိုင်မည်မဟုတ်။ သူ ခရီးဝေးတစ်နေရာသို့ ရောက်နေသည်။

ဆူပီရီးယားမာရီလျှင်နရယ်ထံမှ စာသည် သူနှင့်ရှိစီတို့ အပန်းဖြေခရီးထွက်ရာ ဘရစ်တာနီသို့ လိုက်သွားသော်လည်း သူ့အမေ ချက်ချင်းပြန်လာလိမ့်မည်ဟု တွေးစရာအကြောင်း တာ မရှိ။

မကြာမီ ဘရစ်တာနီက သူတို့ ပြန်ကြမည်ဖြစ်၍ အေးအေးဆေးဆေးပင် ရှိကြသည်။

လူစီ ကိုယ်တိုင်ရေးပေးပြီး ရိုက်နှိပ်လိုက်သည့် ကြေးနန်းကတော့ တိကျသည်။ ခိုင်မာသည်။ လုံလောက်သည်။

သူ့သား ဘူတာသို့မလာဘဲ နေလိမ့်မည်မဟုတ်ဟု စိတ်ချ ယုံကြည်ရသည်။

သို့သော်လည်း ထိုကြေးနန်းသည် ပီတာ့ လုပ်ဖော်ကိုင်ဖက်တစ်ဦးထံ ရောက်သွားသည်။



သူက ဖွင့်ဖတ်သည်။ အရေးကြီးသည် ဟု ထင်မြင်စရာ မတွေ့။ အလုပ်ကလည်း များနေသဖြင့် 'သူ့အမေပဲ၊ သူ့ဖာသာသူ သူ့သားအိမ်ကို လာမှာပေါ့'ဟု တွက်သည်။ အိမ်စေကလည်း အိမ်မှနေ၍ ညွှန်သည်တစ်ယောက် ရောက်လာကို စောင့်မျှော်လျက် ရှိလေသည်။

ယင်းအခြေအနေသည် လူစီ ဖန်တီးခဲ့သော အခြေအနေ ဖြစ်သည်။ အပြစ်ဆိုစရာရှိလျှင် သူ့ကိုသာဆိုရပေတော့မည်။ အမှန်တော့ သူသည် ဆောင်းစွာ ကျန်းမာလာသည့်အထိ ဆင်တီယင်သို့လရှင်ကျောင်း ခဏတစ်ဖြုတ် နေသင့်သည်။

သားထံ ရေးထားသည့်စာအတွက် ပြန်စာ ရောက်လာသည့်အထိတော့ စောင့်သင့်၏။ သို့သော်လည်း လူစီသည် ထိုအမျိုးအစား မဟုတ်။ ထို့ကြောင့်လည်း ဇွတ်ပြန်လာခဲ့သည်။

အခုတော့ သူသည် တွန်းအားမရှိ။ ရင်ဘတ်က နာနေသည်။

တစ်ဘက်က အောင့်နေသည်။ ဘာဖြစ်မှန်း မသိ။ သူ တစ်ခုခုတော့လုပ်မှ ဖြစ်မည်။ ဘာလုပ်ရပါမည်နည်း။ ဘူတာ ပလက်ဖောင်းပေါ်တွင် အခုလို လှမ်းလျှော့ပြီးနေ၍တော့ မဖြစ်။ အဓိပ္ပာယ်မရှိ လမ်းသလားနေသလို ဖြစ်ရပေတော့မည်။

www.burmeseclassic.com

www.burmeseclassic.com



တိုင်တစ်လုံးဘေး၌ ရပ်နေသော ရဲသား တစ်ဦးက သူ့အား ကြည့်နေသည်ကို သူ သတိထားမိသည်။

ထိုရဲ ထိုနေရာ၌ရောက်နေသည်မှာ ကြာပြီ။ သူ့အပေါ်တွင် သံသယဝင်နေလေသလား။ ရုတ်တရက် သူ့ခေါင်းထဲတွင် မူးနောက်နောက် ဖြစ်လာသည်။

တစ်ကိုယ်လုံး နုံးခွေလာသည်။ ဘယ်လို ဖြစ်တာလဲ။ ဒီအတိုင်းနေလို့တော့ ဖြစ်မည်မထင်၊ သူ့တွင် အကူအညီ တစ်ခုခု ဟော့ရမှ ဖြစ်ပေတော့မည်။

သူသည် ရဲသားထံလျှောက်သွားသည်။ ပါးစပ်ကို ဟ၍ စကားပြောဖို့ အားထုတ်သည်။

သူ ပြောလိုက်နိုင်သလား၊ အသေအချာမသိ။ အားထုတ်ရင်းကပင် တစ်ကိုယ်လုံးတုန်ယင်လာ လဲသွားသည်။ သူ့အား ငုံ့ကြည့်နေသည့် ရဲသား၏မျက်နှာ၊ ထို့နောက် သတိမေ့သွားသည်။

လူစုဝိုင်းအုံလာသည်၊ မိန်းမတစ်ယောက် သတိလစ်သွားသည်။ ဘာဖြစ်လို့ပါလိမ့်။

မကြာခင် သာဘိရလာချင်ရလာမှာပါ။ သို့သော်လည်း သူတို့ထင်သလို ဖြစ်မလာ၊ လုံးဝသတိမရ။



ထို့နောက် လူနာတင်ယာဉ် တစ်စီး ရောက်လာသည်။ ချက်ချင်းပင် ယာဉ်ပေါ်တင်သည်။

လူစီသည် ယာဉ်ပေါ်တွင် ပက်လက်၊ မျက်လုံးများ ပွင့်နေသော်လည်း ဝိုးတဝါးသာလျှင် မြင်နေပုံရသည်။ သူ့မျက်စိထဲတွင် ရဲတစ်ယောက်၊ ကုတ်အင်္ကျီအဖြူ ဖားဖားကြီး ဝတ်ထားသည့် လူတစ်ယောက်။

သူ နားထဲတွင် အသံတစ်သံကြားနေရသည်၊ ဘာသံမှန်း မသိ၊ ပြီးတော့ စကားပြောသံများ။

'အသက်ရှူ မမှန်ဘူး'ဟု ရဲသားကပြောသည်၊ အင်္ကျီအဖြူနှင့်လူက ခေါင်းညိတ်သည်။

ထို့နောက် လူနာတင်ယာဉ်သည် ထွက်ခွာသွားသည်။ ဆေးရုံဝင်းထဲရောက်ချိန်အထိ လူနာသည် လှုပ်ရှားနိုင်ခြင်း မရှိသေး၊ မျက်လုံးအစုံကတော့ ပွင့်နေသည်။ သူသည် လက်တစ်ဘက်ကို မြှောက်ရန် ကြိုးစားသည်။ သို့သော်လည်း အားအင်မရှိ၍ မမြှောက်နိုင်။

ရင်ဘတ်ထဲက နာကျင်မှုသည် တိုး၍သာ ပြင်းထန်လာသည်။ တစ်ချက်တစ်ချက် အသက်ပင် မရှူနိုင်။ သူ့မျက်စိထဲတွင် မြင်လာသည့် မျက်နှာတွေ၊ အမျိုးကြီး၊ သူ့သွား

BURMESE CLASSIC .com
www.burmeseclassic.com

www.burmeseclassic.com



များကိုနုတ်ပေးခဲ့သည့် ဆရာဝန်၏မျက်နှာပေါ် ပေါ်ဝင်သည်။ လက်မောင်းတွင်ထိုးလိုက်သည့်အပ်။ သူပြုံးဖို့အားထုတ်သည်။ စကားပြောဖို့ ကြိုးစားသည်။ သူ ဘယ်သူဘယ်ဝါ၊ ပြီးတော့ သူ့သား ဆရာဝန်အကြောင်း...။

ရင်ဘတ်ထဲက နာကျင်မှု၊ လျော့မသွား။ တိုးသာလာနေသည်။

တစ်ချက် တစ်ချက်တွင် ခေါင်းနှင့် အထိုးခံလိုက်ရသည့်နှယ် စူးစူးရှရှနိုင်လှန်းသည်။

နောက်ဆုံးတွင် မည်းမှောင်သော တိမ်လိပ်ကြီးများသည် သူ့အပေါ် ဖုံးအုပ်သွားသည့်နှယ် ခံစားရသည်။

'အခြေအနေမကောင်းဘူး'ဟု ဆရာဝန်က ပြောသည်။

'ဆွေမျိုးတွေဆီ အမြန်ဆုံးအကြောင်းကြားရင် ကောင်းလိမ့်မယ်'

'သူ့ကိုယ်ပေါ်မှာ ဘာမှလဲမတွေ့ဘူး'ဟု သူနာပြုဆရာမက ပြောသည်။

'ဘာလိပ်စာ ဘာစာမှလဲ မပါဘူး၊ အင်္ကျီအိတ်ကပ်ထဲမှာ ဘယ်လ်ဂျီယံငွေ နည်းနည်းပါးပါး တွေ့တယ်၊ ပြီးတော့ ဝတ်



ထားတာကလဲ နွမ်းနွမ်းဖတ်ဖတ်ဆိုတော့ သူ့ဟာက ဘယ်လို အဆင့်ဆိုတာ....'

ဆရာဝန်က ခုတင်ပေါ်မှ လူနာအား လှမ်းကြည့်သည်။

'ဒီလိုဆိုလဲ ရဲကိုအကြောင်းကြားမှ ဖြစ်မယ်'ဟု ရေရွတ်သည်။

'အဲဒါပဲ ကောင်းပါတယ်'

'လိုက်ခဲ့ ကာထားလိုက်ပါတော့'

ဆရာဝန်က ပြောပြောဆိုဆို ထွက်ခွာသွားရန် ဟန်ပြင်သည်။ ထို့နောက် တစ်ချက်မျှ လှည့်ကြည့်ပြီး...

'အဲဆုတ်အအေးမိပြီး ရောင်နေရတဲ့အထဲ အခုလို ဖြစ်လာတော့ မလွယ်ဘူးပေါ့'ဟု မှတ်ချက်ချသည်။

*

ခုတင်နံပါတ် ၇ အား လိုက်ကာများနှင့် ကာထားလိုက်သည်။ လူ့စီ မျက်လုံးများသည် ရွှေ့လျားနေသော အမြူ ရောင်များကိုမြင်နေရ၏။ အမြင်အာရုံမှုန်မှိုင်းနေသဖြင့် ဘာ တွေ့ရယ်လို့တော့ ခွဲခြားပြီးမသိ၊ အက်ဗ်မီလန်မြို့က အိမ်မှာ နေထိုင်ခဲ့စဉ်က သူခန်းဆီးလုပ်ခဲ့သည့် အမြူရောင်တွေပေါ့ လား။ ပြီးတော့ ပျော်ပွဲစားခရီးထွက်စဉ်က မြေနီနှင့် ပင်လယ်ကမ်းခြေ တစ်နေရာ၊ ထိုနေရာ၌ထိုင်၍ သားငယ်

www.burmeseclassic.com



လေးအား နို့တိုက်နေသည့်ရုပ်လုံး၊ သူ့အား ရင်ခွင်ထက်မှ မော့ကြည့်နေသည့် ကလေးငယ်ဗိုတာ၏ ချစ်စရာမျက်နှာ၊ သူ့အားကြည့်၍ရယ်မောနေသည်၊ ပါးစပ်ထောင့်တစ်ဖက်မှ စီးကျနေသည့် နို့ရည်များ။

ထိုခဏမှာပင် သတိပြန်ဝင်လာသလိုလိုရှိသည်၊ သူ့အား တစ်ဦးတစ်ယောက်က ရေတိုက်နေသည်၊ သူမည်မျှလောက် ရေငတ်ခန်းပါသနည်း။ နှုတ်ခမ်းတွေ ခြောက်သွေ့နေသည်၊ လည်ချောင်းတွေ ပူနေသည်၊ လျှာကလည်း ခြောက်သွေ့ ရောင်ရမ်းနေသည်၊ သူ့နှုတ်ခမ်းတွေကို သုတ်လိုက်ချင်ပါ၏၊ လက်ဖဘူက လှုပ်၍မရ။

ထို့နောက် သတိမြန်၍ လစ်သွားပြန်သည်၊ လိုက်ဖော မြူမြူများနောက်ကွယ်မှ သူ့အား မျှောင်းကြည့်နေသည့် မျက်နှာတွေ၊ ဖရန့်၏မျက်နှာ၊ အင်နာ၏မျက်နှာ၊ နက်ဖော ၏မျက်နှာ၊ ဒေ့ဗ်ဘိုးဝီး၏မျက်နှာ၊ သူငယ်စဉ်က ပေါင်း သင်းလာခဲ့သည့် သူငယ်ချင်းများ၏ မျက်နှာတွေ၊ နီးလာ လိုက် ဝေးသွားလိုက်၊ ပေါ်လာလိုက် ပျောက်သွားလိုက်။

သတိပြန်လည်လာပြန်သည်၊ ငါဘယ်ရောက်နေတာပါ လိမ့်။ အားတန်ည်းလှချည်ကလား၊ ငါဘာဖြစ်နေတာလဲ၊ မျှော်နေတာလား၊ အို…မဖြစ်နိုင်ပါဘူး၊ ငါမှာ လုပ်စရာ အလုပ်တွေ မပြီးပြတ်သေးဘူး၊ အများကြီးကျန်သေးတာပဲ၊ အခုမှ ငါ့အသက်ဟာ လေးဆယ့်ငါးနှစ်ပဲရှိသေးတာ။



သူ့စိတ်သည် ကယောင်ချောက်ချားဖြစ်လာသည်၊ မျက် နှာတွေပျောက်ကုန်ပြီ၊ သူ့ဆီလာနေသည်မှာ အလင်းရောင် တစ်ခု၊ အလင်းရောင်သည် လင်းလွန်းလှချေသည်၊ ယေရှု သခင်၏ ရောင်ခြည်တော်ထင်ပါရဲ့၊ အို…မဟုတ်ပါဘူး၊ နေရောင်ပါကလား၊ ဩော်…ငါ့ဘဝအစကို ပြန်ရောက်နေ ပါပေါ့လား။

ထို့နောက် စိတ်အာရုံတွင် မြင်နေသမျှ ထင်နေသမျှ အရာအားလုံးသည် ဖျတ်ခနဲ ပျောက်ကွယ်သွားသည်။

သူ့အား ဆေးရုံမှလက်ခံပြီး နောက်တစ်ရက် ညနေခင်း တွင် လူ့စီ ကွယ်လွန်သည်၊ ခုခံတွန်းလှန်ခြင်း မပြု၊ ထိုမြန် ခြင်းမရှိ၊ မရှောင်မတိမ်းသာလွန်း၍ ရပ်ဆိုင်းသွားရသည့် သေခြင်းတရား။

တာဝန်ရှိသူများသည် လူ့စီ့အလောင်းကို ရှင်ဒဲ့ရုံသို့ သယ် သွားပြီး ကျောက်ခုံပေါ် တင်ထားလိုက်ကြသည်။

ညသည် တိတ်ဆိတ်ငြိမ်သက်နေသည်၊ လူ့စီ အလောင်းမှ မြတ်နိုးသော ခေါင်းဦးပေါက်ည၊ အမြဲတစေ လွင့်ပျံနေ သော မြစ်ပြင်ထက်ဆီမှ မှုန်မှိုင်းမှိုင်းမြူများသည် ရုံ အတွင်းသို့ ဝင်ရောက်လာပြီး ကျောက်စင်ပေါ်မှ ဖော်ထင်ပြ နေသည့်အလောင်းအား ရစ်ခွေလှည့်ပတ်နေသည်။

BURMESE CLASSIC .com
www.burmeseclassic.com

www.burmeseclassic.com



လူစီ့မျက်လုံးအစုံသည် ပိတ်နေကြသည်။ ဟနေသော နှုတ်ခမ်းများသည် ပြုံးဖွေးနေကြသည်။ ရင်ဘတ်ပေါ်၌ ယှက်ထင်ထားသော လက်နှစ်ဖက်သည် စွမ်းအားမရှိတော့သည့်အနေအထားကို ဖော်ပြနေကြသည်။ ရေမြှင်နှင့် မြေမြှင်မှ ထူထပ်သိပ်သည်းစွာ တက်လာသည့် အခိုးအငွေ့များသည် လူစီ့တစ်ကိုယ်လုံးအား ရစ်ပတ် လွှမ်းခြုံသွားသည်။

မောင်ထွန်းသူ

ဇာတ်သိမ်းပိုင်း ပြီး၏။

၁၉၉၅-ခု၊ ဧပြီလ(၃၀)ရက်။

BURMESE CLASSIC .com
www.burmeseclassic.com